The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်၊ စနေနေ့။ Saturday, 23 April 2022 ၁၀၇၁၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်း

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ မိတ်ပြည်သူများခင်ဗျား**

နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အစဉ်အဆက်တောင်းဆိုလာခဲ့တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးကို ခိုင်ခိုင်မာမာအာမခံထားပြီး ဖြစ်ပါတယ်။ လာမယ့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပါတယ်။ ၇၅ နှစ်ကာလကြာပြီဖြစ်တဲ့ လွတ်လပ်ရေးရဲ့အနှစ်သာရများကို တိုင်းရင်းသားပြည်သူများ အပြည့်အဝ မခံစားရသေးတာကိုလည်း လက်ရှိ ပကတိဖြစ်ရပ်များက ပြဆိုနေပါတယ်။ အဓိကအကြောင်းအရာကတော့ သဘောထားကွဲလွဲမှုများအပေါ်မှာအခြေခံပြီး ဖြစ်ပေါ်လာခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကြောင့်ပဲ ဖြစ်ပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဧပြီ ၂၂**

(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ မန်းငြိမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ၃၅ တန်ရှိ အကြီးဆုံးကျောက်စိမ်းတုံးကြီးကို ကြည့်ရှုစစ်ဆေးစဉ်။

ကြေးမုံ

# ကျန်းမာရေးနှင့်ညီညွတ်သည့် အလေ့အထကောင်းများဖန်တီး

လူတိုင်းလူတိုင်းအနေဖြင့် ကျန်းမာခြင်းသည် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်သည်။ မည်သူမဆို မည်သည့်အခြေအနေတွင်ဖြစ်စေ ကျန်းမာစွာနေထိုင်နိုင်ပါက ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အရာရာကို ဖြောင့်ဖြောင့်တန်းတန်း ဆောင်ရွက်နိုင်ပေသည်။ မကျန်းမာပါက ငွေကုန်ကြေးကျများသည့်အပြင် မည်သည့်အရာကိုမျှ လုပ်ကိုင်နိုင်သည့်စွမ်းအား မရှိတော့ပေ။

ထို့ကြောင့် ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟု ဆိုပါသည်။ မျက်မှောက်ကာလတွင် လူတို့၏နေထိုင်စားသောက်မှုပုံစံ ပြောင်းလဲလာသောကြောင့်လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့်လည်းကောင်း ကမ္ဘာတစ်ဝန်းလုံးရှိ ပြည်သူများ၏ ကျန်းမာရေးတွင် ရှေးကာလများနှင့်မတူ ခံနိုင်ရည်ရှိမှုနည်းလာသည်ဟုဆိုနိုင်သည်။ လက်ရှိအနေအထားတွင် ကမ္ဘာတစ်ဝန်းလုံး ရင်ဆိုင်ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြောင့် ပြည်သူများ၏ကျန်းမာရေးနှင့်ပတ်သက်၍ အထူးသတိပြုနေထိုင်ကြရသည့်အပြင် နောက်ဆက်တွဲ စီးပွားရေးထိခိုက်မှုများနှင့်ပါ အားလုံးကြုံတွေ့နေရသည်။

ထို့ကြောင့် ကမ္ဘာ့လူသားများအနေဖြင့် အနာဂတ်ကာလတွင် ကျန်းမာရေးအရ ဘေးကင်းလုံခြုံစိတ်ချစွာ နေထိုင်နိုင်ရန်အတွက် ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာကြီးတွင် အသက်ရှင်နေထိုင်ရေး ပတ်ဝန်းကျင်ကောင်းများရရှိစေရန် ကြိုးပမ်းဆောင်ရွက်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းနှိုးဆော်ထားသည်။ မျက်မှောက်ကာလတွင် ကမ္ဘာ့ပြည်သူများအနေဖြင့် နာတာရှည်ရောဂါများကို အများဆုံးကြုံတွေ့ခံစားနေကြရသည်။ နာတာရှည်ရောဂါများ ဖြစ်ပွားစေသည့်အကြောင်းရင်းများတွင် အခြေခံအကျဆုံးအချက်သည် လေထု၊ မြေထု၊ ရေထုညစ်ညမ်းမှု စသည့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများ၊ ခေတ်ပေါ်လူမှုစီးပွားပုံစံသစ်များအရ ကျန်းမာရေးနှင့်ညီညွတ်ခြင်းမရှိသည့် နေထိုင်စားသောက်မှုပုံစံသစ်များဖြစ်သည်။

ရုပ်ကြွင်းလောင်စာအသုံးပြုသည့် ယာဉ်အမျိုးမျိုး၊ ထင်းမီးဖို၊ မီးသွေးမီးဖို စသည်တို့မှ ပေါ်ထွက်လာသော ဓာတ်ငွေ့အမျိုးမျိုးတို့ကြောင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေပြီး ကမ္ဘာပေါ်တွင် နေထိုင်ကြသည့် လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအထက် တစ်နည်းအားဖြင့် လူ ၁၀ ဦးလျှင် ကိုးဦးသည် ကျန်းမာရေးနှင့်ညီညွတ်ခြင်းမရှိသည့်လေကို ရှူရှိုက်နေကြရသည်။ မသန့်ရှင်းသောလေကို ရှူရှိုက်ရမှုကြောင့် နှစ်စဉ် လူဦးရေ ခုနစ်သန်းသည် လေထုညစ်ညမ်းမှုနှင့်ဆက်စပ်သည့် ရောဂါဖြစ်ပွားမှုများ (ဥပမာ- အဆုတ်ကင်ဆာရောဂါ၊ နှလုံးရောဂါနှင့် လေဖြတ်ရောဂါ စသည့်ရောဂါများ) ကြောင့် သေဆုံးနေရခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

ထို့ကြောင့် ကမ္ဘာပေါ်တွင် တစ်မိနစ်ပြည့်တိုင်း လူဦးရေ ၁၃ ဦးသည် လေထုညစ်ညမ်းမှုကြောင့် သေဆုံးနေသည်ဟု သိရသည်။ အဆိုပါသေဆုံးမှုများတွင် အိမ်တွင်းလေထုညစ်ညမ်းမှုကြောင့် နှစ်စဉ်လူဦးရေ လေးသန်းခန့်အထိ သေဆုံးမှုများသည် အထူးသတိပြုရမည့်အချက်ဖြစ်သည်။ အိမ်တွင်း၊ အခန်းတွင်း လေထုညစ်ညမ်းမှုများတွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုသည် အဓိကကျသည့် အချက်ဖြစ်သည်ဟု ဆိုထားသည်။ ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကြောင့် နှစ်စဉ် လူဦးရေ ရှစ်သန်းခန့်သည် နောက်ဆက်တွဲ ကင်ဆာရောဂါ၊ နှလုံးရောဂါနှင့် အဆုတ်ရောဂါများဖြင့် သေဆုံးနေကြသည်ဟု သိရသည်။ ထို့အပြင် ကျန်းမာရေးနှင့် မညီညွတ်သော အိမ်သာသုံးစွဲမှု၊ မသန့်ရှင်းသော သောက်သုံးရေသုံးစွဲမှုတို့ကို ကမ္ဘာတစ်ဝန်းလုံးရှိ လူဦးရေ ငါးဘီလီယံကျော် ကြုံတွေ့နေသည်ဟု သိရသည်။

အဆိုပါ ပတ်ဝန်းကျင်မသန့်ရှင်းမှုများကြောင့် နှစ်စဉ်လူဦးရေ ရှစ်သန်းကျော်ခန့် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးကြရသည်ဟု သိရသည်။ ရုပ်ကြွင်းလောင်စာသုံးစွဲမှုကြောင့် ထွက်ပေါ်လာသည့် ဖန်လုံအိမ်ဓာတ်ငွေ့များမှ တစ်ဆင့် ကမ္ဘာကြီးပူနွေးမှုဖြစ်စဉ် ဖြစ်ပေါ်နေသောကြောင့် ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်မှုလျော့ပါးပြီး သွေးလွန်တုပ်ကွေးရောဂါကဲ့သို့ ခြင်မှတစ်ဆင့် ဖြစ်ပွားသောရောဂါများ အဖြစ်များလာသည်ကို ကြုံတွေ့နေရသည်။ အထူးသဖြင့် မဖွံ့ဖြိုးသေးသောနိုင်ငံများတွင် ကောင်းမွန်သောဝန်းကျင်ကောင်းများကို မဖန်တီးပေးနိုင်၍ ရောဂါဖြစ်ပွားမှု ပိုမိုများနေသည်။

သို့ဖြစ်ရာ ကောင်းမွန်သော ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်ရန်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး မိမိတို့မျိုးဆက်တွင်သာမက အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်ရရှိစေရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အထကောင်းများ ဖန်တီးပေးနိုင်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်ညွှန့် ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးထိန်လင်း ကို အငြိမ်းစားယူခြင်းမပြုမီ တိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အာဆီယံလူငယ်ဗီဒီယိုပြိုင်ပွဲ (၂၀၂၂) ကျင်းပမည်

နေပြည်တော် ဧပြီ ၂၂

အာဆီယံဖောင်ဒေးရှင်း (The ASEAN Foundation) အတွင်းရေးမှူးချုပ်ရုံး အမေရိကန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် ကမ္ဘောဒီးယားနိုင်ငံ လူငယ်နှင့် အားကစားဝန်ကြီးဌာနတို့မှ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် (၆) ကြိမ်မြောက် အာဆီယံလူငယ်ဗီဒီယိုပြိုင်ပွဲ (၂၀၂၂) အား "ကပ်ရောဂါကာလအတွင်း လူငယ်များအားလုံး တက်ကြွစွာဖြင့် စိန်ခေါ်မှုများကို အတူရင်ဆိုင်ဖြေရှင်းကြစို့" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

(၆)ကြိမ်မြောက် အာဆီယံလူငယ်ဗီဒီယိုပြိုင်ပွဲ(၂၀၂၂) သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အသက်(၁၈)နှစ်မှ (၃၀)နှစ်အတွင်းရှိ အပျော်တမ်းလူငယ် ဗီဒီယိုရိုက်ကူးသူများ (လက်ရှိအချိန်တွင် ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နေခြင်းမရှိသူများ) ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် လူငယ်ကိုယ်စားလှယ်များအနေဖြင့် bit.ly/AYVC2022 မှတစ်ဆင့် အမည်စာရင်းပေးသွင်း၍ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက secretariat@aseanfoundation.org သို့ ဆက်သွယ်မေးမြန်းနိုင်သည့်အပြင် https://asean.org/aseanyouth 2022-asean-declares-2022-as-the-year-of-asean-youth/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။ ပြိုင်ပွဲဝင်ဗီဒီယိုများကို မေ ၈ ရက်နောက်ဆုံးထားကာ http://www. aseanyouthvideocontest.com သို့ ပေးပို့ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းလိုပါက လူငယ်ရေးရာဦးစီးဌာန တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၃၉၄၇၊ ၀၉-၇၇၇၃၃၃၅၄၅၊ ၀၉-၄၂၅၃၂၅၁၃၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂ - ၄ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၇၀၀ | ၇,၆၀၀ | ၁၄၀ | ၁,၀၇၂,၈၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၅၈၉ | ၁,၅၆၀,၈၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁၈,၅၀၀ | ၁၈,၅၀၀ | ၀ | ၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၅ | ၁၃,၂၅၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၂၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၉၈.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၄.၈၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၅၀၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၇.၇၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၄.၁၈၈ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၅၁.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၅၃.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၃၉.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၈၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**✻ ရှေ့ဖုံးမှ**

ဒါကို ကျွန်တော်တို့ဖြေရှင်းနိုင်မှသာ ဒီမိုကရေစီရဲ့ အနှစ်သာရ လွတ်လပ်ရေးအနှစ်သာရကို အပြည့်အဝခံစားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီ ၂၀၂၂ ခုနှစ်ဟာ ငြိမ်းချမ်းရေးနှစ် ဖြစ်ကြောင်းနဲ့ တစ်နိုင်ငံလုံးမှာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမယ်လို့ ကျွန်တော် ပြောခဲ့ပါတယ်။

ဒါကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။ အဖွဲ့များအားလုံးကို ကျွန်တော် ကိုယ်တိုင်တွေ့ပါမယ်။ ပြီးလို့ရှိရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကိုယ်စားလှယ်အဖွဲ့များနဲ့ ဆွေးနွေးမှုများ ပြုလုပ်သွားပါမယ်။

လိုအပ်ရင်လည်း ထပ်မံဆွေးနွေးမှုတွေကိုလည်း ပြုလုပ်သွားပါမယ်။ ဒီဆွေးနွေးပွဲကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အသီးသီးရဲ့ ခေါင်းဆောင်များကိုယ်တိုင်နဲ့ အဖွဲ့ဝင် ၂ ဦးစီ တက်ရောက်ပေးကြပါ။ တက်ရောက်မယ့်သူပုဂ္ဂိုလ်များရဲ့အမည်ကို ၂၀၂၂ ခုနှစ် မေလ ၉ ရက်နေ့ နောက်ဆုံးထားပြီး ပြန်ကြားပေးကြစေလိုပါတယ်။

နှစ်ဖက်ညှိနှိုင်းပြီးတော့မှ ရက်သတ်မှတ်ဆွေးနွေးသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့အရသာကို ခံစားနိုင်ရေး ကျွန်တော်တို့အားလုံးလက်တွဲပြီး ရိုးသားပွင့်လင်းစွာ ဆွေးနွေးသွားကြပါမယ်။


ပြည်ထောင်စုသားအားလုံးရဲ့ အကျိုးကို ရှေးရှုပြီး ပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ရတနာပစ္စည်းများထုတ်လုပ်မှုအဆင့်ဆင့်နှင့် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြစဉ်။

**☆ နိုင်ငံတော်စီမံအုပ်ချုပ်ရေးမှ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ရတနာပစ္စည်းများ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပုလဲနှင့် ကျောက်မျက်ရတနာများ ရောင်းချရာတွင် နိုင်ငံခြားငွေများဖြစ်သည့် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်တို့အပြင် **နောင်ပြပွဲများတွင်** ဟောင်ကောင်ဒေါ်လာနှင့် ထိုင်းဘတ်ငွေတို့ဖြင့်ပါ ရောင်းချနိုင်ရေးစီစဉ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့်

**စာမျက်နှာ ၄ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာအချောထည်အရောင်းပြခန်းကို ကြည့်ရှုစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ ကျောက်စိမ်းဥယျာဉ်ပြန်လည်အဆင့်မြှင့်တင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၃ မှ
ပုလဲအတွဲများကိုလည်းကောင်း၊ ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများနှင့် ယခုပြပွဲတွင် ပြသထားသည့် ၃၅ တန်ရှိ အကြီးဆုံးကျောက်စိမ်းတုံးကြီး ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

### ယူရိုငွေ ငါးသန်းကျော်

အဆိုပါ အကြီးဆုံးကျောက်စိမ်းတုံးကြီးမှာ လုံးခင်းဖားကန့်ရတနာနယ်မြေ၊ မက်လင်ချောင်မှော်၊ နိုင်ငံတော်နှင့်အကျိုးတူလုပ်ကွက်(၂)မှ တူးဖော်ရရှိသည့် ၃၀၈ တန်ခန့်ရှိ ကျောက်စိမ်းတုံးကြီးမှဖြတ်ယူရရှိထားသည့် ၃၅ တန်ရှိ ကျောက်စိမ်းတုံးကြီးဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်သည့် အသားကျောက်အမျိုးအစားဖြစ်ပြီး အခြေခံဈေးနှုန်းအနေဖြင့် ယူရိုငွေ ငါးသန်းကျော် ခန့်မှန်းတွက်ချက်ရရှိထားကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေ ၂၂ ရက်မှ ၂၈ ရက်အထိ ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၃၃၀၊ ကျောက်မျက် အတွဲ ၁၂၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၂၀၀၀ တို့ကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်ဖြစ်ကာ စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ၃၅ တန်ရှိ အကြီးဆုံးကျောက်စိမ်းတုံးကြီးကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၄ မှ
မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပုဂ္ဂလိက ကျောက်မျက်ရတနာ အချောထည်အရောင်းပြခန်းများလည်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများ ဝယ်ယူရာတွင် ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားရှိပြီး ငွေပေးချေရာတွင် ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်၊ ကျပ်ငွေတို့ဖြင့်လည်းကောင်း ပေးချေနိုင်ကြောင်း၊ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများကို ယူရိုငွေဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားရှိပြီး ရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ တို့ဖြင့် ပေးချေနိုင်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်စိမ်းဥယျာဉ်ပြန်လည် အဆင့်မြှင့်တင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ကျောက်စိမ်းဥယျာဉ်အား ၂၀၁၀ ပြည့်နှစ် ၌ မြေဧရိယာအကျယ်အဝန်း ၈ ဒသမ ၂၆ ဧက ပေါ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဥယျာဉ်အတွင်း ကျောက်စိမ်းရိုင်းတုံးပေါင်း ၅၁၁၇ တုံးနှင့် အခြားကျောက်ရိုင်းပေါင်း ၁၄၂၅၂ တုံးထားရှိထားကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဥယျာဉ်အား ပြန်လည်ပြုပြင်ထိန်းသိမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့တွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့စတင်ကျင်းပ

**နေပြည်တော် မေ ၂၂**

(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း ပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်း အတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။



(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို တွေ့ရစဉ်။



(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များက စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။

**အိတ်ဖွင့်တင်ဒါစနစ်**

ထို့နောက် ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ထည့်သွင်းကြသည်။

ကျောက်မျက်ရတနာပြပွဲတွင် အလေးချိန် ၇၇၅၃၈ ဒသမ ၁၅ မိုမီရှိ နိုင်ငံပိုင်ပုလဲအတွဲပေါင်း ၃၃၀၊ အလေးချိန် ၁၂၆၀၂ ဒသမ ၇၃၈၉ ကရက်၊ ၃၃၅ ဒသမ ၄၆ ဂရမ်ရှိနိုင်ငံပိုင်ကျောက်မျက်အတွဲ ၆၂ တွဲ၊ အလေးချိန် ၉၉၁၀၅ ဒသမ ၀၀ ကရက်၊ ၆၁ ဒသမ ၂၆ ကီလိုရှိ နိုင်ငံတော်နှင့် အကျိုးတူ ဆောင်ရွက်သော ကုမ္ပဏီများမှ ကျောက်မျက်အတွဲ ၂၀ နှင့် အလေးချိန် ၂၉၇၈ ဒသမ ၅၁ ကရက်၊ ၄၇ ဒသမ ၈၃ ကီလို၊ ၄၃၉ ဒသမ ၆၃ ဂရမ်ရှိ ပုဂ္ဂလိကကုမ္ပဏီများမှ ကျောက်မျက်အတွဲ ၃၈တွဲ စုစုပေါင်း အလေးချိန် ၁၁၄၆၈၆ ဒသမ ၂၄၈၉ ကရက်ရှိ ကျောက်မျက်အတွဲပေါင်း ၁၂၀၊ အလေးချိန် ၅၈ ဒသမ ၅၉၇ တန်ရှိ နိုင်ငံပိုင် ကျောက်စိမ်းအတွဲ ၁၅၀၊ အလေးချိန် ၅၂၉ ဒသမ ၀၁၃ တန်ရှိ နိုင်ငံတော်နှင့် အကျိုးတူ ဆောင်ရွက်သော ကုမ္ပဏီများမှ ကျောက်စိမ်းအတွဲ ၈၀၀၊ အလေးချိန် ၁၁၉၀ ဒသမ ၉၃၅ တန်ရှိ ပုဂ္ဂလိကကုမ္ပဏီများမှ ကျောက်စိမ်းအတွဲ ၁၀၅၀ စုစုပေါင်း အလေးချိန် ၁၇၇၈ ဒသမ ၅၄၅ တန်ရှိ ကျောက်စိမ်းအတွဲပေါင်း ၂၀၀၀ တို့ကို ပြည်တွင်း ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

**ရောင်းချပေးသွားမည်**

ပုလဲအတွဲများကို မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်မျက်အတွဲများကို မေ ၂၂ ရက်မှ ၂၄ ရက်အထိ ခင်းကျင်းပြသပြီး မေ ၂၅ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲများကို မေ ၂၂ ရက်မှ ၂၅ ရက်အထိ ခင်းကျင်းပြသပြီး မေ ၂၆ ရက်မှ ၂၈ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုပြပွဲတွင် ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားရှိပြီး ငွေပေးချေရာတွင်ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်၊ ကျပ်ငွေတို့ဖြင့် လည်းကောင်း ပေးချေနိုင်ပြီး ကျောက်မျက်၊ ကျောက်စိမ်းအတွဲများကို ယူရိုငွေဖြင့် ကြမ်းခင်းဈေး သတ်မှတ်ထားရှိကာ ရတနာကုန်သည်များသည် အမေရိကန် ဒေါ်လာ၊ ယူရို၊ ယွမ်ငွေတို့ဖြင့် ပေးချေနိုင်ကြောင်း သိရသည်။

**ဖွင့်လှစ်ထား**

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော် ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကိုရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ အောင်မြင်စွာ ကျင်းပခဲ့ရာ ယခုကျင်းပသည့် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို မေ ၂၂ ရက်မှ ၂၈ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း – မျိုးဆက်သစ်
ဓာတ်ပုံ – ကိုကိုကျော်**

## သတင်းထုတ်ပြန်ချက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့)

# လတ်တလောလျှပ်စစ်ဓာတ်အားပြတ်တောက်မှုများကြားတွင် လျှပ်စစ်စီမံကိန်းများကို အရှိန်မြှင့်ဆောင်ရွက်ရန် စီးပွားရေးပိတ်ဆို့အရေးယူခြင်းများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊ ပြည်တွင်းအလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကိုထိခိုက်နစ်နာစေသည်ဟု အစိုးရက ပြောကြား

စီးပွားရေး ပိတ်ဆို့အရေးယူမှုများ ရှိနေသော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ရန် ရှာဖွေဆောင်ရွက်နေစဉ်၌ မြန်မာနိုင်ငံအစိုးရအနေဖြင့် အကြမ်းဖက်သမားများကြောင့် ပျက်စီးသွားသော ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ရေး လုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်နေပြီး ဟိုက်ဒရိုကာဗွန်နှင့် ပြည်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်အောင် အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့က ယနေ့ ထုတ်ပြန်ကြေညာသည်။

မြန်မာနိုင်ငံတွင် စွမ်းအင်ပြတ်လပ်မှုနှင့်စပ်လျဉ်း၍ မကြာသေးမီက မီဒီယာများတွင် ဖော်ပြမှုများ၊ ပြည်ပစွမ်းအင်ကုမ္ပဏီများ ထွက်ခွာမှုများနှင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများနှင့် ပတ်သက်၍ မကြာသေးမီများက ထုတ်ပြန်ခဲ့သည့် မီဒီယာများ၏ ဖော်ပြချက်များအပေါ် တုံ့ပြန်သည့် အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတို့က ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။

## မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများအား ဖြေရှင်းဆောင်ရွက်ခြင်း

ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် တစ်ကမ္ဘာလုံး၌ သဘာဝဓာတ်ငွေ့ရည် ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ငွေကြေးပြတ်တောက်မှုကြား၌ မြန်မာကျပ်ငွေအားနည်းခြင်းနှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ဆက်စပ်နေသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတွင်းမကြာသေးမီက လျှပ်စစ်ဓာတ်အား ယာယီပြတ်တောက်မှုများ ဖြစ်ပွားရခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်ကတည်းက ဓာတ်အားခပေးချေမှုများကို သပိတ်မှောက်ရန် လှုံ့ဆော်ခြင်းအပြင် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကယားပြည်နယ်ရှိ လောပိတရေအား လျှပ်စစ်စက်ရုံမှ ဓာတ်အားလိုင်းများကို ဖောက်ခွဲဖျက်ဆီးခဲ့သည်။ အဆိုပါလုပ်ရပ်များသည် အထူးသဖြင့် ပြည်တွင်းရှိ သာမန်ပြည်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အခက်အခဲဖြစ်စေခဲ့သည်။

သို့သော်လည်း အစောပိုင်းက ပြည်တွင်းမငြိမ်သက်မှုများရှိနေသော်လည်း ၂၀၂၁ ခုနှစ်၊ နှစ်ဝက်မှ စတင်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု တော်တော်များများ ရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်တွင် ဖွဲ့စည်းခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် နိုင်ငံ၏စွမ်းအင်အခြေအနေနှင့်စပ်လျဉ်း၍ အမျိုးမျိုးသောလုပ်ရပ်များကို လျော့ပါးသက်သာစေရန် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည် -

(၁) ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဈေးနှုန်းများ တည်ငြိမ်မှုနှင့်အတူ အစိုးရသည် ပြည်တွင်း ဓာတ်အား ထုတ်လုပ်ရေးအတွက် သဘာဝဓာတ်ငွေ့ကို တိုးမြှင့်သုံးစွဲရန် ကြိုးပမ်းနေပါသည်။

(၂) အကြမ်းဖက်သမားများကြောင့် ပျက်စီးဆုံးရှုံးသွားသည့် လျှပ်စစ်ဓာတ်အား အခြေခံအဆောက်အအုံများကို အစိုးရက ပြုပြင်ပြီးနောက် လုံခြုံရေးအစီအမံများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

(၃) လက်ရှိစက်ရုံများကို ပြောင်းလဲအသုံးပြုခြင်းကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များမှတစ်ဆင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရင်းမြစ်များမှ လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်သည် -

- ရွှေဂက်စ်ပိုက်လိုင်းအသစ်ကို ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် တည်ဆောက် ပြီးစီးခဲ့ပြီး ပုံမှန်ဓာတ်အား ၃၃၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်မည်ဖြစ်သည်။
- လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ချက်ချင်းထုတ်လုပ်ရန်အတွက် ဓာတ်မြေသြဇာစက်ရုံ အချို့ (ဓာတ်ငွေ့သုံး၍) အသွင်ပြောင်းခြင်းနှင့် အခြားဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ သို့မဟုတ် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ စီမံကိန်းများတွင် အရှိန်ဟုန်မြှင့် လုပ်ဆောင်ခြင်း၊ လက်ရှိတွင် သဘာဝဓာတ်ငွေ့ကုဗပေ သန်း ၂၀ ကို အသုံးပြု၍ ကျောက်ဖြူတွင် လျှပ်စစ်ဓာတ်အား စုစုပေါင်းမဂ္ဂါဝပ် ၁၀၀ ခန့် ထုတ်ပေးလျက်ရှိသည်။ ပိုက်လိုင်းပြုပြင်ထိန်းသိမ်းပြီးပါက တစ်နေ့လျှင် ကုဗပေ သန်း ၃၀ အထိ တိုးချဲ့ကာ ၁၉၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည် ဖြစ်သည်။

(၄) တရုတ်နိုင်ငံနှင့် အဓိက စွမ်းအင်စီမံကိန်းများ

အကြီးဆုံးအိမ်နီးချင်းနိုင်ငံနှင့် မိတ်ဖက်စီးပွားရေးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ စွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများတွင် ပိုမိုအရေးပါသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်သည်။

- China National Petroleum Corporation (CNPC) ၏ တရုတ်-မြန်မာ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအပိုင်းကို ၂၀၁၃ ခုနှစ် နှစ်ကုန် ပိုင်းတွင် ပြီးစီးပြီး ရေနံပိုက်လိုင်းအပိုင်းကို ၂၀၁၇ ခုနှစ် ဧပြီလတွင် အပြီးသတ်တည်ဆောက်ခဲ့သည်။ အဆိုပါ စီမံကိန်းသည် မြန်မာနိုင်ငံတွင် CNPC၏ အကြီးဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး နိုင်ငံအတွင်း တရုတ်နိုင်ငံ၏ "ပိုးလမ်းမ စီမံကိန်း - Belt and Road Initiative" ၏ အဓိက အချက်အချာဖြစ်သည်။

တရုတ်ကုမ္ပဏီ သုံးခုဖြစ်သည့် Union Resources and Engineering Company (၄၁ ရာခိုင်နှုန်း)၊ Yunnan Energy Investment (၁၉ ရာခိုင်နှုန်း) နှင့် Zhefu Holding Group (၁ ရာခိုင်နှုန်း) တို့သည် Myanmar's Supreme Group (၁၉ ရာခိုင်နှုန်း)နှင့် ပူးပေါင်းပြီး ၁၃၉၀ မဂ္ဂါဝပ် LNG ထုတ်ပေးသည့် မီးလင်းချိုင် စီမံကိန်းကို အကောင်အထည်ဖော်ရန် စတင်ခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးရှိ အဆိုပါ စက်ရုံတွင် LNG ဓာတ်အားပေးစက်ရုံ၊ LNG သိုလှောင်ကန်၊ ဗို့အားမြင့် သွယ်တန်းခြင်းနှင့် ရန်ကုန်သို့ သွယ်တန်းထားသည့် ဓာတ်ငွေ့ပိုက်လိုင်းများ ပါဝင်သည်။ အဆိုပါ စီမံကိန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးပြီး ၂၀၂၇ ခုနှစ်တွင် စီးပွားဖြစ်လုပ်ငန်း စတင်လည်ပတ်နိုင်မည်ဟု မျှော်လင့်ရသည်။

ထို့အပြင် မြန်မာအစိုးရသည် ၎င်း၏ တိုးတက်မှုကို အရှိန်မြှင့်တင်ရန်အလို့ငှာ ခန့်မှန်းခြေ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရှိသည့် အဆိုပါ ဦးစားပေးစွမ်းအင်စီမံကိန်းကိုလည်း တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၏ အစောပိုင်း စီမံကိန်းများစာရင်းတွင် ထည့်သွင်းရန် အဆိုပြုထားမည်ဖြစ်သည်။

(၅) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာခြင်း

- ဆိုလာစွမ်းအင် - မဂ္ဂါဝပ် ၄၀ ရှိမည့် လက်ပံလှနှင့် မဂ္ဂါဝပ် ၃၀ ရှိမည့် ညောင်ပင်ကြီး ဆိုလာစီမံကိန်းများသည် ထက်ဝက်ကျော် ပြီးစီးနေပြီဖြစ်သည်။ နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ရည်မှန်းချက် အောင်မြင်ရေးအတွက် မဂ္ဂါဝပ် ၃၇၀ ထုတ်လုပ်မည့် နေရောင်ခြည်သုံးစွမ်းအင်စီမံကိန်း ၁၃ ခုကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

၃၉၀ မဂ္ဂါဝပ် ထုတ်လုပ်မည့် နေရောင်ခြည်စွမ်းအင်သုံး နောက်ထပ် စီမံကိန်း ၃ ခုကို လည်း ရေးဆွဲထားသည်။ ရေပေါ်နေရောင်ခြည်စွမ်းအင်သုံး စီမံကိန်းများ၊ ခေါင်မိုးပေါ်ရှိ ဆိုလာစီမံကိန်းများနှင့် အသေးစားနှင့်အလတ်စားစီမံကိန်းများကို တတ်နိုင်သရွေ့ မြှင့်တင်ရန် အထူးကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

၆၃၅ မဂ္ဂါဝပ်ထုတ်လုပ်မည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၈ ရုံကိုလည်း တင်ဒါခေါ်ယူထားသည်။ ဖိတ်ခေါ်ထားသည့် မဂ္ဂါဝပ် ၃၀၀ ထုတ်လုပ်မည့် ဆိုလာစီမံကိန်း ၁၁ ခုအတွက်လည်း ဆက်လက်ညှိနှိုင်းမှုများအပြင် သဘောတူညီချက်များကို လက်မှတ်ရေးထိုးရန် ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

ရေအားလျှပ်စစ်- ရေအားလျှပ်စစ်ဆည်ပေါင်း ၆၀ ကျော်နှင့်အတူ ရေအားလျှပ်စစ်သည် နိုင်ငံတစ်ဝန်း လျှပ်စစ်စွမ်းအင်၏ အဓိကအရင်းအမြစ်ဖြစ်သည်။ အစိုးရအနေဖြင့် မကြာမီတွင် တာပိန် (၁) ရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓာတ်အား ၁၂၀ မဂ္ဂါဝပ်ခန့် ဝယ်ယူရန် ညှိနှိုင်းနေသည်။ အစိုးရအနေဖြင့် အတည်ပြုချက်မပေးမီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အကဲဖြတ်ခြင်းကို ဦးစွာအလေးထား ပြုလုပ်သွားမည်ဖြစ်သည်။ စီမံကိန်းဒီဇိုင်းများသည် အနာဂတ် စိုးရိမ်ပူပန်မှုများကို ဖြေလျှော့ရန်အတွက် သက်ဆိုင်ရာနယ်ပယ်များနှင့် ချိတ်ဆက်၍ ယင်းကဲ့သို့သော အကျိုးသက်ရောက်မှုများ၊ အစီအစဉ်များနှင့် အကျိုးကျေးဇူးများကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားရရှိရန် စီစဉ်နေပြီး ရေအားနှင့် ဆိုလာစွမ်းအင်ကဲ့သို့ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ၉ ရာခိုင်နှုန်း ထုတ်လုပ်ရန် စီစဉ်ထားသည်။

## နိုင်ငံခြားရေနံနှင့်သဘာဝဓာတ်ငွေ့ ကုမ္ပဏီများ၏ ထွက်ခွာမှုကို အစီရင်ခံတင်ပြခြင်း

ပြင်သစ်နိုင်ငံမှ Total Energies ကုမ္ပဏီ၏ ရတနာလုပ်ကွက်နှင့် ဆက်စပ်ဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေး စီမံကိန်းတို့မှ နုတ်ထွက်ခြင်းသည် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် စတင်မည်ဟု ပြည်ထောင်စုဝန်ကြီးများက ပြောကြားခဲ့သည်။ ယခင်အစုရှယ်ယာ၏ ၃၁ ဒသမ ၂၄ ရာခိုင်နှုန်းကို ထိုင်းနိုင်ငံ၏ PTTEP International Limited (PTTEPI) ကို ဆက်ခံသည့် အော်ပရေတာအဖြစ် လွှဲပြောင်းထားသည်။ Total Energies ကုမ္ပဏီ၏ နုတ်ထွက်မှု စတင်သက်ဝင်သည့်နေ့ နောက်ပိုင်းတွင် PTTEPI ကုမ္ပဏီသည် အစုရှယ်ယာ ၃၇.၀၈၄၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်မည်ဖြစ်ပြီး Chevron ကုမ္ပဏီ၏ လုပ်ငန်းခွဲဖြစ်သော Unocal Myanmar Offshore Company Limited သည် စီမံကိန်း၏ အစုရှယ်ယာ အများဆုံးဖြစ်သည့် ၄၁ ဒသမ ၁၀၁၆ ရာခိုင်နှုန်းကို ပိုင်ဆိုင်မည်ဖြစ်သည်။

၁၉၉၆ ခုနှစ်တွင် ပထမဆုံး တင်ပို့မှုမှစတင်၍ ဤစီမံကိန်းမှ ထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းခန့် သို့မဟုတ် လက်ရှိတွင် တစ်နေ့လျှင် စံကုဗပေ ၇၆၈ သန်းခန့်အား ကျန်ရှိသည့်သတ်မှတ်ထားသော ပြည်တွင်းလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် ထိုင်းနိုင်ငံသို့ ရောင်းချသည်။

"ဤသည်မှာ ပိုင်ဆိုင်မှုပြောင်းလဲမှုကြောင့် လုပ်ငန်းများကို အကျိုးသက်ရောက်မှုမရှိပါ။ ရတနာလုပ်ကွက်သည် မြန်မာနိုင်ငံတွင် လူသိများသော ကမ်းလွန်ပင်လယ်ပြင်တွင် အကြီးဆုံးဟိုက်ဒရိုကာဗွန်သိုက်များ ရှိသည်။ သို့သော်လည်း နှစ်ပေါင်း ၂၀ ကျော်ကြာပြီးနောက် ၂၀၂၁ ခုနှစ်ကုန်ပိုင်းမှစ၍ ယင်းလုပ်ကွက်မှ ထုတ်လုပ်မှုသည် ကျဆင်းသွားခဲ့သည်။ ယနေ့အထိ ယင်းလုပ်ကွက်မှ ထုတ်လုပ်မှုသည် ၈၅ ရာခိုင်နှုန်းအထိ ပြန်လည်ရရှိခဲ့သည်" ဟု ပြည်ထောင်စုဝန်ကြီးများက ပြောကြားခဲ့သည်။ Total Energies ကုမ္ပဏီသည် မြန်မာနိုင်ငံမှ ထွက်ခွာမှုအတွက် လျော်ကြေးငွေတောင်းခံခြင်း မရှိပေ။

အမေရိကန်ပြည်ထောင်စု Chevron ကော်ပိုရေးရှင်း၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Unocal Myanmar Offshore Co., Ltd. က မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ နုတ်ထွက်မည်ဟု ပြောကြားခဲ့သော်လည်း ယနေ့အထိ အစိုးရအနေဖြင့် ကုမ္ပဏီထံမှ တရားဝင်အကြောင်းကြားစာ မရရှိသေးကြောင်း ပြည်ထောင်စုဝန်ကြီးများက ပြောကြားသည်။

တတိယမြောက် နိုင်ငံခြားစွမ်းအင်ကုမ္ပဏီဖြစ်သည့် ဩစတြေးလျနိုင်ငံမှ Woodside Petroleum Ltd သည် ရခိုင်ပြည်နယ်ရှိ A6 သဘာဝဓာတ်ငွေ့စီမံကိန်းမှ မကြာသေးမီက နုတ်ထွက်ခဲ့သည်။ ၎င်း၏ ရှယ်ယာများကို ၎င်း၏ စီမံကိန်း လုပ်ဖော်ကိုင်ဖက် MPRL E&P Group of Companies မှ လွှဲပြောင်းရယူခဲ့သော်လည်း လုပ်ငန်းပိုင်းဆောင်ရွက်မှုများ ထိခိုက်မှုမရှိပေ။

## မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍသည် ဆွဲဆောင်မှုရှိနေဆဲဖြစ်

၁၈၅၃ ခုနှစ်တွင် စတင်၍ တင်ပို့ခဲ့သည့် ကမ္ဘာ့ဝါရင့်ရေနံထုတ်လုပ်သည့်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သော်လည်း ပိတ်ဆို့အရေးယူမှုများ၊ နားလည်ရန်ခက်ခဲသော မူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှု မလုံလောက်မှုများကြောင့် မြန်မာနိုင်ငံသည် ကနဦးအစပျိုးသည့်အဆင့်၌ပင် ရှိနေဆဲဖြစ်သည်။


"သက်သေပြထားသောစွမ်းအင်အရန် ပမာဏသည် အတော်အသင့်သာရှိသေးသော်လည်း အလွတ်သဘော ခန့်မှန်းချက်များသည် အလွန်အလားအလာကောင်းပါတယ်။ ထိုင်းနှင့် တရုတ်နိုင်ငံရှိ ကြီးမားသော ဝယ်လိုအားစင်တာများနှင့် နီးစပ်ပြီး အလားအလာကောင်းသော အဆိုပါ လုပ်ကွက်များသည် စီးပွားရေးသမား အများအပြား၏ စိတ်ပါဝင်စားမှုကို ဆွဲဆောင်လျက်ရှိပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး ဟိုက်ဒရိုကာဗွန်လုပ်ကွက်များအတွက် နိုင်ငံတကာလေလံပွဲတွေကို အောင်အောင်မြင်မြင်နဲ့ ကျင်းပခဲ့ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးများက ပြောကြားခဲ့သည်။

စာမျက်နှာ ၇ သို့ ❖

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့်တွေ့ဆုံ၍ မေးမြန်းမှုများဖြေကြား

နေပြည်တော် မေ ၂၂

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့သည် AP သတင်းဌာန၊ ရိုက်တာသတင်းဌာန၊ South China Morning Post သတင်းဌာနနှင့် Straits Times သတင်းဌာန၊ China Central Television (CCTV) သတင်းဌာန၊ People's Daily သတင်းဌာနနှင့် ဆင်ဟွာသတင်းဌာနတို့မှ သတင်းထောက်များကို ယမန်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမများ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။


နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ မေးမြန်းစဉ်။

**(ယမန်နေ့မှအဆက်)**

ဆက်လက်၍ Straits Times သတင်းဌာန၏ **ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူအသစ်များရှာဖွေနေသည်ဟု သိရှိထားပါကြောင်း၊ လတ်တလောထုတ်ပြန်ချက်သည် ရင်းနှီးမြှုပ်နှံမည့်သူများအတွက် မကောင်းပါကြောင်း၊ ဘာကြောင့် ယခုကဲ့သို့ ထုတ်ပြန်သည်ကို ရှင်းလင်းပြောကြားပေးစေလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ပြန်လည်ဖြေကြားရာတွင် ပြည်တွင်းကျပ်ငွေ လဲလှယ်မှုနှုန်းထား မတည်ငြိမ်ခြင်းကြောင့် အချို့သော စီးပွားရေးလုပ်ငန်းများကို ထိခိုက်လာသည့်အတွက် ငွေကြေးလဲလှယ်မှုနှုန်းထား တည်ငြိမ်စေရန် အဓိကရည်ရွယ်ချက်ထားပြီး ကနဦးခြေလှမ်းအဖြစ် ယခုလ ၄ ရက်က ကြေညာချက်ထုတ်ပြန်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံခြားငွေကြေး လဲလှယ်မှုကြီးကြပ်ရေးကော်မတီကိုလည်း အစိုးရက ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်းတွင် စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများစွာရှိခဲ့ပြီး ဝေဖန်ပြောဆိုမှုများစွာလည်း ရှိခဲ့ပါကြောင်း၊ သို့အတွက် ကော်မတီအနေဖြင့် သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် နိုင်ငံခြားငွေကြေး လဲလှယ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ကြီးကြပ်ကိုင်တွယ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီသည် ရက်သတ္တ တစ်ပတ်လျှင် သုံးကြိမ်အစည်းအဝေးပြုလုပ်ပြီး နိုင်ငံတွင်း ငွေကြေးလဲလှယ်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခြင်းနှင့် ပြဿနာရပ်များ အဖြေရှာခြင်းတို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်း အသိုက်အဝန်းများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယမန်နေ့ကပင် အထူးစီးပွားရေးဇုန်ရင်းနှီးမြှုပ်နှံသူများ၊ UMFCCI ဦးဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ၎င်းတို့တွေ့ကြုံနေရသည့် အခက်အခဲများကို နားထောင်ကာ နည်းလမ်းရှာကူညီဖြေရှင်းပေးလျက်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ကြေညာချက်ထုတ်ပြန်အပြီး နိုင်ငံတွင်းစီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများကို အတတ်နိုင်ဆုံးလျှော့ချပေးနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီသည် ပြီးခဲ့သည့် ရက်သတ္တပတ်က အစည်းအဝေးသုံးကြိမ် ကျင်းပခဲ့ရာ အချို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အထူးစီးပွားရေးဇုန်ရှိ လုပ်ငန်းများကို ဗဟိုဘဏ်ကြေညာချက်မှ ကင်းလွတ်ခွင့်ပြုရန် ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့ပါကြောင်း။

**ကင်းလွတ်ခွင့်ပေး**

ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများကိုလည်း ဗဟိုဘဏ်ကြေညာချက်မှ ကင်းလွတ်ခွင့်ပေးရန် ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့ပါကြောင်း၊ နိုင်ငံခြားသံရုံးများ၊ INGOs နှင့် NGOs များကိုလည်း ကင်းလွတ်ခွင့်ပေးပါကြောင်း၊ အဆိုပါကြေညာချက်ကြောင့် ဆိုးကျိုးသက်ရောက်မှု အနည်းအများရှိနိုင်သည်ကို သိရှိသည့်အတွက် နေ့စဉ်လေ့လာသုံးသပ်မှုများပြုလုပ်ပြီး အကောင်းဆုံးဖြေရှင်းပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကာလသည် အစပြု ပြုပြင်ပြောင်းလဲသည့်ကာလဖြစ်သောကြောင့် အကျိုးဝင်ပါဝင်ကြသူအားလုံးအတွက် အကောင်းဆုံးဖြစ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

Straits Times သတင်းဌာန၏ **ကင်းလွတ်ခွင့်သည် ရင်းနှီးမြှုပ်နှံမှု အသစ်ဝင်ရောက်လာသူများအတွက်လား၊ လက်ရှိရင်းနှီးမြှုပ်နှံထားကြသူများ ရောပါဝင်ပါသလား၊ ကင်းလွတ်ခွင့်ရရှိရန် လျှောက်ထားရန်လိုပါသလား မည်သို့ဆောင်ရွက်နေပါသလဲ ဆိုသည့်** မေးခွန်းကိုပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဖြေကြားရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်နှင့် လက်ရှိရင်းနှီးမြှုပ်နှံကြသူများ ပါဝင်ကြောင်း၊ အဆိုပါ လုပ်ငန်းတို့ကို ဗဟိုဘဏ်ကြေညာချက်ကြောင့် အပိုဆောင်းထိခိုက်မှုမရှိစေရန် အဓိကထားပါကြောင်း၊ ကြီးကြပ်ရေးကော်မတီအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေစဉ်ကာလအတွင်း အပြန်အလှန်သုံးသပ်မှုများ အမြဲပြုလုပ်နေပြီး တိုးတက်အောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**အခြေအနေအပေါ်တွင် မူတည်**

Straits Times သတင်းဌာန၏ **ကြေညာချက်သည် အချိန်ကာလတစ်ခုလား၊ အမြဲဆက်လက်တည်ရှိသွားမည်လားဆိုသည့်** မေးခွန်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဖြစ်ပေါ်တိုးတက်လာသည့် အခြေအနေအပေါ်တွင် မူတည်ပါကြောင်း၊ ကြေညာချက်သည် ဗဟိုဘဏ်ထုတ်ပြန်ချက်ဖြစ်ပြီး ကင်းလွတ်ခွင့်သည်အစိုးရက ဖွဲ့စည်းသည့် **စာမျက်နှာ ၈ သို့ ○**

---

**❖ စာမျက်နှာ ၆ မှ**

**မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုများကို တုံ့ပြန်ခြင်း**

မကြာသေးမီလများအတွင်း အနောက်နိုင်ငံအများအပြား၏ ပြင်ပဖိအားများနှင့် စီးပွားရေးပိတ်ဆို့အရေးယူမှုများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအကြား စိုးရိမ်ပူပန်မှုများ တိုးလာနိုင်ကြောင်း ပြည်ထောင်စုဝန်ကြီးများက ပြောကြားခဲ့သည်။

"စီးပွားရေး ပိတ်ဆို့မှုတွေက အစိုးရထက် ပုဂ္ဂလိက ကဏ္ဍတွေကို ပိုပြီး အပျက်သဘော အကျိုးသက်ရောက်နိုင်တယ်။ ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်တွေနဲ့ သူတို့ရဲ့ လုပ်ငန်းတွေ၊ ပြည်တွင်း အလုပ်သမားတွေ၊ ကုန်ပစ္စည်းတင်သွင်းသူတွေနဲ့ စားသုံးသူအများစုမှာ ဒုက္ခရောက်ကြရပါတယ်။"

"ခွင့်ပြုထားပြီးဖြစ်တဲ့ စီမံကိန်းကြီးတချို့က စတင်ဆောက်လုပ်နေပါပြီ။ စီးပွားရေးပိတ်ဆို့မှုတွေကြောင့် အချို့သော စီမံကိန်းအရှိန်မြှင့်ဆောင်ရွက်သူများသည် နိုင်ငံခြားငွေ လွှဲပြောင်းရာ၌ အတားအဆီးတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။ အဲဒါက စီမံကိန်းတွေရဲ့ တိုးတက်မှုကို ထိခိုက်ခဲ့ပါတယ်။"

"ပိတ်ဆို့အရေးယူမှုတွေကြောင့် အဆိုပါစီမံကိန်းတွေကို ရပ်လိုက်မယ်ဆိုရင် ရင်းနှီးမြှုပ်နှံသူတွေက ဖြစ်ပေါ်လာတဲ့ စီမံကိန်းကုန်ကျစရိတ်တွေထက် သူတို့ခံစားခဲ့ရတဲ့ အခွန်ကင်းလွတ်ခွင့်တွေကို ပြန်ဆပ်ရမှာဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေက ဆိုင်းငံ့ထားတဲ့ အခြေအနေမှာပဲ ရှိနေမှာဖြစ်ပါတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ အဆင်မပြေတဲ့ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကြောင့် မဟုတ်ဘဲ ပြင်ပဖိအားတွေကြောင့် မြန်မာနိုင်ငံမှ ထွက်ခွာသွားနိုင်ပါတယ်။"

"မြန်မာနိုင်ငံအနေနဲ့ လုံခြုံ၍ လက်လှမ်းမီနိုင်ပြီး အဆင်ပြေသော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကို ပံ့ပိုးပေးဖို့ ကတိပြုပါတယ်။ ကျွန်တော်တို့အနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ နုတ်ထွက်သွားတာကို မမြင်တွေ့လိုပါဘူး။ နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပေါ်ပေါ်ထင်ထင် တားမြစ်ထားသော်လည်း မြန်မာနိုင်ငံအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဆက်လက်ဆွဲဆောင်လျက်ရှိပါတယ်။ ကျွန်ုပ်တို့ရဲ့ နိုင်ငံခြားလုပ်ဖော်ကိုင်ဖက်အများအပြားသည် ကျွန်ုပ်တို့နှင့် တိတ်တဆိတ် လက်တွဲလုပ်ကိုင်ရန် ရွေးချယ်ကြပြီး မြန်မာ့စီးပွားရေးအလားအလာနှင့် ၎င်းတို့ရဲ့ ထူးခြားသော စိန်ခေါ်မှုတွေကို အပြည့်အဝ အသိအမှတ်ပြုပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးများက ပြောကြားခဲ့သည်။

**စွမ်းအင်ကဏ္ဍသည် ရင်းနှီးမြှုပ်နှံမှုအားလုံးတွင် ဦးစားပေးအဖြစ်တည်ရှိ**

ပြည်ထောင်စုဝန်ကြီးများသည် ပြီးခဲ့သော ဘဏ္ဍာရေးနှစ် ၂ နှစ်အတွင်း မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ နောက်ဆုံးရအချက်အလက်များကိုပေးခဲ့သည်။ ဘဏ္ဍာရေးနှစ် ၂၀၂၀ – ၂၀၂၁ (ဘတ်ဂျက်ကာလ ၁၂ လကုန်ဆုံးသည့် အောက်တိုဘာလ) နှင့် ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ် (ဘတ်ဂျက်ကာလ ၆ လ ကုန်ဆုံးသည့် မတ်လ)တွင် ကဏ္ဍ ၁၂ ခု၌ စုစုပေါင်းစီမံကိန်း ၈၂ ခုကို ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၂ ဘီလီယံရှိကြောင်း အတည်ပြုခဲ့သည်။ (၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၉ ဘီလီယံနှင့် ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၅၃၀ ဒသမ ၇၇၅ သန်း)။

၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကဏ္ဍ ၁၂ ခု အနက်မှ စီမံကိန်းအများစုသည် ကုန်ထုတ်လုပ်မှုဖြစ်သည်။ သို့သော်လည်း ဤကာလအတွင်း စွမ်းအင်ကဏ္ဍသည် စီမံကိန်း ခြောက်ခုအတွက် ယခု ဘတ်ဂျက်ကာလအတွင်း၌ စုစုပေါင်းခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၂ ဘီလီယံကို လက်ခံရရှိခဲ့ပြီး စွမ်းအင်ကဏ္ဍ၏ ဆွဲဆောင်မှုကို မီးမောင်းထိုးပြသခဲ့သည်။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ**

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံအများစုမှာ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်းနှင့် တောင်ကိုရီးယားတို့ဖြစ်သည်။ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်း ၁၅ ခုမှာ တရုတ်နိုင်ငံမှ ဖြစ်ပြီး စီမံကိန်း ၁၄ ခုမှာ စင်ကာပူမှ ဖြစ်သည်။ ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် တရုတ်နိုင်ငံမှ စီမံကိန်း ၁၈ ခုနှင့် ဟောင်ကောင်မှ စီမံကိန်း ခြောက်ခု ရှိသည်။

**ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ**

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် ၂ နှစ်အတွင်း ကဏ္ဍ ၁၂ ခုတွင် ပြည်တွင်းစီမံကိန်း ၉၃ ခု (၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ၆၁ ခုနှင့် ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ၃၂ ခု) တန်ဖိုးငွေကျပ် ၂၂၄၈ ဒသမ ၇ ဘီလီယံ (၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၁၇၁ ဒသမ ၈ ဘီလီယံ၊ ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၀၇၆ ဒသမ ၉ ဘီလီယံ) အသီးသီးရှိကြောင်း အတည်ပြုခဲ့သည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လတာကာလကို ကာလတိုဘတ်ဂျက်ကာလအဖြစ် သတ်မှတ်ထားသည်။ ဘဏ္ဍာရေးနှစ်သည် ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ပြောင်းလဲခဲ့သည်။

စုစုပေါင်း စီမံကိန်း ၅၀ သည် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ဦးဆောင်နေသည့် ကုန်ထုတ်လုပ်မှုကဏ္ဍမှဖြစ်ပြီး ထို့နောက်တွင် ဝန်ဆောင်မှုကဏ္ဍမှ အတည်ပြုထားသော စီမံကိန်း ၁၄ ခုနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍမှာ စီမံကိန်း ၁၁ ခုဖြင့် တတိယရရှိခဲ့သည်။

---

*ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနတို့မှ ထုတ်ပြန်ချက် သတင်းအချက်အလက်များ ထပ်မံသိရှိလိုပါက ကျေးဇူးပြု၍ အောက်ဖော်ပြပါ လိပ်စာသို့ ဆက်သွယ်ပေးပါရန်*

***mediacontact@e-information.gov.mm***

***or myintkyawmoi@gmail.com***

☆ **LNG ဓာတ်ငွေ့ဈေးနှုန်းမြင့်မားခြင်းသည် အကြောင်းရင်းတစ်ချက်ဖြစ်ပြီး အချို့သော LNG စက်ရုံများ ရပ်ဆိုင်းထားရခြင်းများရှိ**

☆ **အကြောင်းရင်း နောက်တစ်ချက်မှာ ဓာတ်အားတိုင်ကြီးများ ဖြိုလှဲခံရခြင်းကြောင့်ဖြစ်ပြီး အစိုးရက ဓာတ်အားတိုင်များကို ပြန်လည်ပြုပြင်နေရဆဲဖြစ်**

☆ **တစ်ဖက်မှာ အခြားစွမ်းအင်ရရှိရာ နည်းလမ်းတစ်ခုဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုများ အကောင်အထည်ဖော်လျက်ရှိ**

☆ **အိမ်နီးချင်းနိုင်ငံများမှ ဓာတ်ငွေ့ရယူနိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေဆောင်ရွက်နေ**

○ စာမျက်နှာ ၈ မှ

တောင်းဆိုခဲ့ကြ၍ နိုင်ငံခြားငွေလဲလှယ်မှုကြီးကြပ်ရေးကော်မတီက အစည်းအဝေးကျင်းပကာ ဆုံးဖြတ်ချက်သုံးရပ် ချမှတ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံရှိ သံရုံးများအားလုံးနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများအားလုံး ကင်းလွတ်ခွင့်ရရှိခြင်း၊ ဒုတိယအနေဖြင့် အထူးစီးပွားရေးဇုန်များတွင် ယင်းနိုင်ငံတို့မှ ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားပါက ကင်းလွတ်ခွင့်ရရှိခြင်းနှင့် တတိယ MIC ခွင့်ပြုထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအားလုံး ကင်းလွတ်ခွင့်ရရှိမည် ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် PTT သည် MIC ခွင့်ပြုချက်ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သည့်အတွက် ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုလိုလားသည့်အတွက် ရင်းနှီးမြှုပ်နှံကြသည့်လုပ်ငန်းများ ထိခိုက်နစ်နာမှုမရှိစေလိုကြောင်း၊ ထို့ကြောင့် MIC ခွင့်ပြုချက်ရရှိထားသည့် လုပ်ငန်းများနှင့် အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံကြသည့် လုပ်ငန်းများ ကင်းလွတ်ခွင့်ရရှိကြမည်ဖြစ်ပြီး အထူးစီးပွားရေးဇုန်မှာ သီလဝါဖြစ်ကြောင်း ဖြေကြားသည်။

**နှစ်နိုင်ငံဆွေးနွေးမှုများရှိနေ**

**မြန်မာ-အိန္ဒိယ ငွေကြေးတိုက်ရိုက်ပေးချေမှု လုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့်** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နှစ်နိုင်ငံ ဆွေးနွေးမှုများရှိနေပြီး ညှိနှိုင်းဆောင်ရွက်မှုအပိုင်းကို ဗဟိုဘဏ်က ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**လျှပ်စစ်ဓာတ်အားလျော့နည်းရခြင်းသည် LNG ဓာတ်ငွေ့ဈေးနှုန်း မြင့်တက်ခြင်းနှင့် မဟာဓာတ်အားတိုင်များ အကြမ်းဖက်သမားတို့၏ ဖြိုလှဲခံရခြင်းကြောင့်လား၊ မည်သို့အရေးယူဆောင်ရွက်သည်ကို သိရှိလိုကြောင်း** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက LNG ဓာတ်ငွေ့ဈေးနှုန်း မြင့်မားခြင်းသည် အကြောင်းရင်းတစ်ချက်ဖြစ်ပြီး အချို့သော LNG စက်ရုံများ ရပ်ဆိုင်းထားရခြင်းများရှိပါကြောင်း၊ အကြောင်းရင်း နောက်တစ်ချက်မှာ ဓာတ်အားတိုင်ကြီးများ ဖြိုလှဲခံရခြင်းကြောင့်ဖြစ်ပြီး အစိုးရက ဓာတ်အားတိုင်များကို ပြန်လည်ပြုပြင်နေရဆဲဖြစ်ပါကြောင်း၊ တစ်ဖက်မှာ အခြားစွမ်းအင်ရရှိရာ နည်းလမ်းတစ်ခုဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုများ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများမှ ဓာတ်ငွေ့ရယူနိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေဆောင်ရွက်နေကြောင်း ပြန်လည်ဖြေကြားသည်။

**ငွေကြေးလဲလှယ်မှုနှုန်းထားမတည်ငြိမ်မှု**

**ငွေကြေးလဲလှယ်မှုနှုန်းထားနှင့် ပြည်ပပို့ကုန်လုပ်ငန်းတို့နှင့် စပ်လျဉ်းသည့်** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ပြန်လည်ဖြေကြားရာတွင် ပြည်ပပို့ကုန်လုပ်ငန်းရှင်များ အနေနှင့် လုပ်ငန်းလိုအပ်ချက် နိုင်ငံခြားငွေ FE နှင့် မြန်မာကျပ်ငွေလဲလှယ်မှု၊ ဘဏ်များမှ မြန်မာကျပ်ငွေထုတ်ယူမှုတို့တွင် အခက်အခဲရှိကြပါကြောင်း၊ ငွေကြေးလဲလှယ်မှုနှုန်းထား မတည်ငြိမ်မှုကြောင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်ရန် အခက်အခဲများရှိကြသည့်အတွက် ဗဟိုဘဏ်က နှုန်းထားတစ်ခု သတ်မှတ်ပြီး အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ သို့သော် ပို့ကုန်လုပ်ငန်းရှင်တချို့၏ ဝေဖန်ပြောဆိုမှုများလည်းရှိကြောင်း၊ ထို့ကြောင့် ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ်အစည်းအဝေးကျင်းပပြီး ပြန်လှန်သုံးသပ်မှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများအပေါ် ဆိုးရွားစွာ ထိခိုက်နစ်နာမှုများ မရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် standard operating procedures-SOP တစ်ရပ် ယခုသတင်းပတ်အတွင်း ထွက်ရှိလာမည်ဖြစ်ပါကြောင်း၊ SOP ထွက်ရှိလာပါက ၎င်းတို့၏ လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လျှပ်စစ်စမီးနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့နိုင်ငံတွင် လူဦးရေ သန်း ၆၀ ခန့်ရှိပြီး ရန်ကုန်မြို့တွင် ခြောက်သန်းကျော်ရှိပါကြောင်း၊ အခြားမြို့များနှင့် ခွဲဝေပြီး အလှည့်ကျပေးရသည့်အတွက် မီးပြတ်ခြင်းဖြစ်ပါကြောင်း၊ PDF များက ရေအားလျှပ်စစ်စက်ရုံများကို ဖျက်ဆီးမှုများကြောင့်ဖြစ်ပါကြောင်း၊ ယင်းတို့ကို ပြန်လည်ဖြည့်ဆည်းနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများကိုလည်း မဂ္ဂါဝပ် ၄၀ ထွက်ရှိမည့် လက်ပံလှစီမံကိန်း၊ မဂ္ဂါဝပ် ၃၀ ထွက်ရှိမည့် ညောင်ပင်ကြီးစီမံကိန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများမှာ တစ်ဝက်ကျော်ပြီးစီးနေပြီဖြစ်ပါကြောင်း။

**နေရောင်ခြည်စွမ်းအင်သုံးစီမံကိန်း**

နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစီမံကိန်း ၁၈ ခုကိုလည်း တင်ဒါစနစ်ဖြင့် ခေါ်ယူပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ဓာတ်အားရရှိရန် စီမံကိန်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့စီမံဆောင်ရွက်လျက်ရှိရာ ဓာတ်အားထုတ်လုပ်မှု ကိုးရာခိုင်နှုန်းကို နေစွမ်းအင်စနစ်ဖြင့် စီမံဆောင်ရွက်နေကြောင်း၊ လေစွမ်းအင်ဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်မှ ဓာတ်အားထုတ်လုပ်နိုင်ရန် ရည်မှန်းထားပါကြောင်း၊ ထိုရည်မှန်းချက်ပြည့်မီရန် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၇၀ ထုတ်လုပ်နိုင်မည့် နေရောင်ခြည်စွမ်းအင်သုံးစီမံကိန်း ၁၃ ခုကိုလည်း စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူ မဂ္ဂါဝပ် ၃၉၀ ဓာတ်အားထုတ်လုပ်နိုင်မည့် စီမံကိန်းသုံးခုကိုလည်း ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနှံ့ဖြစ်နိုင်သည့် နေရာများတွင် Floating Solar စီမံကိန်း၊ Rooftop Solar စီမံကိန်းများနှင့် အသေးစား၊ အလတ်စား ရေအားလျှပ်စစ်စီမံကိန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် အထူးကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

လက်ရှိ ထုတ်လုပ်နေသည့် နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်များတွင် အလယ်ပေါင်းလောင်း ၁၅၂ မဂ္ဂါဝပ်၊ အထက်ရဲရွာမှ ၂၈၀ မဂ္ဂါဝပ်၊ သူငွေးရေအားလျှပ်စစ်မှ ၁၁၁ မဂ္ဂါဝပ်၊ အထက်ကျိုင်းတောင်းမှ ၅၁ မဂ္ဂါဝပ်၊ နပင် ခြောက်မဂ္ဂါဝပ် စသည့် ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း ဆောင်ရွက်နေသကဲ့သို့ လက်ရှိရှိပြီး စီမံကိန်းများကိုလည်း တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**China Central Television(CCTV)** သတင်းဌာန၏ မေ ၁၇ ရက်တွင် နိုင်ငံတကာလေကြောင်းလိုင်းများ မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့်ပြုတော့မည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန် အဓိကဦးတည်ချက်အဖြစ် ဆောင်ရွက်သွားမည့်လက္ခဏာတစ်ရပ်ဖြစ်ပါသလား မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြည်တွင်းခရီးသွားလုပ်ငန်းကို ပထမအဆင့်အနေဖြင့် စတင်ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ နိုင်ငံတကာခရီးသွားလုပ်ငန်းကို ၂၀၂၂ ခုနှစ် မေ ၁၇ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ပြည်ဝင်ခွင့် လိုအပ်ချက်များနှင့်အညီ သတ်မှတ်စည်းကမ်းများဖြင့် ဝင်ရောက်ခွင့်ပြုခဲ့ပါကြောင်း၊ အများသိကြသကဲ့သို့ ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်း စီးပွားရေးလုပ်ငန်းများကျဆင်းခဲ့ပြီး ခရီးသွားလုပ်ငန်းသည် ထိခိုက်မှုအများဆုံးကဏ္ဍတစ်ရပ် ဖြစ်ခဲ့ပါကြောင်း။

**ခရီးသွားလုပ်ငန်း**

ခရီးသွားလုပ်ငန်းသည် တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေရရှိပြီး မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းဖြစ်သည့်အပြင် အထူးသဖြင့် လူငယ်များနှင့် အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် လုပ်ငန်းတစ်ခုလည်းဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို သိသိသာသာထိန်းချုပ်လာနိုင်ပြီဖြစ်ပြီး ခရီးသွားလုပ်ငန်းကို စနစ်တကျ ပြန်လည်စတင်နိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများ ပေါင်းစပ်၍ ယခင်ကတည်းက ပြင်ဆင်ထားပြီး ဖြစ်ပါကြောင်း၊ ယခုတွင်လည်း နိုင်ငံတကာ ခရီးသွားများရောက်ရှိအောင် ကြိုတင်ပြင်ဆင်ပြီးစီးပြီးဖြစ်ပါကြောင်း။

ခရီးသွားဧည့်သည်များမှတစ်ဆင့် ကူးစက်ရောဂါ မပြန့်ပွားရေးအတွက် မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့် အချိန်မတိုင်မီ ၇၂ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း စသည့်ဓာတ်ခွဲအဖြေနှင့် မြန်မာ့အာမခံလုပ်ငန်းထံမှ ကျန်းမာရေးအာမခံဝယ်ယူထားကြောင်း အစရှိသည့် အခြေခံအထောက်အထားများပါရှိရန်နှင့် လေဆိပ်အတွင်း၌လည်း ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများက လိုအပ်သည်များကို စိစစ်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း၊ ရန်ကုန်မြို့၌ ဒေသအဆင့် HSP အသိအမှတ်ပြုလက်မှတ်ရ Quarantine Hotel ၆၇ လုံးဖြင့် လက်ခံဆောင်ရွက်ပေးနေပါကြောင်း၊ ခရီးသွားကဏ္ဍသည် မိမိတို့နိုင်ငံအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ အိမ်နီးနားချင်းဖြစ်သည့် တရုတ်နိုင်ငံကိုလည်း နွေးထွေးစွာ အလေးနက်ထားဖိတ်ကြားလိုပါကြောင်း၊ မန္တလေးတွင်ရှိသည့် ကောင်စစ်ဝန်ချုပ်နှင့်လည်း ညှိနှိုင်းပြီး တိုးခရီးစဉ်များ ထိထိရောက်ရောက်လာရန်အတွက် အစကတည်းက ကြိုတင်စီမံထားပြီး ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် အချို့နေရာများတွင် မတည်မငြိမ်ဖြစ်သော်ငြားလည်း အဓိကခရီးစဉ်ရှိသည့် နေရာများတွင် လုံခြုံမှုအပြည့်အဝရှိပြီး ရပ်နားခဲ့သည့် နှစ်နှစ်ကျော်ကာလအတွင်း ပြင်ဆင်ထားသည့်အတွက် ယနေ့ရှုခင်းအသစ်များ၊ ကျန်းမာရေးအပြည့်အဝ ဆောင်ရွက်ထားမှုများနှင့်အတူ ခရီးသွားလုပ်ငန်းကို များစွာပြင်ဆင်ထားရှိပါကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် အရေးကြီးသည့် လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံအားလုံးကို ဖိတ်ခေါ်ထားသကဲ့သို့ အထူးသဖြင့် အိမ်နီးနားချင်းဖြစ်သည့် တရုတ်နိုင်ငံကို အလေးထား ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

**China Central Television(CCTV)** သတင်းဌာန၏ ခရီးသွားလုပ်ငန်းမှလွဲ၍ မြန်မာနိုင်ငံသည် အနာဂတ်တွင် စီးပွားရေး ပြန်လည်နာလန်ထူနိုင်ရေးအတွက် မည်သည့်စီးပွားရေးလုပ်ငန်းများကို အဓိကဦးတည်၍ ဆောင်ရွက်သွားမည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည် ဦးမော့ရေး စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေးအတွက် စွမ်းအင်နှင့်ပတ်သက်သည့် ရေနံထုတ်လုပ်မှု၊ ရေနံချက်လုပ်မှု၊ ဓာတ်မြေသြဇာထုတ်လုပ်မှု စသည့်လုပ်ငန်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်နေပါကြောင်း၊ ဒုတိယတစ်ခုအနေဖြင့် တိုင်းပြည်၏ လျှပ်စစ်ဓာတ်အားပေးရေးကဏ္ဍတွင် လျှပ်စစ်ဓာတ်အား ပြည့်စုံလုံလောက်စွာပေးနိုင်ရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းတွင်ရှိသည့် အခြေခံအဆောက်အဦလုပ်ငန်းများအတွက် လိုအပ်သည့်တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်မှုကဏ္ဍတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သွားရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ဖိတ်ခေါ်ကြောင်း၊ ကြိုဆိုကြောင်းကြေညာထားပါကြောင်း၊ မိရိုးဖလာစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနှင့်ဆက်စပ်၍ စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍကို တရုတ်နိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံမှုအလားအလာ များစွာကောင်းမွန်ပါကြောင်း၊ ဖိတ်ခေါ်သွားမည့် ကဏ္ဍများသည် တိုင်းပြည်၏ စီးပွားရေးနာလန်ထူလာရေးအတွက် လိုအပ်သည့် ပစ္စည်းထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ပတ်သက်သည့် လုပ်ငန်းများတွင် ဦးစားပေးဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် အရေးအကြီးဆုံးရင်းနှီးမြှုပ်နှံမှုလုပ်သည့် နိုင်ငံဖြစ်ပါကြောင်း၊ တိုင်းပြည်၏ ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအားလုံး၏ ၂၇ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံက ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကဏ္ဍများတွင် တရုတ်နိုင်ငံဘက်မှ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

**China Central Television(CCTV)** သတင်းဌာန၏ မေ ၃ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာချက်အရ ဘဏ်စာရင်းအသီးသီးရှိ နိုင်ငံခြားသုံးငွေများအား တရားဝင်ငွေလဲနှုန်းဖြင့် ကျပ်ငွေအဖြစ် လဲလှယ်ရောင်းချရမည်ဟု ညွှန်ကြားခဲ့ပြီး မြန်မာမီဒီယာများ၏သတင်းတင်ပြချက်များအရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များသည် ယင်းတို့၏ လုပ်ငန်းများ ဂယက်ရိုက်သွားသည်ဟုဆိုကြရာ မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဤအမိန့်ကြော်ငြာချက်၏ ဆိုးကျိုးသက်ရောက်မှုအပေါ် မည်သို့သုံးသပ်အကဲဖြတ်ပါသလဲမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်သည့်အမိန့်ကြော်ငြာစာသည် မိမိတို့တိုင်းပြည်၏ မြန်မာကျပ်ငွေတည်ငြိမ်မှုအတွက် ဦးတည်ပြီး ထုတ်လိုက်ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရစတင်ပြီး တာဝန်ယူစဉ်ကတည်းက အမေရိကန်တစ်ဒေါ်လာ၏ ငွေလဲနှုန်းသည် ငွေကျပ် ၁၃၅၀ ဖြစ်ပါကြောင်း။

စာမျက်နှာ ၁၀ သို့ ○

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ချက်

(၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်)
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

တပ်မတော်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်ဦးတည်၍ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်စဲပေးထားပြီး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်ပြီး ယခု ၂၀၂၂ ခုနှစ်သည် ငြိမ်းချမ်းရေးနှစ်ဖြစ်ကြောင်းနှင့် တစ်နိုင်ငံလုံးတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ငြိမ်းချမ်းရေးကိစ္စရပ်များကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး အတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များနှင့် ကိုယ်တိုင်တွေ့ဆုံ၍ ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ထားပြီးဖြစ်ပါသည်။

အဆိုပါ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်နိုင်ရေး ဖိတ်ခေါ်ထားသည့်ကာလနှင့် တွေ့ဆုံဆွေးနွေးနေစဉ်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးကိုထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ လှုပ်ရှားခြင်း၊ နယ်မြေ ချဲ့ထွင်ခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ မပြုရန်နှင့် ထိုကဲ့သို့ လုပ်ဆောင်လာပါက တပ်မတော်အနေဖြင့် လိုအပ်သည့်အရေးယူတုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

○ စာမျက်နှာ ၉ မှ

ယခုနောက်ပိုင်းတွင် ဆန့်ကျင်ဘက်အဖွဲ့အစည်းများက ပြည်တွင်းစီးပွားရေးတွင် ကမောက်ကမဖြစ်အောင် ပြုလုပ်ခဲ့ပြီး ကျပ်ငွေတန်ဖိုးကျဆင်းအောင် နည်းလမ်းပေါင်းစုံ ကြိုးစားခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းအမိန့်မထုတ်ခင် ပြီးခဲ့သည့်လတွင် မြန်မာကျပ်ငွေသည် တစ်ဒေါ်လာကို ကျပ်ငွေ ၂၁၀၀ အထိ တန်ဖိုးကျသွားခဲ့သည့် အနေအထားဖြစ်ပါကြောင်း၊ ကျပ်ငွေကျဆင်းသွားခြင်းသည် ပြည်တွင်းစီးပွားရေးကို ပို၍ ကမောက်ကမဖြစ်စေပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်သည့်အမိန့်သည် ကျပ်ငွေတန်ဖိုးကျနေမှုကို ဟန့်တားနိုင်ရန်အတွက် ဗဟိုဘဏ်၏လုပ်ပိုင်ခွင့်ထဲမှ ထိန်းချုပ်လိုက်ခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လုပ်လိုက်ခြင်းဖြင့် လတ်တလောကာလတွင် မျိုးစုံထိခိုက်မှုများ ရှိနိုင်ပါကြောင်း၊ သို့သော်လည်း ရေရှည်ကိုသွားမည်ဆိုပါက အားလုံးအတွက်ကောင်းသည့် အစီအစဉ်တစ်ခုဟု ပြောလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် အမြဲတမ်းပြည်ပသို့ ပစ္စည်းတင်ပို့နေသည့်လုပ်ငန်းရှင်များက ကြိုဆိုပါကြောင်း၊ ငွေလဲနှုန်း တည်တည်ငြိမ်ငြိမ်ဖြစ်သည့်အတွက် တွက်ချက်မှု ပိုမိုမြန်ဆန်သွားသည့်အတွက် တချို့က ကြိုဆိုပြီး ဝေဖန်ထိုးနှက်မှုများလည်း ရှိပါကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သမျှ ဆိုးကျိုးသက်ရောက်မှုများ နည်းပါးစေရေးအတွက် နိုင်ငံခြားသုံးငွေကြီးကြပ်မှု ကော်မတီကို ဖွဲ့စည်းထားပါကြောင်း၊ ယင်းကော်မတီက နိုင်ငံခြားသုံးငွေနှင့်ပတ်သက်ပြီး ဆိုးကျိုးများ လျော့နည်းသွားကာ အားလုံးစီးပွားရေးကဏ္ဍ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေးအတွက် မျက်ခြည်မပြတ်စောင့်ကြည့်ပြီး လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ပေးနေပါကြောင်း ဖြေကြားသည်။

**နာမည်ကြီးအောင်လုပ်သည့် သဘောသာဖြစ်**

China Central Television(CCTV) သတင်းဌာန၏ မြန်မာ့နှစ်ကူးသင်္ကြန်ပွဲတော် နီးကပ်လာသည့်ကာလတွင် မြန်မာနိုင်ငံတစ်ဝန်းတွင် မကြာခဏပေါက်ကွဲမှု၊ ပစ်ခတ်မှုနှင့် မီးရှို့ဖျက်ဆီးမှုများ ဖြစ်ပွားလျက်ရှိရာ သက်ဆိုင်ရာ အာဏာပိုင်ဌာနများအနေဖြင့် လုံခြုံရေးမြှင့်တင်ရေးအတွက် မည်ကဲ့သို့ လုပ်ဆောင်မည်၊ လုံခြုံရေးအခြေအနေ ယိုယွင်းမှုသည် လာမည့်နှစ်၌ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအပေါ် သက်ရောက်မှုရှိနိုင်ပါသလား မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လုံခြုံရေးအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်နိုင်နင်းနင်း ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သက်တမ်းသည် တစ်နှစ်ကျော်ကျော်ဖြစ်လာသည့်အခါတွင် နိုင်ငံ၏ တည်ငြိမ်မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများကလည်း အရှိန်အဟုန်ဖြင့် စတင်ပြီး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ကောင်းမွန်သည့် အနေအထားရလာသည့်အခါတွင် တစ်ဖက်က CRPHနှင့် NUG အဖွဲ့များကလည်း အရှိန်မြှင့်ပြီး ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် တချို့သောဒေသများတွင် အကြမ်းဖက်မှုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသေးများကို တိုက်ခိုက်ခြင်းများရှိပါကြောင်း၊ အင်အားနည်းသည့် စခန်းများကို PDF များက တိုက်ပြခြင်းအားဖြင့် ၎င်းတို့ကို ပို၍နာမည်ကြီးအောင်လုပ်သည့် သဘောသာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စခန်းများသည် ဥပဒေစိုးမိုးရေးအရ ထိုက်သင့်သည့်အင်အားဖြင့် ထားရှိသည့်အင်အားသာ ဖြစ်ပါကြောင်း၊ အမှန်တကယ် တိုက်ခိုက်ရေးစခန်းများ မဟုတ်ပါကြောင်း၊ ထိုအရာများနှင့်ပတ်သက်၍ အတတ်နိုင်ဆုံး စီမံကိုင်တွယ်လျက်ရှိပါကြောင်း။

**ရေးဆွဲစီမံလျက်ရှိ**

နယ်စွန်နယ်ဖျား အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကဲ့သို့ ဧရိယာကျယ်ပြန့်သည့်နေရာများတွင်သာဖြစ်ပွားပြီး ကျန်သည့်ဒေသများတွင် ကြီးကြီးမားမား ကျယ်ကျယ်ပြန့်ပြန့် မရှိပါကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ လာမည့် ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပရန်အတွက် တစ်ကမ္ဘာလုံးကိုကြေညာပြီး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲအတွက်လည်း ပြင်ဆင်မှုအမျိုးမျိုး၊ ဥပမာ ပန်းခင်းစီမံချက်ကဲ့သို့ နိုင်ငံသားအားလုံး မှန်ကန်စွာ မဲပေးနိုင်ရေးအတွက် မှတ်ပုံတင်ပြုလုပ်ပေးပြီး မိမိတို့နိုင်ငံနှင့်သင့်လျော်သည့် ဒီမိုကရေစီနိုင်ငံတစ်ခုအနေဖြင့် သွားမည့်လမ်းကြောင်းကို သက်ဆိုင်ရာပါတီများနှင့်တွေ့ဆုံပြီး ရေးဆွဲစီမံလျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲသည် တည်ငြိမ်မှုအပေါ် မူတည်ပါကြောင်း၊ တည်ငြိမ်မှုမရှိဘဲ ရွေးကောက်ပွဲလုပ်မည်ဆိုပါက ပြည်သူအချင်းချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအချင်းချင်းသော်လည်းကောင်း တည်ငြိမ်လုံခြုံမှုမရှိပါက သွေးချောင်းစီးမှုများ ယခုထက်ပိုမိုများပြားလာနိုင်သည့် ရွေးကောက်ပွဲသဘောသဘာဝရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် အတတ်နိုင်ဆုံးတည်ငြိမ်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်မှန်သောရွေးကောက်ပွဲတစ်ခုဖြစ်ရန်ဆိုပါက နေရာတိုင်းတွင် တည်ငြိမ်ရန် လိုအပ်ပါကြောင်း၊ မတည်ငြိမ်သည့်နေရာများရှိပါက မှန်ကန်ပြည့်ဝသည့် ရွေးကောက်ပွဲတစ်ခုဖြစ်လာနိုင်သည့် အနေအထားနည်းပါးပါကြောင်း၊ ထို့ကြောင့် လက်ရှိ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို ရည်မှန်းချက်ထားပြီး နိုင်ငံကို တည်ငြိမ်အောင် ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် အတတ်နိုင်ဆုံး ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေးဆောင်ရွက်သည့်အခါ ပြည်ပက နိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံအပေါ် နားလည်မှုယုံကြည်မှုများဖြင့် ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ အထူးသဖြင့် အနောက်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအပေါ် အမျိုးမျိုးသော မီဒီယာနည်းလမ်းဖြင့်သော်လည်းကောင်း၊ အခြားကဏ္ဍများဖြင့်သော်လည်းကောင်း သတင်းတု၊ သတင်းမှားများကို ဖော်ပြပြီး မိမိတို့နိုင်ငံကို ကျဉ်းထဲကျပ်ထဲရောက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများဖြစ်သည့် အထူးသဖြင့် တရုတ်နိုင်ငံသည် မိမိတို့နိုင်ငံအပေါ် နားလည်မှုနှင့်အတူ အခက်အခဲများ ဖြစ်ပေါ်လာတိုင်းကူညီခဲ့သည့် နိုင်ငံဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံရေးကိစ္စသော်လည်းကောင်း၊ စီးပွားရေးကိစ္စသော်လည်းကောင်း များစွာအထောက်အပံ့ပေးနေသည်ကို တွေ့ရပါကြောင်း၊ ရွေးကောက်ပွဲဖြစ်မြောက်ရန်အတွက် တရုတ်နိုင်ငံကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်စေလိုပါကြောင်း၊ မှန်ကန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတစ်ခုရောက်အောင် သွားနေပါကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ နိုင်နိုင်နင်းနင်းဆောင်ရွက်နေနိုင်ပါကြောင်း၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရသည့် ကိစ္စဖြစ်သည့်အတွက် အချိန်အနည်းငယ်ယူရမည်ဟု မြင်မိပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများကိုလည်း ပြည်ပနိုင်ငံများအနေဖြင့် နားလည်မှု၊ ယုံကြည်မှုများနှင့်အတူ နိုင်ငံသားများ၏အကျိုးကို ရှေးရှုပြီး ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက မျှော်မှန်းထားသည့် ရွေးကောက်ပွဲကျင်းပပြီး ဒီမိုကရေစီ နိုင်ငံတော်အသစ်တစ်ခု မလွဲမသွေရောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**သတင်းရယူခွင့်ရရှိရေး**

China Central Television(CCTV) သတင်းဌာန၏ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဧပြီ ၂၂ ရက်မှစ၍ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပြပွဲသို့ တက်ရောက်ရန် နိုင်ငံခြားသတင်းထောက်များ စာရင်းသွင်းရန် ခွင့်ပြုထားခြင်းမရှိကြောင်း သိရပြီး တရုတ်နိုင်ငံရှိ ကျောက်မျက်ရတနာ လုပ်ငန်းရှင်အမြောက်အမြားသည် ဤပြပွဲကို အလွန်စိတ်ဝင်စားကြပါကြောင်း၊ သို့ဖြစ်၍ တရုတ်သတင်းထောက်တစ်ဦးအနေဖြင့် အဆိုပါပြပွဲတွင် သတင်းရယူခွင့်ရရှိရေးအတွက် မည်ကဲ့သို့ဆောင်ရွက်ရပါမလဲ မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် မနက်ဖြန်တွင် စတင်၍ ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ ကျောက်မျက်ဝယ်ယူမည့် ကုန်သည်များကိုလည်းကောင်း၊ သတင်းထောက်များကိုလည်းကောင်း ဖိတ်ခေါ်ပါကြောင်း၊ သတင်းထောက်များအနေဖြင့် လာရောက်လိုပါက မြန်မာနိုင်ငံသံရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ကို ဆက်သွယ်မည်ဆိုပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး ကျောက်မျက်ပြပွဲသို့တက်ရောက်သတင်းယူနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ရတနာကုန်သည်များ၊ ပြည်တွင်းပြည်ပ သတင်းထောက်များကိုလည်း ကြိုဆိုပါကြောင်း ဖြေကြားသည်။ *(ဆက်လက်ဖော်ပြပါမည်)*

## ကဝမြို့နယ်တွင် သောက်သုံးရေရှားပါးသည့် ကျေးရွာများအား သောက်သုံးရေများ ထောက်ပံ့ပေးဝေလျက်ရှိ

ကဝ ဧပြီ ၂၂

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် သောက်သုံးရေ ရှားပါးသည့် ကျေးရွာများအား သောက်သုံးရေထောက်ပံ့ပေးမှုများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထောက်ပံ့ပေးမှုများဆောင်ရွက်ရာတွင် ကဝမြို့နယ် အောင်ကံလှိုင် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေ ၃၀၈ အိမ်၊ လူဦးရေ ၁၃၁၂ ဦးအတွက် ဧပြီ ၂၁ ရက်တွင် ရေဂါလန် ၁၂၅၀၊ ဧပြီ ၂၂ ရက်တွင် ရေဂါလန် ၅၁၅၀ စုစုပေါင်း ရေဂါလန် ၆၄၀၀ကို ထောက်ပံ့ပေးဝေခဲ့ကြောင်း သိရသည်။

အဆိုပါသောက်သုံးရေထောက်ပံ့ပေးဝေခြင်းကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့က ပူးပေါင်း၍ ထောက်ပံ့ပေးခဲ့ပြီး ကျန်ရှိနေသော သောက်သုံးရေရှားပါးသည့်ကျေးရွာများကိုလည်း ဆက်လက်ထောက်ပံ့ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းသန်းဝင်း(ပြန်/ဆက်)



# မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား UNESCO မှ အကဲဖြတ်စစ်ဆေးမည့် ပညာရှင်များ လာရောက်ခြင်းမပြုမီ ကြိုတင်ပြင်ဆင်လုပ်ကိုင်ဆောင်ရွက်ရမည့် ကိစ္စရပ်များ ဆောင်ရွက်ထားရန် လိုအပ်

**နေပြည်တော် မေ ၂၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကိုသည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဦးအောင်မျိုး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးသက်လွင်၊ သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်နှင့် အတူ ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်စစ်တွေမြို့ရှိ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တဓမ္မိကထံ သွားရောက်ဖူးမြော်ခဲ့ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**မြောက်ဦးမြို့သို့ရောက်ရှိ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြောက်ဦးမြို့သို့ရောက်ရှိပြီး မြောက်ဦးမြို့ မြို့တော်ခန်းမတွင် မြောက်ဦးခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အမွေအနှစ်တစ်ခုဖြစ်ရန်အတွက် ယဉ်ကျေးမှုကဏ္ဍဆိုင်ရာ သတ်မှတ်ထားသော စံနှုန်းခြောက်ချက်ရှိရာ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို စံနှုန်း(၃၊ ၄) တို့ဖြင့် ကိုက်ညီကြောင်းကို အဆိုပြုစာတွဲတွင် ဖော်ပြခဲ့ပါကြောင်း၊ ICOMOS မှ ကျွမ်းကျင်ပညာရှင်များ၏ အကဲဖြတ်ချက်များအပေါ်မူတည်၍ ၂၀၂၃ ခုနှစ် ဇွန်လ (သို့မဟုတ်) ဇူလိုင်လတွင် ကျင်းပမည့် ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေးတွင် မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် အဆုံးအဖြတ်ပေးမည် ဖြစ်ပါကြောင်း၊ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား UNESCO မှ အကဲဖြတ်စစ်ဆေးမည့် ပညာရှင်များ လာရောက်ခြင်းမပြုမီ ကြိုတင်ပြင်ဆင်လုပ်ကိုင် ဆောင်ရွက်ရမည့် ကိစ္စရပ်များ ဆောင်ရွက်ထားရန် လိုအပ်လျက်ရှိပါကြောင်း။



မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်နိုင်ရေးအတွက် ဒေသခံများက တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်လျက်ရှိပြီး မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သည့် အရာရှိကြီးများကိုလည်း အလှည့်ကျပိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် တာဝန်ခွဲဝေပေးထားပြီးဖြစ်ပါကြောင်း၊ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ်သတ်မှတ်ခံရရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အစွမ်းကုန်ကြိုးစားလျက်ရှိပြီး ပြည်နယ်အစိုးရကလည်း လိုအပ်သည့် အထောက်အပံ့အကူအညီများ ပေးလျက်ရှိပါကြောင်း၊ ဒေသခံများကလည်း မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးကို လိုလားလျက်ရှိပြီး အားတက်သရော ဝိုင်းဝန်းဆောင်ရွက်နေသည်ကိုလည်း မြင်တွေ့ရပါကြောင်း၊ နိုင်ငံတော်အစိုးရ ဆောင်ရွက်သမျှအားလုံးကို အတိုက်အခံပြုနေသော၊ အမြဲဆန့်ကျင်ကန့်ကွက်နေသော ပြည်ပနိုင်ငံအချို့နှင့် တရားမဝင်အဖွဲ့အစည်းအချို့က၊ အနှောင့်အယှက်ပေးခြင်းများ ဆောင်ရွက်လာနိုင်ပြီး မိမိတို့မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် အဟန့်အတားဖြစ်လာနိုင်သည်ကိုလည်း ကြိုတင်တွေးဆထားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်က မြောက်ဦးဒေသကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးလုပ်ငန်းများအတွက် ကော်မတီများနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း၊ အဆောက်အအုံဆောက်လုပ်ရာတွင် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မြောက်ဦးဒေသအတွက် ရေးဆွဲထားသည့် အစီအစဉ် (Plan)၊ စီမံခန့်ခွဲမှု မူဘောင်နှင့် အချိန်ကိုက် စီမံခန့်ခွဲရမည့်အစီအစဉ်၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ကမ္ဘာ့အမွေအနှစ် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းတင်ပြသည်။

**ဖြေကြားဆွေးနွေး**

ထို့နောက် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသူများ၏မေးမြန်းဆွေးနွေးမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးပြီးနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြောက်ဦးခေတ်တွင် ဘုရင်မင်းဗာကြီးတည်ထောင်ခဲ့သည့် လက်ဆည်ကန်နှင့် အနုမကန်သို့ ရောက်ရှိပြီး သဘာဝရေကန်များကို မြောက်ဦးမြို့တော်၏ ကာကွယ်ရေးနှင့် မြို့နေလူထု အသုံးပြုရန်အတွက်ပါ ရည်ရွယ်ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ထိတိုင် အသုံးဝင်နေဆဲဖြစ်ကြောင်း၊ ထိုသို့ထူးခြားသည့်အမွေအနှစ်ကို ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၏ အကြံပြုချက်များနှင့်အညီ စနစ်တကျထိန်းသိမ်းခြင်းဖြင့် ရေရှည်တည်တံ့စေရန်အတွက် လိုက်နာဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မြောက်ဦးမြို့ရှိ မာရ်ဝိုင်းပါး ဘုရားတစ်ဆူဖြစ်သော ဇိနမာရ်အောင်ဘုရားသို့ လှည့်လည်ဖူးမြော်ပြီး ဂေါပကအဖွဲ့သို့ ဘက်စုံပြုပြင် မွမ်းမံရန်အတွက် အလှူငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ AD - ၁၅၃၅ ခုနှစ်တွင် ဘုရင်မင်းဗာကြီးတည်ထားခဲ့သည့် သျှစ်သောင်းပုထိုးတော်ကြီးအား လှည့်လည်ဖူးမြော်ပြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ဂေါပကအဖွဲ့သို့ အလှူငွေကျပ် ငါးသိန်းကိုလည်းကောင်း လှူဒါန်းခဲ့ပြီး အာရုပစိတ်ဒေသ မှတ်တမ်းအမွေအနှစ်စာရင်းဝင် အာနန္ဒစန္ဒြကျောက်စာကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ယာကဏ္ဍတွင် စက်မှုလယ်ယာစနစ် အပြည့်အဝအသုံးပြု ဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၂၂**

ထွန်ယက်စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့သိုလှောင်သည်အထိ စက်မှုလယ်ယာစနစ် အပြည့်အဝအသုံးပြုဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး ရုံးအမှတ် (၁၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီး ပြည်နယ် ဦးစီးမှူးများ တက်ရောက်ကြသည်။

**မဖြစ်မနေဆောင်ရွက်ရန်လိုအပ်**

ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက နှစ်စဉ်တိုးတက်နေသည့် လူဦးရေအတွက် လိုအပ်လာသည့်စားနပ်ရိက္ခာ ဖြည့်ဆည်းပေးနိုင်ရေး၊ ဖောက်ပြန်ပြောင်းလဲလာသော ရာသီဥတုကြောင့် စိုက်ပျိုးရိတ်သိမ်းမှုလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေးနှင့် လယ်ယာလုပ်သားရှားပါးလာမှု အခြေအနေများ ကျော်လွှားနိုင်ရေးတို့အတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲကျင့်သုံးရေးမှာ မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ မိမိတို့ရေမြေ ရာသီဥတုနှင့် ကိုက်ညီသည့် လယ်ယာသုံး စက်ကိရိယာများဖြစ်စေရေးအတွက် လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်သူများအနေဖြင့် စဉ်ဆက်မပြတ် လေ့လာတီထွင်ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ တောင်သူများလက်ဝယ်ရှိ လယ်ယာသုံးစက်ကိရိယာများကို စနစ်တကျ အသုံးပြုနိုင်စေရေးနှင့် ပြုပြင်ထိန်းသိမ်းမှုနည်းစနစ်များ အသုံးပြုနိုင်စေရေးအတွက် လေ့ကျင့်ပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်လိုကြောင်း၊ စနစ်ကျစက်မှုလယ်ယာမြေများ တိုးတက်ပေါ်ထွန်းလာစေရေးနှင့် ရွှေ့ပြောင်းတောင်ယာများနေရာတွင် အတည်တကျ စိုက်ပျိုးလုပ်ကိုင်နိုင်မည့် လှေကားထစ်နှင့် ကုန်းမြင့်လယ်ယာမြေများအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်စေရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြသည်။

**လေလွင့်ဆုံးရှုံးမှုလျော့ပါးစေရန်**

လယ်ယာကုန်ထုတ်စွမ်းအား မြင့်မားစေရန် လေလွင့်ဆုံးရှုံးမှုလျော့ပါးစေရန်နှင့် အရည်အသွေးမီထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တွန်းအားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် ပုဂ္ဂလိက စက်မှုလယ်ယာ



ဝန်ဆောင်မှုအသင်းများ ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ ပုဂ္ဂလိက စက်မှုလယ်ယာ ဝန်ဆောင်မှုအသင်း ၁၃၆ သင်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူနှင့် ပုဂ္ဂလိကများအားလုံးအတွက် လယ်ယာသုံး စက်ကိရိယာဆိုင်ရာကျွမ်းကျင်မှု မြင့်မားလာရေးအတွက် ဝန်ကြီးဌာနက ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စက်မှုလယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက် စက်မှုလယ်ယာဦးစီးဌာနက စက်မောင်း၊ စက်ပြင်သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကာ နိုင်ငံတကာ အသိအမှတ်ပြု ကျွမ်းကျင်မှုလက်မှတ်ရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(National Skills Standards Authority-NSSA) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အခြားတစ်ဖက်တွင်လည်း စက်မှုလယ်ယာဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် စက်မှုလယ်ယာအခြေခံသော အသက်မွေးဝမ်းကျောင်း ပညာရပ်များ တိုးတက်မြင့်မားရေးအတွက် ဒီပလိုမာ သင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ရေးကိုလည်း ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ဒေသတွင်ရှိသည့် တိုင်းရင်းသားလူငယ်များ အခမဲ့ပညာသင်ကြားနိုင်ရေးအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ


ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်း တောင်ကြီးပညာရေးကောလိပ်မှ သင်တန်းသား သင်တန်းသူများအား လိုက်လံနှုတ်ဆက်စဉ်။

**အောင်ပန်း မေ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (အောင်ပန်း) လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ် စက်ပြင်သင်တန်း၊ ဆောက်လုပ်ရေးသင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီက အောင်ပန်းမြို့ စက်မှုလက်မှုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသတွင်ရှိသည့် တိုင်းရင်းသားလူငယ်များ အခမဲ့ပညာသင်ကြားနိုင်ရေးအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်း ဖွင့်လှစ်သင်ကြားပေးခြင်း၊ ပုံမှန်ပညာရေးကို ပြီးဆုံးသည်အထိ သင်ယူမှုမရှိသည့် တိုင်းရင်းသားလူငယ်များအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ၁၀ ကျောင်းနှင့် တိုင်းရင်းသူအမျိုးသမီးငယ်လေးများအတွက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၆ ကျောင်း ဖွင့်လှစ်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ကျင်းပသည့် သင်တန်းဆင်းပွဲတွင် အောင်လက်မှတ်ချီးမြှင့်ခံရသည့် တိုင်းရင်းသားလူငယ်များအနေဖြင့် သင်တန်းမှ သင်ကြားပေးလိုက်သည့် ဘာသာရပ်အလိုက် ပညာရပ်များကိုလက်တွေ့အသုံးချကာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မိမိတတ်မြောက်ထားသည့် ပညာရပ်များကို အသုံးချပြီး ကိုယ့်ရပ်ရွာကိုယ့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နိုင်သည့် နိုင်ငံသားကောင်း၊ အမျိုးကောင်းသားများဖြစ်အောင် ကြိုးစားကြရန်ပြောကြားသည်။

ဆက်လက်၍ ထူးချွန်သင်တန်းသားများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ ဆောက်လုပ်ရေးသင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းတို့တွင် ထူးချွန်ဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပေးအပ်ကြပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းက ပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူ၍ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက်ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန တောင်ကြီးပညာရေးကောလိပ် ပညာရေးဘွဲ့ စာပေးစာယူပထမနှစ်သင်တန်း(၁/၂၂) သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲကို မေ ၂၂ ရက် နံနက် ၁၁ နာရီတွင် တောင်ကြီးမြို့ ပညာရေးဒီဂရီကောလိပ် ကမ္ဘောဇခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ တောင်ကြီးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နှင်းကြူဦးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပညာရေးဘွဲ့ စာပေးစာယူပထမနှစ်သင်တန်း(၁/၂၂)အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ တောင်ကြီးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဒေါ်နှင်းကြူဦးက လက်ခံရယူ၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က သင်တန်းတက်ရောက်မည့်ဆရာဆရာမများအား လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့စာပေးစာယူပထမနှစ်သင်တန်း (၁/၂၀၂၂)သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲကျင်းပ



**ပုသိမ် မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့်အတူ ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန မြောင်းမြပညာရေးဒီဂရီကောလိပ်နှင့် ပုသိမ်ပညာရေးဒီဂရီကောလိပ်များသို့သွားရောက်၍ ပညာရေးဘွဲ့စာပေးစာယူပထမနှစ်သင်တန်း(၁/၂၀၂၂) သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲအခမ်းအနားများသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

**ပေးအပ်ချီးမြှင့်သွားမည်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ဆရာဆရာမများ၏ကဏ္ဍမှာ များစွာအရေးကြီးကြောင်း၊ လာမည့်နှစ်တွင်လည်း ဒုတိယနှစ် သင်တန်းများ ဆက်လက်ဖွင့်လှစ်သင်ကြားပြီး ရန်ကုန်ပညာရေးတက္ကသိုလ်မှပညာရေးဘွဲ့ (B.Ed) များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ဆရာဆရာမများသည် တပည့်များကို သင်ကြားရင်း ကိုယ်တိုင်လည်း ထပ်မံလေ့လာဆည်းပူးနေရမည်ဖြစ်၍ ထာဝရကျောင်းသားကြီးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိကိုယ်တိုင် စဉ်ဆက်မပြတ်လေ့လာသင်ယူ၍ တစ်ဖက်ကလည်း မိမိတပည့်များအား ပြုစုပျိုးထောင် မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း၊ ဆရာဆရာမများသည် လောကကိုပညာဖြင့် အလှဆင်သူ၊ ကရုဏာဖြင့်ဖြေဖျောက်သူများဖြစ်သည့်အတွက် ဂုဏ်ပြုကြောင်း ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ပံ့ငွေများပေးအပ်သည်။

ပုသိမ်ပညာရေးဒီဂရီကောလိပ်၊ မြောင်းမြပညာရေးဒီဂရီကောလိပ်၊ ဘိုကလေးပညာရေးဒီဂရီကောလိပ်တို့တွင် ဆရာဆရာမ စုစုပေါင်း ၉၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# အာဆီယံ ကိုယ်ကာယကြံ့ခိုင်မှုညွှန်းကိန်းများကောက်ယူခြင်း အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၂**

အာဆီယံ ကိုယ်ကာယကြံ့ခိုင်မှုညွှန်းကိန်းများကောက်ယူခြင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ သက်ဆိုင်ရာဌာနခွဲ ညွှန်ကြားရေးမှူးများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ကိုယ်ကာယကြံ့ခိုင်မှုစစ်ဆေးဆောင်ရွက်မည့် တာဝန်ခံများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက မြန်မာနိုင်ငံသားများ၏ ကိုယ်ခန္ဓာကြံ့ခိုင်မှုညွှန်းကိန်းများ အတည်ပြုသတ်မှတ်နိုင်ရေး သုတေသနစစ်တမ်းကောက်ယူခြင်းကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုတို့ရှိ မြို့ပြ၊ ကျေးလက်ဒေသများတွင် အင်အား ၄၈၀ ဖြင့် အသက်အုပ်စု လေးမျိုးခွဲခြား၍ သတ်မှတ်လူဦးရေ ၇၆၈၀ ကို သတ်မှတ်ကာလဖြစ်သည့် ၂၀၂၂ ခုနှစ် မေလအတွင်း ASEAN Physical Fitness Indicator (APFI) Templates များ အသုံးပြု၍ ကိုယ်ခန္ဓာကြံ့ခိုင်မှုညွှန်းကိန်း ငါးမျိုးအား ဆန်းစစ်လေ့လာ ဆောင်ရွက်သွားမည်ဖြစ်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ စစ်တမ်းကောက်ယူသည့်အဖွဲ့များ အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် တာဝန်ခံညွှန်ကြားရေးမှူးများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် လိုအပ်သည်များကြိုတင်ညှိနှိုင်း ဆောင်ရွက်ထားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက စစ်တမ်းမေးခွန်းလွှာများ မှန်မှန်ကန်ကန်ရရှိနိုင်စေရေးအတွက် စစ်တမ်းကောက်ယူမည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး အဖွဲ့များစနစ်တကျခွဲ၍ လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန်အတွက် ကိုယ်ခန္ဓာကြံ့ခိုင်မှုညွှန်းကိန်းများကောက်ယူမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ အားကစားဆေးဘက်ဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာစိုးမင်းဦးက စစ်တမ်းကောက်ယူမည့်အဖွဲ့များကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ထပ်မံ၍ သင်တန်းပေးဆောင်ရွက်သွားမည့်ကိစ္စကိုလည်းကောင်း ဆွေးနွေးပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ထိုင်းနိုင်ငံ၌ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာစေရန် ပြည်ဝင်ခွင့်ကန့်သတ်ချက်များ ဖြေလျှော့မည်

**ဗန်ကောက် မေ ၂၂**

ထိုင်းနိုင်ငံသည် နိုင်ငံအတွင်း ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာစေရန်အတွက် မေလမှစတင်၍ နိုင်ငံအတွင်း ဝင်ရောက်ခွင့်ဆိုင်ရာ ကျန်းမာရေး ကန့်သတ်ချက်များကို ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မေ ၁ ရက်မှစတင်၍ နိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသူ နိုင်ငံခြားသား ခရီးသည်များအနေဖြင့် နိုင်ငံအတွင်းသို့ စတင်ရောက်ရှိလာသည့် အချိန်တွင် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးရန် မလိုအပ်ကြောင်း သိရသည်။ ထို့ပြင် နိုင်ငံအတွင်းသို့မရောက်ရှိမီ ကိုဗစ်-၁၉ ရောဂါ ကြိုတင်စစ်ဆေးစေသည့် စနစ်ကိုလည်း ယခုလအစောပိုင်းမှစတင်၍ ပယ်ဖျက်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် နိုင်ငံအတွင်းသို့ လာရောက်မည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးနှံရသေးသည့် နိုင်ငံခြားသား ခရီးသည်များအနေဖြင့် ၎င်းတို့ခရီး စတင်မထွက်ခွာမီ ၇၂ နာရီ အတွင်း ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း စစ်ဆေးထားသည့် ဆေးလက်မှတ်ကို ပြသနိုင်ပါက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားခွဲခြားစောင့်ကြည့်ခြင်းခံယူရန် မလိုအပ်ကြောင်းနှင့် ၎င်းဆေးလက်မှတ် မပြသနိုင်ပါက ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ဆိုင်ရာ သီးခြားခွဲခြားစောင့်ကြည့်ခြင်းကို ငါးရက် ခံယူရမည်ဖြစ်ကာ ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုခံယူရန် လိုအပ်ကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံခန့်ခွဲရေးစင်တာမှ တာဝန်ရှိသူ တဝါစင်ဗီဆာနူရိသင်က ပြောကြားသည်။



နိုင်ငံခြားသားခရီးသည်များအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး အာမခံကြေးကိုလည်း လျှော့ချသတ်မှတ်လိုက်ပြီး ယင်းကဲ့သို့ သတ်မှတ်ခဲ့ခြင်းဖြစ် နိုင်ငံခြားသားခရီးသည်များ ထိုင်းနိုင်ငံအတွင်းသို့ အများအပြားဝင်ရောက်လာစေရန် ဆွဲဆောင်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ဧပြီ ၁ ရက်မှ ၂၀ ရက်အတွင်း ထိုင်းနိုင်ငံသို့ နိုင်ငံခြားသား ခရီးသည် ၂၇၅၅၅၉ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။ ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ စီးပွားရေး ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ထိုင်းနိုင်ငံ ဗဟိုဘဏ်က ခန့်မှန်းထားသည်။ ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄ ဒသမ ၁၂ သန်းကျော်ရှိပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၂၇၅၂၀ ရှိကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံခန့်ခွဲရေးစင်တာက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ နေ့စဉ်ကူးစက်မှုအရေအတွက် ၂၀၀၀ ကျော်အထိ ပြန်လည်မြင့်တက်လာ

**နယူးဒေလီ မေ ၂၂**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၅၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၃၀၅၂၄၂၅ ဦး ရှိလာပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

လွန်ခဲ့သော လအနည်းငယ်အတွင်း နေ့စဉ်ကူးစက်မှုအရေအတွက် လျော့ကျလာပြီးနောက် ကူးစက်ခံရသူအရေအတွက် ၂၀၀၀ ကျော်အထိ မြင့်တက်လာခဲ့သည်မှာ သုံးရက်ဆက်တိုက်ရှိပြီဖြစ်ကြောင်း သိရသည်။



ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၅၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၂၁၁၆ ဦး ရှိပြီဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိအချိန်အထိ ပိုးတွေ့ရှိဆဲလူနာ ၁၄၂၄၁ ဦးရှိကြောင်း သိရသည်။ အဆိုပါ ပိုးတွေ့ရှိဆဲလူနာ အရေအတွက်သည် လွန်ခဲ့သော နှစ်လအတွင်းက လျော့ကျခဲ့သော်လည်း လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ပြန်လည်မြင့်တက်လာခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၈၉ ဦး ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၂၅၁၆၀၆၈ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၈၉၉ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မေ ၂၂**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၈၉၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၄၁၅၁၀၁ ဦးအထိ မြင့်တက်လာပြီဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၁၆ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၅၈၈၃ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ငါးဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၄၇၀ ရှိပြီဖြစ်သည်။ သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၈၄၃၄ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံမှ ဆင်းသွားသူပေါင်း ၄၂၉၁၄၄၇ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ရှိဆဲလူနာ ၈၈၁၈၄ ဦးရှိပြီး ၎င်းတို့အနက် ၉၂ ဦးသည် ရောဂါပြင်းထန်စွာခံစားနေရပြီး ၆၁ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိတွင် နိုင်ငံ့လူဦးရေ၏ ၈၄ ဒသမ ၇ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၈၀ ဒသမ ၉ ရာခိုင်နှုန်းသည် ကာကွယ်ဆေးအပြည့်အဝ(နှစ်ကြိမ်) ထိုးနှံမှုခံယူပြီးဖြစ်သည်။ ထို့ပြင် ၄၉ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**



# မွန်ဂိုလီးယားနိုင်ငံ၌ သဲမုန်တိုင်းများနှင့် နှင်းမုန်တိုင်းများ ဝင်ရောက်တိုက်ခတ်နိုင်

**အူလန်ဘာတာ မေ ၂၂**

မွန်ဂိုလီးယားနိုင်ငံအတွင်း သဲမုန်တိုင်းများနှင့် နှင်းမုန်တိုင်းများ ဝင်ရောက်တိုက်ခတ်လာနိုင်ကြောင်း မိုးလေဝသနှင့် သဘာဝပတ်ဝန်းကျင် စောင့်ကြည့်ရေးအေဂျင်စီက ယနေ့သတိပေးချက်ထုတ်ပြန်ခဲ့သည်။

**ကြိုတင်ကာကွယ်မှုများဆောင်ရွက်**

မေ ၂၅ ရက်မှစတင်၍ နိုင်ငံမြောက်ပိုင်းဒေသများသို့ နှင်းမုန်တိုင်းများ ဝင်ရောက်တိုက်ခတ်နိုင်ပြီး နိုင်ငံတောင်ပိုင်း၌ သဲမုန်တိုင်းများ ဝင်ရောက်နိုင်ကြောင်း သတိပေးထားသည်။ ယင်းကဲ့သို့ ရာသီဥတုဆိုးရွားသည့်အခြေအနေများ ဖြစ်လာနိုင်သဖြင့် နိုင်ငံအတွင်းရှိယာဉ်မောင်းများနှင့် တိရစ္ဆာန်ထိန်းကျောင်းသူများအား လိုအပ်သည့်ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံတွင် နွေဦးရာသီ၌ လေပြင်းအပါအဝင် သဲမုန်တိုင်းနှင့် နှင်းမုန်တိုင်များ ဝင်ရောက်တိုက်ခတ်လေ့ရှိသည်။ ယမန်နှစ်မတ်လအတွင်းက သဲမုန်တိုင်းနှင့် နှင်းမုန်တိုင်းများ ဝင်ရောက်တိုက်ခတ်ခဲ့သောကြောင့် တိရစ္ဆာန်ထိန်းကျောင်းသူများ အသက်သေဆုံးခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အာဖရိကဒေသ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁ ဒသမ ၃၉ သန်းနီးပါးရှိလာ

**အဒစ်အာဘာဘာ မေ ၂၂**

အာဖရိကဒေသ၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၃၈၉၇၈၃ ဦး ရှိပြီဖြစ်ကြောင်း အာဖရိကရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာက ပြောကြားသည်။

အာဖရိကဒေသအတွင်း လက်ရှိအချိန်အထိ ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူ ၂၅၁၈၇၃ ဦးရှိပြီး အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၀၇၇၆၆၉၄ ဦးရှိကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် လစ်ဗျားနိုင်ငံများသည် ဒေသတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများပြားသည့်နိုင်ငံများဖြစ်သည်။ တောင်အာဖရိကနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၄၆၄၂၄ ဦးဖြင့် ဒေသအတွင်း ရောဂါကူးစက်မှုတွင် ပထမနေရာ၌ ရှိနေပြီး မြောက်အာဖရိကနှင့် အရှေ့အာဖရိကသည် ဒုတိယနေရာတွင်ရှိကာ ဗဟိုအာဖရိက ဒေသသည် ရောဂါကူးစက်မှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၈၁၀၅၈ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၂၂**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သောတစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၁၀၅၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၁၆၇၅၅၀၅၅ ဦးရှိပြီဖြစ်ကြောင်း တောင်ကိုရီးယားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။ အဆိုပါ ရောဂါကူးစက်မှုနှုန်း မြင့်တက်လာခြင်းသည် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်နှင့် BA.2 ဗီဇခွဲဗိုင်းရပ်စ်တို့ ပျံ့နှံ့မှုတို့ကြောင့် ဖြစ်သည်ဟု ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၅ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။ လက်ရှိတွင် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသည့် ရောဂါကူးစက်ခံရသူပေါင်း ၃၁၆၈၁ ဦးရှိပြီဖြစ်သည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၈၃၃ ဦးသည် ရောဂါအခြေအနေဆိုးရွားစွာ ခံစားနေရကြောင်း သိရသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၀၆ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၁၈၇၃ ဦးရှိပြီဖြစ်သည်။

လက်ရှိအချိန်အထိ ပြည်သူ ၄၄၅၃၂၀၈၃ ဦး (နိုင်ငံ့လူဦးရေ ၈၆ ဒသမ ၈ ရာခိုင်နှုန်း)သည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၃၃၀၀၄၃၉၀၀ (နိုင်ငံ့လူဦးရေ ၆၄ ဒသမ ၄ ရာခိုင်နှုန်း) သည် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# တရားမဝင်သစ်မျိုးစုံ၊ မော်တော်ယာဉ်အပိုပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တောင်ကြီးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ရုံးက ဦးဆောင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၄)မိုင်သစ်တော ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ကျိုင်းတုံမြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသည့် ကုန်တင်ယာဉ်တစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော ဆိုင်ကယ်အပိုပစ္စည်းများ၊ ကားကူရှင်အစွပ်များ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၁၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စစ်ဆေးမှုများဆောင်ရွက်**

ယင်းအပြင် ဧပြီ ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုင်တိုင်အမှတ် ၉၆ မိုင် ၆ ဖာလုံအနီး ရှောင်ကွင်းလမ်းအတွင်းတွင် Toyota Probox အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော ကားအပိုပစ္စည်းများနှင့် ဘေထုပ်များ (ခန့်မှန်းတန်ဖိုးငွေ ၅၂၀၃၅၈၀၂ ကျပ်)ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းပါကေး အကြမ်းတုံး ၁ ဒသမ ၂၅၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅,၆၆၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၇၅၆၆၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

အလားတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ ၅၁ ဒသမ ၁၇၃၄ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၀၅၄၉၆၈၃ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၁၉ ရက်၊ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်များတွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၉၇၁၁၄၅ ) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့နယ်နှင့် နောင်ချိုမြို့တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီ ၂၁ ရက် နံနက် ၂ နာရီခွဲတွင် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့်အတူ တောင်ကြီးမြို့နယ် အေးသာယာမြို့



အမှတ်(၇)ရပ်ကွက်ရှိ မျိုးညွန့်(ခ)ပုတူး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၀၀ ကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ ပါဟက်ရပ်ကွက်ရှိ မန္တလေး-လားရှိုးသွားကားလမ်း မိုင်တိုင်အမှတ် (၈၀/၄)တွင် စိုးမင်းအောင်(ခ)အိုက်ပီး မောင်းနှင်ပြီး နိုင်လင်း လိုက်ပါလာသည့် AD VAN အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀၀၀၀ ကို လည်း ကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**


စိုးမင်းအောင်(ခ)အိုက်ပီး၊ နိုင်လင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဧပြီ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဧပြီ ၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၁၇) ၌ သူတစ်ပါးကို ကူညီပေးပါက မိမိတွင် ဒုက္ခနှင့် ကြုံတွေ့သည့်အခါ အကူအညီပြန်ရနိုင်ပုံကို ရေးဖွဲ့ထားသည့် "အတုံ့အလှည့်" မျက်နှာဖုံးဇာတ်လမ်း၊ မြန်မာ့တူရိယာတစ်မျိုးဖြစ်သည့် စည်တိုအကြောင်းကို ဗဟုသုတရဖွယ် ရေးဖွဲ့ထားသည့် "စည်တို" သုတဆောင်းပါး၊ ကလေးတို့အနေဖြင့် မိမိဘဝကို ကောင်းစွာနားလည်သိရှိကာ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေပြုမူနေထိုင်တတ်စေရန် သရုပ်ဖော်တင်ဆက်ထားသည့် "ဒ့ါကြောင့်ကိုး" နှစ်မျက်နှာကာတွန်း၊ ရိုးသားစွာ ကြိုးစားလုပ်ကိုင်ပါက သူတစ်ပါး၏ ကူညီစောင်မမှုကို ရရှိနိုင်ကြောင်းနှင့် ကောက်ကျစ်စဉ်းလဲပါက ဒုက္ခတွေ့နိုင်ပုံကို ရေးဖွဲ့ထားသည့် "ရိုးသားခြင်းလက်ဆောင်" ပုံပြင်၊ မိခင်ရင်ခွင်သည် သားသမီးများ နားခိုရန် အကောင်းဆုံးရင်ခွင်ဖြစ်ကြောင်းကို တင်ဆက်ထားသည့် "အနွေးဆုံးရင်ခွင်" တစ်မျက်နှာ ကာတွန်း၊ ကလေးများအနေဖြင့် အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်စေရန် ပညာပေးတင်ဆက်ထားသည့် "အချိန်" ဝတ္ထု၊ မည်သည့်အလုပ်မျိုးကို လုပ်ကိုင်သည်ဖြစ်စေ စည်းစနစ်တကျနှင့် အချိန်မှန်မှန် ဆောင်ရွက်သင့်ကြောင်းကို သရုပ်ဖော်ရေးဖွဲ့ထားသည့် "နည်းမှန်လမ်းမှန်" နှစ်မျက်နှာကာတွန်း၊ ကလေးများအနေဖြင့် ကျောင်းပိတ်ရက်တွင် ရပ်ရွာအကျိုးကို မိမိတို့တတ်စွမ်းသမျှ ဆောင်ရွက်သင့်ကြောင်း ရေးဖွဲ့ထားသည့် "ဆုရတီအောင်-ပွင့်လင်းရာသီ" နှစ်မျက်နှာကာတွန်း၊ Adjective အကြောင်းကို ဥပမာဝါကျများဖြင့် တင်ဆက်ထားသည့် "ရွှေသွေး




အင်္ဂလိပ်သဒ္ဒါ - အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ရွှေသွေးတို့လက်ရာကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံလင်စွာထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၄-၂၀၂၂ စနေနေ့

### MRTV HD

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဒိုမိုကရေစီဟုဆိုရာဝယ်
- ၀၉:၄၀ ခေတ်အလိုက်ကြေးမုံပြင်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်မျိုးဆက်သစ်အစီအစဉ်
- ၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ 'ရပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၁၉)
- ၁၃:၃၀ MRTV National News
- ၁၄:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အငေးဆုံးသောနေရာ' (အပိုင်း-၂၉)
- ၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ် 'သက်တန့်လေးပျိုပျို'
- ၁၆:၅၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၁၅ ရှုလေမြင်လေကမ္ဘာမြေ
- ၁၇:၃၅ MRTV Travelogue
- ၁၇:၅၀ Road to 31st SEA Games Vietnam (ဘီလီယက်နှင့်စနူကာ)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သုတဝေဖြာသီရိဂေဟာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့ လျှို့ဝှက်ချက်' (အပိုင်း-၈၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ "ရွှေမဉ္ဇူ" အငြိမ့်

### mitv

- 07:01 Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
- 07:08 Weekly Review
- 07:23 Let's Taste Delicious Insects: Cricket Samosas, Pounded Crickets and Potato
- 07:42 Myanmar Designer Studio: Min Min Myat
- 08:01 Quiz Time
- 08:53 Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China
- 09:01 News
- 09:25 Global Partnership for Brighter Future: Yemen Pavilion at Expo 2020 Dubai
- 09:34 Ecotourism: The world Famous Novelist George Orwell's House
- 09:51 Products of Myanmar - Products Of The Loom

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရောဝတီရဲ့အရှိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီ(အပိုင်း-၅)

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရှေးဟောင်းသမိုင်းဝင်ဆန္ဒန်အိုင်

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
အသားအရေလှပစေရန် လုပ်ဆောင်သင့်သည့်အရာများ

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ကြိတ်အောတို့

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ချစ်စရာမွန်ရိုးရာအိမ်

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
လေးရှင်းတောင်မီးပြတိုက်ဟောင်း

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
မောက်မယ်မြို့လေးတစ်နေရာကပန်းတမော့လက်မှုပညာ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
'ဝ' ရိုးရာခေါ်ပုတ်ထောင်းနည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ခေါင်လန်ဖူးအလွန်မှဒီးလာဝါဇီကျေးရွာသို့

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ (အပိုင်း-၃)

**ဝကြောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တိမ်တိုက်ကြားက ဘောဂလီမြို့

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ (၅၇)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ
- ၀၉:၁၅ Road to 31st SEA Games Vietnam (ဘီလီယက်နှင့်စနူကာ)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
- ၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၃၀ တောင်သူအကျိုးကိုရည်မှန်းကာ ပျော်ဘွယ်မြို့နယ်မှ အထူးဇုန်စံပြစိုက်ကွက်ဝါ
- ၀၇:၀၀ ဆေးပက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
- ၀၇:၅၀ မြေပဲစိုက်ပျိုးဝင်ငွေတိုး
- ၀၈:၀၀ ဆွေးနွေးကြမယ်စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
- ၀၉:၄၀ သမိုင်းအစဉ်အလာကြီးမားတဲ့တောင်ငူသားတို့ရဲ့လယ်ကွင်းများဆီ

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဇနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ တရားစွဲဆိုခံရသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း ဦးသောင်းထွန်း အပေါ် စီရင်ချက်အမိန့်ချမှတ်

နေပြည်တော် ဧပြီ ၂၂

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း ဦးသောင်းထွန်း၏ ဆောင်ရွက်မှုများအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌဟောင်း ဦးသောင်းထွန်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတာဝန် ထမ်းဆောင်စဉ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနပိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းပေါ်ရှိ မြေဧက ၉ ဒသမ ၂၂၀ အား ၎င်းနှင့်ပုဂ္ဂိုလ်ရေး ရင်းနှီးသော ပုဂ္ဂလိကကုမ္ပဏီတစ်ခုသို့ တင်ဒါခေါ်ယူမှုမရှိဘဲ နှစ် ၃၀ ငှားရမ်းပေးခဲ့ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်စပ်လျဉ်းသည့် မြေအသုံးပြုပိုင်ခွင့်အမိန့်ကြော်ငြာစာ) အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၁ နှင့် နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက် ၃/၂၀၁၈ ၌ ငှားရမ်းခအား နိုင်ငံပိုင်မြေ၊ အဆောက်အအုံများ တည်ရှိရာဒေသ၏ ကာလပေါက်ဈေးအတိုင်း သတ်မှတ်ရမည်ဟူသော ပြဋ္ဌာန်းချက်ကို လိုက်နာမှုမရှိခြင်း၊ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် တစ်နှစ်အတွက် မြေငှားရမ်းခ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သိန်းကျော်နှင့် မြေအသုံးချမှု ပရီမီယံကြေး အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ သန်းကျော် နစ်နာဆုံးရှုံးခဲ့ခြင်းတို့ကြောင့် ပြည်ထောင်စုဝန်ကြီးဟောင်း ဦးသောင်းထွန်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၄၁/၂၀၂၂၊ ၄၂/၂၀၂၂ နှင့် ၄၃/၂၀၂၂ အထိ အမှုသုံးမှုဖြင့် လက်ခံစစ်ဆေးခဲ့သည်။

ယင်းအမှုများအပေါ် ပြစ်မှုထင်ရှားသဖြင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ယနေ့ရက်စွဲဖြင့် ပြည်ထောင်စုဝန်ကြီးဟောင်း ဦးသောင်းထွန်းကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ အမှုသုံးမှုအတွက် စုစုပေါင်း အလုပ်နှင့်ထောင်ဒဏ် ၉ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခံရသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း ဦးကျော်လင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦး၊ ဦးရဲမင်းဇော်နှင့် ဦးနေအောင်ရဲမြင့် တို့အပေါ် စီရင်ချက်အမိန့်ချမှတ်

နေပြည်တော် ဧပြီ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း ဦးကျော်လင်း၏ ဆောင်ရွက်ချက်များအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း ဦးကျော်လင်းသည် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ရွေးချယ်ခံရန် ဆောင်ရွက်နေသည့်အချိန်တွင် ဒေသခံပြည်သူလူထု ထောက်ခံမှုရရှိစေရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၇ ဖြင့် ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းကို လိုက်နာမှုမရှိဘဲ မုံရွာ-ယာကြီး-ကလေးဝလမ်း မိုင်(၈၅/၀)မှ ကြာပင်ကျေးရွာသို့ ဆက်သွယ်ထားသောလမ်းအား ငွေစာရင်းခေါင်းစဉ် လျာထားသတ်မှတ်မှုမရှိဘဲ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦးက လမ်းဦးစီးဌာန ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေကျပ် ၅၆၂ သန်းကျော်ဖြင့် သုံးစွဲစေရေး ဆောင်ရွက်စေခဲ့ခြင်း၊ မင်းကင်းမြို့နယ်တွင် ကျောက်အိုးတံတားအသစ်ကို ငွေလုံးငွေရင်းရန်ပုံငွေမှ လျာထားခွင့်ပြုထားခြင်းမရှိဘဲ ဦးကျော်လင်း၏ လမ်းညွှန်ချက်ဖြင့် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က တံတားပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေကျပ်သန်း ၁၂၀ ဖြင့် တည်ဆောက်စေခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်၏ ငွေကြေးများကို ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ကြောင်း။

ဦးကျော်လင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတာဝန်ထမ်းဆောင်စဉ် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီခရိုင်ရုံး ဆောက်လုပ်ရန်အတွက် အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်ထံမှတစ်ဆင့် အဆောက်အဦအထူးအဖွဲ့ ၁၆ ဖွဲ့ရှိ လက်အောက်ဝန်ထမ်းများထံမှ ငွေကျပ်သိန်း ၃၀ ကို လက်ခံရယူခဲ့ကြောင်း။

ဦးကျော်လင်းသည် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆောင်ရွက်နေသည့်အချိန်တွင် မင်းကင်းမြို့နယ်သို့ သွားရောက်သည့် ခရီးစဉ်များ၌ ဘုန်းတော်ကြီးကျောင်းများသို့ ဝင်ရောက်ဖူးမြော်၍ အလှူငွေနှင့် ဆန်အိတ်များ ပေးအပ်လှူဒါန်းရာတွင် ၎င်း၏ ညွှန်ကြားချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းများမှ စီစဉ်ပေးသည့် ဆန်အိတ် ၆၈ အိတ်ကို ထိုက်သင့်သည့် တန်ဖိုးငွေ ပေးချေခြင်းမရှိဘဲ လက်ခံခဲ့ကြောင်း။

ဦးကျော်လင်းသည် ပါတီအောင်နိုင်ရေးတွင် အသုံးပြုရန် အကြောင်းပြ၍ အလှူငွေများကို ၎င်းကိုယ်တိုင်နှင့် ၎င်း၏ကိုယ်ရေးအရာရှိဖြစ်သူမှတစ်ဆင့် ဆောက်လုပ်ရေးဝန်ထမ်းများနှင့် ဆောက်လုပ်ရေးကုမ္ပဏီများထံမှ စုစုပေါင်း ငွေကျပ် ၃၆၃ သိန်းကျော်ကို လက်ခံ၍ ရွေးကောက်ပွဲစည်းရုံးရေးအတွက် ပါတီအလံ၊ အင်္ကျီ၊ တီရှပ်၊ ဦးထုပ်နှင့် လက်ကမ်းစာစောင်များဝယ်ယူရာတွင် အသုံးပြုခဲ့ကြောင်း၊ ဆောက်လုပ်ရေးကုမ္ပဏီနှစ်ခုထံမှ စုစုပေါင်း ငွေကျပ်သိန်း ၆၀၀ ကို ၎င်း၏ကိုယ်ရေးအရာရှိမှတစ်ဆင့် လက်ခံရယူခဲ့ကြောင်းတို့ကို စစ်ဆေးပေါ်ပေါက်သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း ဦးကျော်လင်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဦးအောင်မြင့်ဦး၊ ဦးရဲမင်းဇော်နှင့် ဦးနေအောင်ရဲမြင့် တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅/၆၃ အရလည်းကောင်း မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၂၆/၂၀၂၂ မှ ၃၅/၂၀၂၂ အထိ အမှု ၁၀ မှုဖြင့် လက်ခံစစ်ဆေးခဲ့သည်။

၎င်းအမှုများအပေါ် ပြစ်မှုထင်ရှားသဖြင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က ယနေ့ရက်စွဲဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း ဦးကျော်လင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရ အလုပ်နှင့်ထောင်ဒဏ် ၂၀ နှစ် ကျခံစေရန်၊ ညွှန်ကြားရေးမှူးချုပ်ဟောင်း ဦးအောင်မြင့်ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅/၆၃ အရ အလုပ်နှင့်ထောင်ဒဏ် ၄ နှစ် ကျခံစေရန်နှင့် ညွှန်ကြားရေးမှူးချုပ်ဟောင်း ဦးရဲမင်းဇော်နှင့် ဦးနေအောင်ရဲမြင့်တို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅/၆၃ အရ အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# မွေခံထိုက်စေ ယဉ်ကျေးမှုအမွေ

**ပြည်ထောင်စုသားတစ်ဦး**

ဂျိုဆွန်းခေတ် နန်းတွင်းရိုးရာ ဝတ်စုံကိုယ်စီ ဝတ်ဆင်ထားသော ကိုရီးယား ကလေးငယ်များသည် နန်းတွင်းရတနာ(၂) ဇာတ်ဝင်ခန်း သီချင်းကို သံပြိုင်သီဆို၍ အဖွဲ့လိုက် သရုပ်ပြတင်ဆက်နေသည်။ တီးမှုတ်ဖျော်ဖြေနေကြသူ တူရိယာပညာရှင်များကလည်း ဂျိုဆွန်းခေတ် နန်းတွင်းရိုးရာယဉ်ကျေးမှု ဝတ်စုံကိုယ်စီနှင့်။ စားပွဲဝိုင်းတစ်ခုမှာတော့ နန်းတွင်းရတနာ(၂) ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွင် အဓိကပါဝင်သရုပ်ဆောင်ခဲ့သော ဂျိုဆွန်းဘုရင်မင်းကြီးနှင့် ကြင်ရာတော် ဒုံရီတို့က အခမ်းအနားကို တက်ရောက်အားပေးရင်း အပြုံးကိုယ်စီဖြင့်။

**မွေခံထိုက်စေပေးဝေလျက်ရှိ**

ထိုမြင်ကွင်းကို ကြည့်ခြင်းအားဖြင့် ကိုရီးယားတို့သည် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် မျိုးဆက်သစ်များထံ မွေခံထိုက်စေပေးဝေလျက်ရှိသည်ကို ဆဝါးတွေ့မြင်နိုင်သည်။ တစ်ဖက်ကလည်း ကိုရီးယားရုပ်ရှင်အနုပညာရှင်များသည် ယဉ်ကျေးမှုသံတမန်များသဖွယ် ကိုရီးယားနိုင်ငံ၏ သမိုင်းကြောင်းနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ရုပ်ရှင်၊ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ရိုက်ကူး၍ အာရှနှင့် ကမ္ဘာသို့ ထိုးဖောက်ဖြန့်ချိလျက်ရှိကြသည်။

ဂိုဂူယောကို တည်ထောင်ခဲ့သူ ဂျူမုံအကြောင်းကို ရိုက်ကူးထားသည့် တောင်ကိုရီးယား ရုပ်မြင်သံကြား ဇာတ်လမ်းတွဲ Jumong သည် ၂၀၀၇ ခုနှစ်တွင် အာရှတစ်လွှား၌ အောင်မြင်ကျော်ကြားခဲ့သော ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတစ်ခု ဖြစ်ခဲ့သည်။

ထို့အတူ ၂၀၀၆ ခုနှစ် စက်တင်ဘာလတွင် ကေဘီအက်စ်ရုပ်သံက ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် Dae Jo Yeong ဇာတ်လမ်းတွဲမှာလည်း ကမ္ဘာအနှံ့လူကြိုက်များခဲ့သည်။ Dae Jo Yeong (ဒယ်ဂျိုယောင်း)သည် တရုတ်အင်ပါယာကို ရဲရဲဝံ့ဝံ့ တော်လှန်ခဲ့၍ ကိုရီးယားသမိုင်းတွင် စံနမူနာပြခေါင်းဆောင်အဖြစ် ပြဋ္ဌာန်းစာအုပ်များတွင် ဖော်ပြခြင်းခံခဲ့ရရုံမက တောင်ကိုရီးယား၏ ဖျက်သင်္ဘောတစ်စင်း၌တွင်ပါ အမည်ပေးဂုဏ်ပြုခံရသော ဂိုဂူယောသူရဲကောင်းတစ်ဦးဖြစ်သည်။

**အောင်မြင်သည့် ရုပ်ရှင်ဇာတ်ကား**

အလားတူ ဂျိုဆွန်းနန်းတွင်းအပျိုတော်များအကြောင်းကို ဇာတ်အိမ်တည်ထားသော Shadows in the Palace ရုပ်ရှင်သည် ၂၀၀၇ ခုနှစ်တွင် အောင်မြင်သည့် ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ခဲ့သလို ဂျိုဆွန်းဘုရင်ဂိုဂျန်ကိုနိုင်ခဲ့သည့် မင်မိဖုရားကြီး၏ အကြောင်းဖြစ်သည့် The Sword With No Name ရုပ်ရှင်ဇာတ်ကားမှာလည်း ၂၀၀၉ ခုနှစ်တွင် လက်မှတ်ပေါင်းတစ်သန်းခွဲကျော် ရောင်းချရသည်အထိ အောင်မြင်ခဲ့သည်။

၂၀၁၁ ခုနှစ်က ပြသခဲ့သည့် War of the Arrows ကိုရီးယားရုပ်ရှင်မှာမူ လက်မှတ်ပေါင်း ခုနစ်သန်းကျော် ရောင်းချရသည်အထိ အောင်မြင်ကျော်ကြားခဲ့သည်။ ဂျိုဆွန်းနိုင်ငံတော်ကို မန်ချူးတို့ ဝင်ရောက်ကျူးကျော်ခဲ့မှု သမိုင်းဇာတ်လမ်းဖြစ်သည်။

ကိုရီးယားစစ်ပွဲ နောက်ခံရုပ်ရှင်ဇာတ်လမ်းများမှာလည်း အထူးအောင်မြင်ကျော်ကြားခဲ့သည်။ ကိုရီးယားစစ်ပွဲအတွင်းက ညီအစ်ကိုနှစ်ယောက်အကြောင်းကို ရိုက်ကူးထားပြီး ၂၀၀၄ ခုနှစ်ကပြသခဲ့သည့် Taegukgi ရုပ်ရှင်ဇာတ်ကားမှာမူ လက်မှတ် ၁၁ သန်းကျော် ရောင်းချခဲ့ရသည်အထိ အောင်မြင်ခဲ့သည်။ ကိုရီးယားစစ်ပွဲနောက်ခံ The Front Line ရုပ်ရှင်ဇာတ်ကားကမူ ၂၀၁၁ ခုနှစ်တွင် တောင်ကိုရီးယား အကောင်းဆုံးရုပ်ရှင်ဆုကို ရရှိခဲ့သည်။

ထိုထိုသော ယဉ်ကျေးမှုသံတမန်ကိုရီးယားအနုပညာရှင်များ၏ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများကြောင့် ကိုရီးယားနိုင်ငံ၏သမိုင်းနှင့် ရိုးရာယဉ်ကျေးမှုအကြောင်းကို ကမ္ဘာက ပိုသိမြင်လာခဲ့ကြရသည်။ ကိုရီးယားနိုင်ငံနှင့် ကိုရီးယားလူမျိုးတို့အပေါ် လေးစားအထင်ကြီးလာခဲ့ကြသည်။ ရင်းနှီးချစ်ခင်လာကြသည်။

မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်မှစ၍ ယနေ့တိုင် ကမ္ဘာပေါ်တွင် ဗုဒ္ဓသာသနာတော်၏ နောက်ဆုံးခံတပ်မြို့ကြီးအဖြစ် အခိုင်အမာရပ်တည်နိုင်ရန် သံဃာတော် အရှင်သူမြတ်များနှင့် ရှေးခါဘိုးဘွားမိဘဆရာသမားတို့သည် ခိုင်မာသောယုံကြည်ချက်ဖြင့် ခေတ်အဆက်ဆက် မြဲမြံစွာဆုပ်ကိုင်၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ၏။ စစ်မှန်သောငြိမ်းချမ်းမှု ဓမ္မအလင်းရောင်ကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထွန်းညှိပေးခဲ့ကြ

မြန်မာနိုင်ငံတွင်လည်း ချန်ဂင် (နန်းတွင်းရတနာဇာတ်လမ်းတွဲ) နှင့် ဒုံရီ (နန်းတွင်းရတနာဇာတ်လမ်းတွဲ-၂) တို့ကြောင့် ပရိသတ်များသည် ကိုရီးယားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပို၍ ရင်းနှီးကျွမ်းဝင်လာခဲ့ကြရသည်။ ဂျူမုံနှင့် ဒယ်ဂျိုယောင်းတို့ကြောင့် မြန်မာပရိသတ်များသည် ဘူယော၊ ဂိုဂူယော၊ ဘတ်ဂျီ ရှီလာခေတ်သမိုင်းများကို လေ့လာသိမြင်ခဲ့ကြရပြန်သည်။ ကိုရီးယားဘာသာစကားနှင့်ပါ ယဉ်ပါးလာရုံမက ပဲခေါက်ဆွဲ၊ ကင်ချီ၊ ဆိုဂျူး စသည့်ကိုရီးယားအစားအသောက်များကလည်း မြန်မာ့ဈေးကွက်အတွင်း နေရာရလာခဲ့ကြသည်။

**သာသနာပြုမင်းများလည်း အများအပြားရှိ**

တကယ်တော့ မြန်မာ့သမိုင်းတွင်လည်း လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော မင်းကောင်းမင်းမြတ်များစွာ ပေါ်ထွန်းခဲ့ပါသည်။ ဗုဒ္ဓသာသနာတော်ကို နေလိုလလို ထွန်းလင်းတောက်ပလာစေရန် လုံ့လဥဿဟဖြင့် ကြိုးပမ်းတည်ဆောက်ခဲ့ကြသော သာသနာပြုမင်းများလည်း အများအပြားရှိခဲ့သည်။

တစ်ခုသော တရားသဘင်တွင် ပါမောက္ခချုပ်ဆရာတော်ကြီး အရှင်နန္ဒမာလာဘိဝံသက "မြန်မာတွေ မြန်မာ့သမိုင်းကို လေ့လာဖို့ကောင်းတယ်။ သာသနာတော်ရဲ့ အခြေခံအုတ်မြစ်က ပရိယတ္တိပဲ။ အနောက်ဘက်လွန်မင်းဆိုရင် ပရိယတ္တိစာသင်ကျောင်းကြီးတွေကို အများကြီး ဆောက်လုပ်လှူဒါန်းတည်ဆောက်ပေးခဲ့တယ်"ဟူ၍ မိန့်ကြားတော်မူခဲ့သည်။

ထို့အတူ မြန်မာ့ရာဇဝင်တွင် ရဲစွမ်းသတ္တိပြည့်ဝသော သူရဲကောင်းများ၊ ရဟန်းစာဆို၊ လူစာဆိုပညာရှင်များလည်း အများအပြားပေါ်ထွန်းခဲ့သည်။ ပုဂံခေတ်တွင် အနန္တသူရိယအမတ်ကြီး၏ "သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ ဓမ္မတာတည်း"ဟူသည့် သံဝေဂကဗျာ၊ ပင်းယခေတ်တွင် စတုရင်္ဂဗလအမတ်ကြီး၏ လောကနီတိ၊ အင်းဝခေတ်တွင် ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရနှင့် တောင်ဖီလာဆရာတော်တို့၏ ဆုံးမစာများ၊ ရှင်တေဇောသာရ၊ ရှင်ဥတ္တမကျော်၊ ကန်တော်မင်းကျောင်းဆရာတော်၊ ရှင်အဂ္ဂသမာဓိ၊ ရှင်အုန်းညို စသည့် စာဆိုရှင်များ၏ ပျို့၊ ရတု၊ မော်ကွန်း၊ မေတ္တာစာ၊ တောလားစသောကဗျာလင်္ကာများ၊ ကုန်းဘောင်ခေတ်တွင် ဆရာတော်ဦးဗုဓ်၏ ဆုံးမစာနှင့် သင်္ဂဇာဆရာတော်၏ သိင်္ဂါလောဝါဒ ဆုံးမစာများ၊ ဗြိတိသျှခေတ်တွင် လယ်တီဆရာတော်၊ မန်လည်ဆရာတော်တို့၏ ဆုံးမစာများ စသဖြင့် ရဟန်းပညာရှင်ဓမ္မစာဆိုတို့၏ ဩဝါဒကထာစာပေ ကဗျာလင်္ကာများမှာ ထင်ရှားခဲ့၏။

**မျိုးချစ်ဇာတိမာန်စာဆိုများ**

ဆီးဘန်နီဆရာတော်၊ အချုပ်တန်းဆရာဖေ၊ စာရေးတော် နော်ရထာသီဟ စသည့် ပုဂ္ဂိုလ်များကား သီပေါမင်းလက်ထက် တစ်ကြိမ်တစ်ခါ၊ လွတ်လပ်ရေး ဆုံးရှုံးရသောအခါ ရင်ကွဲအံ့မျှ နာကြည်းခဲ့ကြသော မျိုးချစ်ဇာတိမာန်စာဆိုများ ဖြစ်ကြသည်။

ဆီးဘန်နီဆရာတော်၏ "သိဿတန်ဆောင်၊ ဘုန်းတော်မှောင်၍၊ ကုန်းဘောင်နေမီး၊ မထိန်ညီးက၊ တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်၊ ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုညာ၊ သုဉ်းသုံးဝဖြင့်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည်၊ သေသော်မှတည့် ဩော် - ကောင်း၏" ဟူသော "တဖန်မှတ်စေ" ချီရတုမှာ လွန်စွာပင် ပြောင်မြောက်လှပေသည်။

လွတ်လပ်ရေးကို မြတ်နိုးမှုနှင့် လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် တပ်လှန့်နှိုးလိုက်သကဲ့သို့ပင်။

**ဗုဒ္ဓသာသနာတော်၏ နောက်ဆုံးခံတပ်မြို့**

ထို့အတူ မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်မှစ၍ ယနေ့တိုင် ကမ္ဘာပေါ်တွင် ဗုဒ္ဓသာသနာတော်၏ နောက်ဆုံးခံတပ်မြို့ကြီးအဖြစ် အခိုင်အမာရပ်တည်နိုင်ရန် သံဃာတော် အရှင်သူမြတ်များနှင့် ရှေးခါဘိုးဘွားမိဘ ဆရာသမားတို့သည် ခိုင်မာသော ယုံကြည်ချက်ဖြင့် ခေတ်အဆက်ဆက် မြဲမြံစွာ ဆုပ်ကိုင်၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ၏။ စစ်မှန်သော ငြိမ်းချမ်းမှု ဓမ္မအလင်းရောင်ကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထွန်းညှိပေးခဲ့ကြ၏။

ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်၍ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နှစ်သစ်မင်္ဂလာအခါတော်နေ့၊ ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓအခါတော်နေ့၊ နယုန်လပြည့်နေ့တွင် မဟာသမယအခါတော်နေ့၊ ဝါဆိုလပြည့်နေ့တွင် ဓမ္မစကြာအခါတော်နေ့၊ ဝါဆိုလပြည့်ကျော် ၅ ရက်တွင် အနတ္တလက္ခဏာအခါတော်နေ့၊ ဝါခေါင်လပြည့်နေ့တွင် မေတ္တာအခါတော်နေ့၊ တော်သလင်းလပြည့်နေ့တွင် ဂရုဓမ္မအခါတော်နေ့၊ သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာအခါတော်နေ့၊ တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလအခါတော်နေ့၊ နတ်တော်လပြည့်နေ့တွင် ဓမ္မစာဆိုတော်များနေ့၊ ပြာသိုလပြည့်နေ့တွင် ရှင်တစ်ထောင်အခါတော်နေ့၊ တပို့တွဲလပြည့်နေ့တွင် ဩဝါဒပါတိမောက် အခါတော်နေ့နှင့် တပေါင်းလပြည့်နေ့တွင် မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင် အခါတော်နေ့တို့ကို ဘာသာရေး အထိမ်းအမှတ်နေ့များအဖြစ် ရှေးအတီတေကာလမှယနေ့တိုင် အစဉ်အလာမပျက် ကျင်းပခဲ့ကြသည်။

အလားတူ ရှေးခါဘိုးဘွားမိဘ ဆရာသမားတို့သည် မြန်မာ့ရိုးရာ ၁၂ လ ရာသီပွဲတော်များဖြစ်သည့် တန်ခူးလ-သင်္ကြန်ပွဲ၊ ကဆုန်လ-ညောင်ရေသွန်းပွဲ၊ နယုန်လ- စာပြန်ပွဲ၊ ဝါဆိုလ-ဝါဆိုပွဲ၊ ဝါခေါင်လ-စာရေးတံမဲပွဲ၊ တော်သလင်းလ - လှေပြိုင်ပွဲ၊ သီတင်းကျွတ်လ-မီးထွန်းပွဲ၊ တန်ဆောင်မုန်းလ-ကထိန်ပွဲ၊ နတ်တော်လ-စာဆိုတော်ပွဲ၊ ပြာသိုလ-မြင်းခင်းပွဲ၊

**စာမျက်နှာ ၁၇ သို့** ■

မြန်မာ့ရာဇဝင်တွင် ရဲစွမ်းသတ္တိပြည့်ဝသောသူရဲကောင်းများ၊ ရဟန်းစာဆို၊ လူစာဆိုပညာရှင်များလည်း အများအပြားပေါ်ထွန်းခဲ့သည်။ ပုဂံခေတ်တွင် အနန္တသူရိယအမတ်ကြီး၏ "သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ ဓမ္မတာတည်း"ဟူသည့် သံဝေဂကဗျာ၊ ပင်းယခေတ်တွင် စတုရင်္ဂဗလအမတ်ကြီး၏လောကနီတိ၊ အင်းဝခေတ်တွင် ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရနှင့် တောင်ဖီလာဆရာတော်တို့၏ ဆုံးမစာများ၊ ရှင်တေဇောသာရ၊ ရှင်ဥတ္တမကျော်၊ ကန်တော်မင်းကျောင်းဆရာတော်၊ ရှင်အဂ္ဂသမာဓိ၊ ရှင်အုန်းညို စသည့်စာဆိုရှင်များ၏ ပျို့၊ ရတု၊ မော်ကွန်း၊ မေတ္တာစာ၊ တောလား စသောကဗျာလင်္ကာများ၊ ကုန်းဘောင်ခေတ်တွင် ဆရာတော် ဦးဗုဓ်၏ ဆုံးမစာနှင့် သင်္ဂဇာဆရာတော်၏ သိင်္ဂါလောဝါဒ ဆုံးမစာများ၊ ဗြိတိသျှခေတ်တွင် လယ်တီဆရာတော်၊ မန်လည်ဆရာတော်တို့၏ဆုံးမစာများ စသဖြင့် ရဟန်းပညာရှင်ဓမ္မစာဆိုတို့၏ ဩဝါဒကထာစာပေ ကဗျာလင်္ကာများမှာ ထင်ရှားခဲ့

# နိုင်ငံတော်အစိုးရ၏ ဘွဲ့တံဆိပ်ရ ဆရာတော်ကြီး ကိုးပါးအား စုပေါင်းဂုဏ်ပြုပူဇော်ပွဲ ပြုလုပ်

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော်အစိုးရ၏ ဘွဲ့တံဆိပ်ရ ဆရာတော်ကြီး ကိုးပါးအား တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ တိပိဋက ပုလဲရောင်ရှိန်စာသင်တိုက် ပဓာနနာယက ရမ္မာဝတီဆရာတော် ဘဒ္ဒန္တကုလန္ဒပါလ ဦးဆောင်၍ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် မကျည်းကျွန်းမြောက်ကျောင်းဆိုင်ရာ ဒါယကာ/ဒါယိကာမတို့က စုပေါင်းဂုဏ်ပြုပူဇော်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မကျည်းကျွန်းမြောက်ကျောင်းတိုက်ရှိ တိပိဋကဓမ္မဗိမာန်တော်ကြီး၌ ပြုလုပ်သည်။



**တက်ရောက်**

အဆိုပါ ဂုဏ်ပြုပူဇော်ပွဲသို့ နိုင်ငံတော်အစိုးရ၏ ဘွဲ့တံဆိပ်ရ အပူဇော်ခံ ဆရာတော်ကြီးများဖြစ်ကြသည့် မကျည်းကျွန်းမြောက်ကျောင်းတိုက် ပဓာနနာယက ဆရာတော် သာသနဓဇဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသာသန အမှူးပြုသော ဆရာတော်ကြီး ကိုးပါးနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မကျည်းကျွန်းမြောက်ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး တက်ရောက်လာကြသူများက နိုင်ငံတော်အစိုးရ၏ ဘွဲ့တံဆိပ်ရ အပူဇော်ခံ ဆရာတော်ကြီး ကိုးပါးတို့ကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ၾငင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ တိပိဋက ပုလဲရောင်ရှိန်စာသင်တိုက် ပဓာနနာယက ရမ္မာဝတီ ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် ဧပြီ ၂၂

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေကြာရုံစာသင်တိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ အိမ်ရှေ့ပြင်ကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်ရှိ မဟာအောင်မြေ ရွှေဘုံပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်ရှိ ရွှေဂူပရိယတ္တိ စာသင်တိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိ ရွာလယ်ကျောင်း ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကိုသွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စားအုန်းဆီ လက်ကားရည်ညွှန်းဈေးနှုန်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဧပြီ ၂၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် စားအုန်းဆီ ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာပြီး တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် FOB ဈေးနှုန်းများအပေါ်အခြေခံ၍ တွက်ချက်မှုအရ ဧပြီ ၂၅ ရက်မှ မေ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၆၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**❂ ရတနာပုံဥယျာဉ်မှ**

မိသားစုပျော်ရွှင်စွာလမ်းလျှောက်နိုင်ရန် တည်ဆောက်ပေးထားသော လမ်းကြောင်းတစ်လျှောက် ပုံမှန်လမ်းလျှောက်ခြင်းနှင့် ပန်းအလှပင်များအကြား နားနေနိုင်ရန် ထိုင်ခုံများတည်ဆောက်ပေးထားသည်။

**ရင်ပြင်များတည်ဆောက်ထား**

ရတနာပုံဥယျာဉ်အတွင်း နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ကျန်းမာရေးအားကစားလှုပ်ရှားမှုများ ပြုလုပ်နိုင်သည့်အပြင် မင်္ဂလာအကြို အလှပုံရိုက်ကူးခြင်း၊ မွေးနေ့မင်္ဂလာညှော်ခံပွဲများ၊ အထိမ်းအမှတ်ပွဲများကိုလည်း ကျင်းပနိုင်ရန် ၂၆ လမ်း၊ ၆၆ လမ်းနှင့် လမ်း ၈၀ ကြားနှင့် ၆၆ လမ်း၊ ၁၂ လမ်းမှ ၂၆ လမ်းကြားတွင် ကျုံးနှင့်မြို့ရိုးအကြား ပေ ၃၀၀ အရှည်၊ ပေ ၄၀ အကျယ် ရှိသည့် ရင်ပြင်များ တည်ဆောက်ထားသည်။

ထို့ပြင် ကျန်းမာရေးအတွက် သန့်စင်ခန်းနှစ်ခန်းအား တောင်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းများတွင် ထည့်သွင်းတည်ဆောက်ထားရှိပြီး မကြာမီကာလတွင် စက်ဘီးများအား သတ်မှတ်နာရီနှုန်းထားဖြင့် စီးနင်းနိုင်ရန် အစီးရေ ၁၀၀ စီစဉ်ထားရှိပြီးဖြစ်ကြောင်းနှင့် နိုင်လွန်ကတ္တရာလမ်းတစ်လျှောက် လူကြီး၊ လူငယ်များ ၂ ဒသမ ၆၄ မိုင်ကို လှည့်လည်ကြည့်ရှုနိုင်ရန် Buggy ကားငယ် ၁၅ စီးကိုလည်း တောင်ဘက်၊ အရှေ့ဘက်နှင့် မြောက်ဘက်တို့တွင် စီးနင်းနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် ၆၆ လမ်းနှင့် ၁၉ လမ်းဘက် ဝင်ပေါက်တွင် ကားကြီး၊ ကားငယ်များ ဝင်ရောက်ရပ်နားနိုင်ပြီး ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှု၍ အနားယူစားသုံးနိုင်ရန် ကော်ဖီ၊ အအေးဆိုင် ငါးဆိုင်အား ခေတ်မီ Container Box Coffee Shop များဖြင့် ဖွင့်လှစ်ထားရှိပြီးဖြစ်၍ ပြည်သူများ အပန်းဖြေ၊ အနားယူခြင်းနှင့် ကျန်းမာရေးအတွက် အားကစားပြုလုပ်ခြင်းများ လာရောက်ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။ **မောင်အေးချမ်း**

**❐ ဘုတလင်မြို့မှ**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ဆရာကြီးဖြစ်သည့် မြဝတီရပ်ကွက်နေ ဦးသောင်းတင်ထွန်း (၅၅)နှစ် (ဘ) ဦးကျော်ဝင်းသည် ဧပြီ ၂၁ ရက် နံနက်ပိုင်းတွင် မုံရွာ-ရေဦးကားလမ်းဘေးရှိ ၎င်း၏နေအိမ်ရှေ့၌ ဖွင့်လှစ်ထားသည့် တော်ဝင်ထွန်းဈေးဆိုင်၌ရှိနေစဉ် အကြမ်းဖက်သမား အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး အကြမ်းဖက်သမား အမျိုးသားက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးခဲ့သဖြင့် ဦးသောင်းတင်ထွန်းတွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ၎င်းအား ဘုတလင် မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် ညနေ ၄ နာရီ မိနစ်၅၀ တွင် ရရှိခဲ့ သည့် ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပေးလျက်ရှိသူအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■ စာမျက်နှာ ၁၆ မှ

တပို့တွဲလ-ထမနဲပွဲ၊ တပေါင်းလ-သဲပုံစေတီပွဲတို့ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ပွဲတော်များအဖြစ် သားစဉ်မြေးဆက် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းအမွေပေးဝေခဲ့ကြ၏။

မျက်မှောက်ကာလတွင်မူ အဆိုပါ မြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော်များသည် စိန်ခေါ်မှုပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့လာခဲ့ရသည်။ အချို့အချို့သော မြန်မာများကိုယ်နှိုက်က မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ရိုးရာ ဝိသေသလက္ခဏာများအပေါ် လေးစားတန်ဖိုးထားမှုနည်းပါးလာကြသည်။ ဘာသာ သာသနာ၊ ယဉ်ကျေးမှုကို အရောင်အမျိုးမျိုးဆိုးလာကြသည်။ အိမ်နီးချင်းနိုင်ငံအချို့ကလည်း ကမ္ဘာလှည့်ခရီးသွားများကို ဖိတ်ခေါ်နိုင်ရန် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်များကို ပုံတူကူးချ၍ ကိုယ်ပိုင်ယဉ်ကျေးမှုအဖြစ် ဖော်ဆောင်မှုအချို့ရှိလာခဲ့ကြသည်။ ဤသို့ဖြင့် နှစ်ပေါင်းထောင်ချီတည်တံ့ခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တို့သည် တစ်စတစ်စ အရိုးပေါ် အရွက်ဖုံးလာခဲ့ချေပြီ။ ယဉ်ကျေးမှုကွယ်ပျောက်ပါက လူမျိုးပါပျောက်ပေလိမ့်မည်။

သို့ဖြစ်ရကား မတ္တရာသူဌေးကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တမာနိတသိရိဘိဝံသ(ကထိကရဟန်း)၏ ---

**ဒို့ဘိုး ဒို့ဘွား ဒို့မျိုးများက**
**နောက်သား နောင်လာကိုးကွယ်ရာဖို့**
**များစွာစေတီ ခံ့ထည်တန်ဆောင်း**
**ကျောင်းနှင့်ဇရပ် ပြာသာဒ်ဝေဝေ**
**တည်ခဲ့ပေ၏။**
**ခုနေအခါ သာသနာလည်း**
**ရေးခါဘိုးဖ ပေးခဲ့ကြ၍**
**တွေ့ကြရပြီ ကြုံရပြီတည်း။**
**ထိုဤများစွာ မွေဓမ္မကို**
**ဒို့ကဆက်ခါ ခံယူကာဖြင့်**
**ညီညာအားကြိုး ဒို့သယ်ပိုးမှ**
**ဒို့မျိုးဘာသာ သာသနာသည်**
**ရှည်ကြာတည်တံ့နိုင်လိမ့်သော်။**

ဟူသည့် "ဒို့တာဝန်" ကဗျာလင်္ကာပါအတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးစံများကို သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် မြန်မာတိုင်း လေးစားမြတ်နိုး တန်ဖိုးထား၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြပါစို့။ ။

# လှိုင်သာယာမြို့နယ် ရေစီးရေလာကောင်းမွန်ရေးနှင့် အီးအမ်ဘိုကာရှိ သဘာဝမြေဩဇာ ထုတ်လုပ်မှုလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး



ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် သက်ဆိုင်ရာဌာနမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းက ကမာရွတ်မြို့နယ် ဗဟိုလမ်းရှိ နာနတ်တော စည်ပင် သာယာရဲတပ်ဖွဲ့လိုင်းခန်း၌ ကုန်စိမ်း၊ ကုန်ခြောက် မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး၊ ပုစွန်အမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ အသိပေးချက်များကို လိုက်နာ၍ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်ကြရန် မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ( အရှေ့ပိုင်း) မြို့နယ်၊ ၆ ရပ်ကွက်ရှိ ရန်ကုန်-ညောင်တုန်း ကားလမ်းဘေး၊ ပြည်သူ့ဆေးရုံနှင့် မဟာဘောဂလမ်းကြား ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုနှင့် မဟာဘောဂလမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာသပ်ရပ်ရေးအတွက် စည်ပင်သာယာဝန်ထမ်းများဖြင့် စုပေါင်းလုပ်အားပေးဆောင်ရွက်နေမှု၊ မင်္ဂလာဝဇီရာရုပ်ရှင်ရုံရှေ့ရေမြောင်းအတွင်းမှ အမှိုက်နှင့် နုန်းများ စက်ယန္တရားဖြင့် ဆယ်ယူရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် ထိန်ပင်နောက်ဆုံး စွန့်ပစ်အမှိုက်ပုံ၌ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သီရိမင်္ဂလာဈေးမှ ထွက်ရှိသော အမှိုက်များအား အီးအမ်ဘိုကာရှိ သဘာဝမြေဩဇာထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။ ထိုမှတစ်ဆင့် မြေကြီးကျင်းတူး၍ စွန့်ပစ်ရန်မသင့်သည့် ဆေးရုံ၊ ဆေးခန်းသုံး စွန့်ပစ်ပစ္စည်းများအား ၆၅၀ စင်တီဂရိတ်မှ ၇၀၀ စင်တီဂရိတ်ကြား အပူချိန်ပေး၍ မီးရှို့ဖျက်ဆီးသည့် စက်များအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဘုရင့်နောင်တံတားအနီး ရန်ကုန် - ပုသိမ်ကားလမ်းမဘေး ရေစုကန်ရေမြောင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်နေမှု၊ လှိုင်မြို့နယ် ရွှေပြည်သာ ငါးဈေးအတွင်း ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနက သီရိမင်္ဂလာဈေးထွက် ဟင်းသီးဟင်းရွက်ဆွေးမှ အီးအမ်ဘိုကာရှိ သဘာဝမြေဩဇာထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

သတင်းစဉ်



## တောင်ကြီးမြို့နယ် ရွှေညောင်မြို့၌ ကုန်တင်ကားကြီးကွင်း တည်ဆောက်လျက်ရှိ

တောင်ကြီး မေ ၂၂

ရှမ်းပြည်နယ်အတွင်းရှိ ဒေသထွက်ကုန်များကို နေရာဒေသအသီးသီးသို့ တင်ပို့ရာတွင်လည်းကောင်း၊ နေရာဒေသအသီးသီးမှ ကုန်ပစ္စည်းများ တင်သွင်းရာတွင်လည်းကောင်း အဆင်ပြေချောမွေ့စေရေးအတွက် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ မြို့ရှောင်လမ်းဘေးတွင် ကုန်တင်ကားကြီးကွင်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကုန်တင်ကားကြီးကွင်းမှာ ၅ ဒသမ ၉၄၄ ဧကရှိပြီး ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန တောင်ကြီးမြို့နယ် စည်ပင်သာယာရေး ဌာနနှင့် United Co.,Ltd.၊ Da Nu Min Thar Co.,Ltd. တို့ အကျိုးတူရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုပ်ငန်းစတင်သည့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မေ ၁၄ ရက်ထိ ၂၂ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး သုံးနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

စိုးလင်း(တောင်ကြီး)

## နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သား မိသားစုဝင် ကလေးငယ်များကို အသည်းရောင်အသားဝါ ဘီရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံ

နေပြည်တော် မေ ၂၂

နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သား မိသားစုဝင် အသက်လေးနှစ်နှင့် အထက် ခြောက်နှစ်အောက် ကလေးငယ်များကို ယနေ့နံနက်ပိုင်းတွင် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)၌ ဆေးရုံမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများက အသည်းရောင်အသားဝါဘီရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့ပြင် အဆိုပါဆေးရုံ၌ သုံးမွှာပူးမွေးဖွားခဲ့သည့် မိခင်နှင့် ကလေးငယ်များကို တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။ အဆိုပါသုံးမွှာပူး သမီးငယ်လေးများကို ဆေးရုံမှ သားဖွားနှင့်မီးယပ်ပါရဂူများ၊ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများက မေ ၆ ရက်တွင် အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဗဟန်းမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်ကာလ ကျောင်းသားကျောင်းသူများအတွက် အခမဲ့အခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်

ရန်ကုန် မေ ၂၂

နွေရာသီကျောင်းပိတ်ရက် ကာလအတွင်း ကျောင်းသား ကျောင်းသူလေးများ အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်နှင့် ကွန်ပျူတာပညာရပ်ကို အခြေခံတတ်မြောက်စေရန် ရည်ရွယ်ကာ ဗဟန်းမြို့နယ် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူကလေးငယ်များအတွက် အခမဲ့အခြေခံကွန်ပျူတာ အသုံးပြုနည်းသင်တန်းကို ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (ဗဟန်း)ခန်းမတွင် ယနေ့ မွန်းလွဲ ၁ နာရီက ဖွင့်လှစ်လျက်ရှိသည်။

အခြေခံကွန်ပျူတာအသုံးပြုနည်းသင်တန်းကို မေ ၂၂ ရက် မှစတင်၍ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ သင်တန်းသို့ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၈ ဦးတို့ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ မေ ၂၂ ရက်မှ မေ ၂၂ ရက်အထိ အပတ်စဉ် ရုံးဖွင့်ရက်ကာလ တနင်္လာနေ့မှသောကြာနေ့တိုင်း ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား အခြေခံစာစီစာရိုက်နည်းများနှင့် အခြေခံကွန်ပျူတာအသုံးပြုနည်းများကို ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကျော်ဆန်းမြင့်



## ဓနုဖြူ၌ ၂၀၂၁-၂၀၂၂ ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနား ကျင်းပ

ဓနုဖြူ မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ကျုံတနီးကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၉) တောင်သူ ဦးအောင်ဌေး၏ နွေစပါးဧက ၅၀ စံပြကွက်တွင် ယနေ့ နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးစိန်မောင်မြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းနိုင်နှင့် ဝန်ထမ်းများ၊ မြေစာရင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ တက်ရောက်ခဲ့ပြီး အဆိုပါ နွေစပါး GW11 စပါးမျိုးအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် သုည ဒသမ ၅၀ ဧကစံကွက် ရိတ်သိမ်းရာ တစ်ဧကအခြောက်အထွက်နှုန်း ၁၅၄ ဒသမ ၂၃ တင်း ထွက်ရှိခဲ့သည်။

ဆက်လက်၍ နွေစပါး ပေါ်ဆန်းရင် စမ်းသပ်ကွက်တစ်ဧကအား ရိတ်သိမ်းရာ အခြောက်ထွက်နှုန်း ၁၀၀ ဒသမ ၄၃ တင်း ထွက်ရှိကြောင်း သိရသည်။

အေးအေးအောင်(ပြန်/ဆက်)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ပုတီးတစ်ကုံးနှင့် ချိန်းကြိုးတစ်ခု

ဆင်ဖြူကျွန်းအောင်သိန်း

တောင်ဘက် နှစ်အိမ်ကျော်လောက်က မိန်းမအော်သံတစ်ခုသည် စူးစူးဝါးဝါး ထွက်ပေါ်လာသည်။ တစ်ပြိုင်နက်ပင် ရေလုံးကြီး မြေပေါ်သို့ ထိုးကျသံနှင့် ကာလသားလူငယ်များ၏ ဟားတိုက်ရယ်မောသံသည် ကိုဆေးရိုးတို့အိမ်ဘက်သို့ လွင့်ပျံလာလေသည်။

အမျိုးသမီးတစ်ယောက်အား ကာလသားများက ချောင်းမြောင်းပြီး ရေပက်ခြင်းဖြစ်ပေမည်။ ကိုဆေးရိုးသည် တောင်ဘက်ဆီသို့ လည်ဆန့်ကာ လှမ်းကြည့်၏။ သူ့မျက်နှာဝယ် ပြုံးရိပ်သန်းခြယ်နေပေသည်။

"သေနာယုတ်တွေ၊ မသာတွေ"

ဆဲသံတော့ကြားသည်။ သို့ရာတွင် ရွာသူတို့၏ စရိုက်အရ ဟန်လုပ်သောစကားသာဖြစ်၍ ဒေါသသံ ပါသည်ဟု မထင်။ နှစ်သက်ဖွယ်ကောင်းသည်ဟူ၍ပင် ကိုဆေးရိုးက ထင်သည်။

"ဟား ဟား ဟား"

"အိုးတွေကို ရေစိုကုန်ပြီ၊ မြွေပွေးကိုက်"

ဆဲရေးသံမပြတ်သေးသလို အူလှိုက်သည်းလှိုက် ရယ်မောသံလည်း စီဝေနေ၏။ ကိုဆေးရိုးသည် မြင်းခုံဟုခေါ်သော အလျားတစ်တောင်ထွာခန့်ရှိ ခွေးခြေပေါ်တွင် ခြေတစ်ဖက်တင်၍ထောင်ကာ ဆေးပေါ့လိပ်ကြီးကို အေးဆေးစွာရှိုက်ဖွာနေ၏။ သူ၏ပြောင်၍ မှောင်နေသော ကိုယ်ပေါ်ဝယ် လုံချည်အနွမ်းတစ်ထည်သာ ပခုံးတင်လျက်ရှိသည်။

ကိုဆေးရိုးသည် မသိမသာပြုံးလိုက်မိ၏။ အပြုံးရိပ်ကြောင့် သူ့မျက်နှာသည် အတန်ငယ်တိုး၍ နုပျိုလာလေသလားဟူ၍ပင် ထင်ရသည်။ တကယ်တော့ မျှော်လေရာ၌ ရွက်သစ်မြမြကလေးများ စိမ်းနေပုံက နေ့သစ်ဦးကို ပို၍နုလန်းစေသည့်အပြင် ကြည်နူးချမ်းမြေ့ဖွယ်ကောင်းနေပေသည်မဟုတ်လား။ နည်းနည်းပါးပါး ပက်ကစားကြသောရေက လမ်း၌ အိုင်ရွှဲနေခြင်းမရှိ။

သို့ရာတွင် ထန်းတောထဲမှ ဖြတ်သန်းလာသော လေနုအေးသည် နွေ၏လေနှင့် မတူသော အအေးဓာတ်ကို ဆောင်နေ၏။ ထန်းတောထဲမှ ဝေ့ဝန်းသွယ်ဆင်းလာရသောကြောင့်လားမသိ၊ ထန်းညွန့်နုံ့လေးများပင် သင်းနေသည် ထင်ရ၏။ လေပြည်နု၏ ကယုကယင ပင့်တို့ကစားခံရသော သစ်ကိုင်းများမှာ ကိုဆေးရိုး၏ မျက်စိထဲ၌ စိမ်းသစ်သော အရောင်များ ယမ်းဝှေ့လျက် ကြည်နူးအေးချမ်းနေပေသည်။ ထို့ကြောင့်ပင် စိတ်အေးချမ်းခြင်းနှင့် နံနက်၏ သာယာခြင်းတို့မှ ယှက်မိုးကာ ကိုဆေးရိုးမှာ လန်းဆန်းနုပျိုနေခြင်းဖြစ်သည်။ ကိုဆေးရိုး၏ ပြုံးယောင်ယောင် မျက်လုံးများမှာ ရီမှိုင်းနေသည်။ ငယ်ရွယ်စဉ်က သကြံန်ကာလများဆီသို့ သူ့စိတ်က ပြေးရောက်နေပေ၏။

အဆစ်ကျဲသော ဝါးကိုဖြတ်၍ အဆစ်တစ်ဖက်ချန်ကာ ၎င်းတွင် အပေါက်သေးလေးထားပြီး တုတ်တွင်အဝတ်ပတ်၍ ထိုးရသော တောဖြစ်ရေပြွတ်များသည် ကိုဆေးရိုးတို့၏စိတ်တိုင်းကျ အသုံးတော်မခံနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် တောဖြစ်ရေပြွတ်များသည် အရင်းအဖျားညီနေသဖြင့် ချုံကြိုချုံကြားမှ ချောင်း၍လည်းကောင်း၊ ကြမ်းကြားမှ ထိုးပက်သော အခါတွင်လည်းကောင်း ဖိတ်တစ်ဝက် စဉ်တစ်ဝက်ဖြစ်ကုန်သည်။ မြို့သံဖြူဆိုင်မှဝယ်သော သံဖြူရေပြွတ်ကို နှစ်ပြားပေးရ၏။ အရင်းတွင် ကန်တော့ကဲ့သို့ ကျယ်ကားနေကာ အဖျားရှူးသွားသဖြင့် ချောင်းမြောင်းလုပ်ကြံရန် ကောင်းပေသည်။

တစ်ခုသော သင်္ကြန်အတက်ညတွင် ကိုဆေးရိုးနှင့် ကိုပိတ်စတို့သည် မကျီးဒန်အား ရေပက်ရန် ချောင်းမြောင်းနေကြ၏။ မကျီးဒန်သည် အိမ်ထဲမှ ထွက်မလာပေ။ နောက်ဖေးနောက်ဖီသို့မျှမထွက်။

သန်းခေါင်သာ တိုင်သွားသည်။ ကျီးဒန် ထွက်မလာပေ။ ထို့ကြောင့် ကိုဆေးရိုးနှင့် ကိုပိတ်စတို့သည် လှေကားတစ်ခုရှာကာ ကျီးဒန်တို့သားအမိ အိပ်သောနေရာနှင့်နီးသောထရံကို ကပ်ထောင်သည်။ ထန်းရွက်အသာဖြဲကာ အဖျားရှူးသော သံဖြူပြွတ်ဖြင့် ထိုးပက်ကြလေသည်။

"ဟဲ့ ခွေးသားတွေ၊ ........တွေ"

မကျီးဒန်၏အမေက မိန်းမပီပီ ထဆဲ၍ မကျီးဒန်၏အဖေက နှစ်ဖက်ချွန်ဖြင့် လိုက်ပစ်သည်။ အဘယ်မျှ နာနာကြည်းကြည်း ဆဲစေကာမူ ကိုဆေးရိုးတို့မှာ မနာနိုင်။ တစ်နေရာမှောင်ရိပ်တွင် ကုပ်ထိုင်ပြီး ကျိတ်၍ ရယ်နေကြလေ၏။ သူတို့သည် ပထမအချက်အားဖြင့် မိန်းကလေးအား ရေစိုစေချင်၏။ ဒုတိယအားဖြင့် မအေနမထွက်ဆဲသည်ကို ကြားချင်ကြ၏။ ဆဲသံကြားရသည်မှာ ပျော်စရာကောင်းသလောက်၊ ထွက်၍ တောင်းပန်လျှင် ပျင်းစရာ။

"ကျီးဒန်၊ နင်တို့အိမ်ထဲ ညတုန်းက ရေတွေပက်သွားတယ်ဆို"

ကိုပိတ်စသည် မနေနိုင်မထိုင်နိုင်ဖြင့် နောက်တစ်နေ့နံနက်၌ ချောင်းထဲ လက်ယက်တွင်းတွင် ကျီးဒန်အား စလေ၏။ သူတို့ပေပဲဟု ကျီးဒန်က အတပ်သိသဖြင့် မျက်စောင်းထိုးသည်။ စကားတော့ မပြောပေ။

"ဟဲ ဟဲ"

ကိုဆေးရိုးကတော့ ဘေးက တဟဲဟဲ ရယ်နေသည်။ ကျီးဒန်မှာ ရေအိုးထဲသို့ ရေကိုသာ တစ်မှုတ်ပြီးတစ်မှုတ် ခပ်ထည့်နေသဖြင့် ကိုပိတ်စက ဆက်၍မေး၏။

"ညတုန်းကပက်တဲ့ရေတွေ နင့်ဗိုက်ပေါ်မကျဘူးလားဟင်"

"................"

ကျီးဒန်သည် တစ်ချက်သာဆဲပြီး ရေမှုတ်ကြီးနှင့် ကိုပိတ်စခေါင်းကို ဖြောင်းခနဲမြည်အောင် ထရိုက်လိုက်လေ၏။

"တော့်အမေကို သွားမေး"

မျက်နှာကြီးအရဲသားဖြင့် ကျီးဒန်ထွက်သွားတော့မှ ကိုဆေးရိုးမှာ ကိုပိတ်စ၏ခေါင်းက ဒဏ်ရာကို ကြည့်ဝံ့သည်။ ကိုပိတ်စ၏ခေါင်းမှာ ဖူးရုံသာ ဖူးသွား၏။ ဖြောင်းခနဲမြည်သံမှာ ကိုပိတ်စ၏ ခေါင်းကွဲခြင်းမဟုတ်ဘဲ ကျီးဒန်၏ အုန်းရေမှုတ် ကွဲသွားခြင်းသာ ဖြစ်သည်။

ထန်းတောထဲမှ ဖြတ်သန်းလာသော
လေနုအေးသည် နွေ၏လေနှင့် မတူသော အအေးဓာတ်ကို ဆောင်နေ၏။
ထန်းတောထဲမှ ဝေ့ဝန်းသွယ်ဆင်းလာရသောကြောင့်လားမသိ၊
ထန်းညွန့်နုံ့လေးများပင် သင်းနေသည် ထင်ရ၏။
လေပြည်နု၏ ကယုကယင ပင့်တို့ကစားခံရသော သစ်ကိုင်းများမှာ ကိုဆေးရိုး၏ မျက်စိထဲ၌
စိမ်းသစ်သော အရောင်များ ယမ်းဝှေ့လျက် ကြည်နူးအေးချမ်းနေပေသည်။
ကိုဆေးရိုး၏ ပြုံးယောင်ယောင် မျက်လုံးများမှာ ရီမှိုင်းနေသည်။
ငယ်ရွယ်စဉ်က သကြံန်ကာလများဆီသို့ သူ့စိတ်က ပြေးရောက်နေပေ၏

"မင်းက ဗိုက်ပေါ်မကျဘူးလားမေးတော့ ရှက်ရှက်နဲ့ ဆော်တာပေါ့ကွ။ ဟား ဟား ဟား"

"အဟီး ငါကလည်း ဗိုက်ပေါ်ကျစေချင်တာကိုးကွ"

ကိုဆေးရိုးမှာ မကျီးဒန်၏ဒေါသနှင့် ရှက်သွေးဖုံးနေသော မျက်နှာလေးကိုမြင်ယောင်ကာ ကျေကျေနပ်နပ် ပြုံးနေမိလေ၏။

"ဘာ တစ်ယောက်တည်း ပြုံးနေတာလဲ"

ကိုဆေးရိုး၏လက်ထဲမှ ဆေးလိပ်တိုကြီး လွတ်ကျသွားသည်။ မြင်းခုံပေါ်သို့ ဒူးထောင်ပြီး တင်ထားသော ခြေတစ်ဖက်မှာလည်း မြေပေါ်သို့ ပြုတ်ကျသွားကာ ကိုဆေးရိုးသည် မော့ကြည့်မိ၏။ ကိုဆေးရိုး၏ရှေ့တွင် မကျီးဒန်က မားမားကြီးရပ်နေသည်။

"ဘာပြုံးနေတာလဲ"

မကျီးဒန်က ခပ်ပြုံးပြုံးဖြင့် ထပ်မေးသည်။ ကိုဆေးရိုးမှာ သည်တော့မှ ပြန်လည်ပြုံးနိုင်လာ၏။

"ဘာရယ် မဟုတ်ပါဘူးဟာ။ တောတွေးတောင်တွေးတွေပဲ"

"ကဲ ရေမိုးချိုးလေ။ ဥပုသ်စောင့်သွားရအောင်"

ရေစကား မိုးစကား ပြောလာတော့မှ ကိုဆေးရိုးမှာ မကျီးဒန်ကို သတိထားမိသည်။ မကျီးဒန်၏ မည်းညစ်သောမျက်နှာမှာ စင်ကြယ်နေသည်။ ဆံစ၌ ရေပေါက်လေးများ သီးနေ၏။

"ကနေ့မနက် အေးသလိုလိုပဲဟ"

"အေးမှာပေ့ါတော်ရဲ့၊ အကျႌချွတ်ထားတာကို။

ကဲ ကဲ ရေမချိုးရင်လည်း အဝတ်အစားလဲပေတော့"

မကျီးဒန်က ပြောပြောဆိုဆို တဲဘက်သို့ ပြန်လှည့်သွားလျှင် ကိုဆေးရိုးသည် မြင်းခုံပေါ်မှ ဆင်းရပ်လိုက်၏။ သူသည် တဲဘက်သို့ ခြေလှမ်းပြင်ပြီးမှ နွားနှစ်ကောင်ဘက်သို့ မျက်လုံးရောက်သွား၏။ တစ်စုံတစ်ရာ သတိရဟန်ဖြင့် ခြေတန့်သွားသည်။

"ကျီးဒန်ရေ ကောက်ရိုးသွားနုတ်လိုက်ဦးမယ်ဟေ့။ အပြန်မှဆိုကသီနေလိမ့်မယ်"

"စောစောကတော့ ထိုင်နေပြီးတော့"

အဘယ်မျှ ဆက်လက်၍ တဲထဲမှ ရေရွှတ်မြည်တွန်နေသည်မသိ။ ကိုဆေးရိုးကတော့ သုတ်သီးသုတ်ပျာ လှမ်းထွက်ခဲ့လေ၏။ ကာလသားတို့သည် တရုန်းရုန်းဖြင့် ပြေးလွှားနေကြ၏။ တဟေးဟေး တဟားဟားနှင့်မို့ မြင်သူ ရယ်မြူးချင်စရာ။ အချင်းချင်း ရေဖြင့် လိုက်လံပက်သလို အိုးမဲဖြင့်လည်း လိုက်လံသုတ်နေ၏။ ရွာလယ်တံခါးနားသို့မရောက်မီ တဟီးဟီး တဟားဟား ရယ်မောသံများကို ကြားရသည်။

အသံလာရာသို့ ကြည့်လိုက်သောအခါ ယောကျ်ားတစ်ယောက်သည် ရွယ်တူကာလသားတစ်ယောက်အား ချိုင်းမှကိုင်မြှောက်၍ မ ထား၏။ မ ထားသူမှာ ကိုဆေးရိုး၏သား ဘညိန်းဖြစ်၏။ အမခံရသူမှာ ထွန်းရင် ဖြစ်သည်။

"လှမေရေ ... အိုးမဲယူခဲ့ပါဟ"

ဘညိန်းက အိမ်ထဲသို့ လှမ်းအော်၍ ထွန်းရင်သည် နီးရာတိုင်၊ သစ်ပင်စသည်များကို လှမ်း၍ ဆွဲမိရန် ကြိုးစားနေ၏။ မီးရာ မြင်ရာများကိုလည်း လှမ်းကန်နေ၏။ တစ်ခုခုကို ထွန်းရင် ဆွဲမိသွားလျှင် အားပြုစရာရသဖြင့် ဘညိန်းလက်ထဲက လွတ်မည်။ တစ်ခုခုကို ကန်နိုင်ပါက ဘညိန်းရော မိမိပါ ဖင်ထိုင်လျက်လဲကျ၍ လွတ်မြောက်နိုင်မည်။ ယခုသော် ဆီးစပ်လောက်မှ ဖမ်းချုပ်ကာ အပေါ်မြှောက်ထားသဖြင့် ထွန်းရင်မှာ ရွယ်တူဗလတူဖြစ်လျက် ယက်ကန်ယက်ကန်နေရ၏။

"အဟား အဟား"

ထွန်းရင်မှာ အော်ဟစ်ရယ်မောရင်း ဘညိန်းအား ခြေဖြင့် နောက်ပြန်ကန်နေသည်။

"လှမေရေ... မြန်မြန်လုပ်ပါဟ။ ဒီမှာ မြင်းကန်နေတယ်ဟေ့။ အိုးမဲ အိုးမဲ၊ ဝက်ဆီနဲ့နယ်ခဲ့ဟေ့"

"လာပြီ လာပြီ"

လှမေ၏အသံနှင့်အတူ လှမေသည် အိမ်ထဲမှ ပြေးထွက်လာ၏။ သူတစ်ပါးကို လုပ်ချင်လွန်းအားကြီးသောကြောင့် လှေကားမှ ဝမ်းလျားထိုးလိမ့်ကျသည်။ လှမေ လူးလဲထ၏။ သူ့ပါးတစ်ခြမ်းတွင် ဖုန်တွေလူးနေ၏။

"ကိုင်ထား ကိုင်ထား"

ပါးတစ်ခြမ်းတွင် ဖုန်တွေပေနေသောလှမေ လက်ကမည်းမည်း၊ သွားကဖွေးဖွေးဖြင့် ဘညိန်း အနားကပ်လာပြီး ထွန်းရင်၏မျက်နှာကို အိုးမဲနှင့် ထိမ်းမြားလိုက်သည်။ နဖူးမှ မေးသို့ သပ်ချလိုက်ခြင်းဖြစ်၏။

"ဖရူး ဖရူး အားဟား ဝါး"

ထွန်းရင်သည် အော်ဟစ်ရာက ဘညိန်း၏ ဇက်ပိုးကို နောက်ပြန်ဖမ်းကိုင်ပြီး ခုန်လိုက်၏။ မြေပြင်မှာ ရေဖြင့် ရွှံ့နေသဖြင့် ဘညိန်းချော်လဲသည်မှာ ဘိုင်းခနဲ။ လှမေသည် ထွန်းရင်၏ ရင်ဘတ်ပေါ်သို့ မှောက်လျက်ကျပုံမှာ အွတ်ခနဲ။ လဲလျက် ကွဲလျက် လှမေသည် ထွန်းရင်၏တစ်ကိုယ်လုံး မီးရာကို အိုးမဲဖြင့် သုတ်နေ၏။ လှမေ၏အိုးမဲသည် ဘညိန်းကိုလည်းပေ၏။ ထွန်းရင်ကိုလည်းလူး၏။

(ဆက်လက်ဖော်ပြပါမည်)


မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ယခင်အပတ်က Common Nouns (အများဆိုင်နာမ်)နှင့် Proper Nouns (ကိုယ်ပိုင်နာမ်) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ Singular Nouns နဲ့ Plural Nouns အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Singular Nouns (နာမ်အနည်းကိန်း)

နာမ်များသည် အနည်းကိန်း (သို့မဟုတ်) အများကိန်း ဖြစ်နိုင်ပါသည်။

နာမ်များကို တစ်ခု၊ တစ်ကောင်၊ တစ်ယောက်အဖြစ် ပြောဆိုအသုံးပြုမည်ဆိုပါက နာမ်များသည် အနည်းကိန်းဖြစ်ပါသည်။ ဥပမာ။ a tent, a park, an idea, a taxi, a doctor, an oven, a house, a lady, an exercise … etc.




## Plural Nouns (နာမ်အများကိန်း)

နာမ်သည် တစ်ခု၊ တစ်ကောင်၊ တစ်ယောက်ထက် ကျော်လွန်နေပါက နာမ်တစ်ခုသည် အများကိန်းဖြစ်ပါသည်။ ယင်းသို့ အများကိန်းအဖြစ် ပြောဆိုရေးသားရာတွင် နာမ်များကို s/ves/es/ies တို့ကို သင့်တော်သလို ပေါင်းထည့်ပေးရသည်။

နာမ်အများကိန်းပြောင်းနည်းပုံစံကို သေချာလေ့လာပါ။

(၁) နာမ်အများစုကို အများကိန်းပြောင်းပါက "s" ပေါင်းထည့်ပေးရသည်။

| Singular(အနည်းကိန်း) | Plural (အများကိန်း) |
|---|---|
| a computer | computers |
| a chair | chairs |
| a train | trains |
| a player | players |
| a teacher | teachers |
| a taxi | taxis |
| a mountain | mountains |
| a river | rivers |
| an envelope | envelopes |
| an insect | insects |
| an oven | ovens |
| an uncle | uncles |


**မှတ်သားရန်။** ရေတွက်လို့ရသည့်နာမ်တစ်လုံးကို အနည်းကိန်းအဖြစ် ပြောဆိုရေးသားသည့်အခါ "a" သို့မဟုတ် "an" ကို အသုံးပြုရသည်။ နာမ်တစ်လုံး၏အသံထွက်သည် vowel sound "သရ" အသံထွက်လျှင် "an" ကိုအသုံးပြုရသည်။ consonant sound "ဗျည်း"အသံထွက်လျှင် "a" ကို အသုံးပြုရသည်။ ဥပမာ။ a river, an armchair, three biscuits, a castle, an idea, five eggs, an artist, an eye, an insect, an oven, an umbrella, an hour (အာဝါ), an honour (အော်နာ), a unit, a uniform

(၂) s, ss, ch, sh, x ဆုံးသည့် နာမ်များကို အများကိန်းပြောင်းပါက "es" ပေါင်းထည့်ပေးရသည်။

| Singular(အနည်းကိန်း) | Plural (အများကိန်း) |
|---|---|
| bus | buses |
| glass | glasses |
| dress | dresses |
| branch | branches |
| church | churches |
| beach | beaches |
| sandwich | sandwiches |
| witch | witches |
| brush | brushes |
| flash | flashes |
| box | boxes |
| fox | foxes |

(၃) "y" အဆုံးသတ်သည့် နာမ်များကို အများကိန်းပြောင်းသည့်အခါ "y" ရဲ့အရှေ့တွင် a,e,i,o,u မဟုတ်တဲ့ ဗျည်း (ကျန် ၂၁ လုံး) ရှိနေပါက y ကိုဖြုတ်ပြီး "ies" ပေါင်းထည့်ပေးရသည်။

| Singular(အနည်းကိန်း) | Plural (အများကိန်း) |
|---|---|
| baby | babies |
| family | families |
| story | stories |
| teddy | teddies |
| fairy | fairies |
| puppy | puppies |
| housefly | houseflies |
| library | libraries |
| city | cities |
| lily | lilies |
| party | parties |
| dictionary | dictionaries |




"y" ရဲ့အရှေ့တွင် a,e,i,o,u (သရ) ရှိပါက "y" ကို "s" ပဲပေါင်းထည့်ပေးရသည်။

| Singular(အနည်းကိန်း) | Plural (အများကိန်း) |
|---|---|
| key | keys |
| monkey | monkeys |
| donkey | donkeys |
| toy | toys |
| boy | boys |
| cowboy | cowboys |
| day | days |
| tray | trays |
| runway | runways |
| chimney | chimneys |
| trolley | trolleys |
| valley | valleys |

(၄) "f" ဆုံးလျှင် f ကိုဖြုတ်ပြီး "ves" ပေါင်းထည့်ပေးရသည်။

| Singular(အနည်းကိန်း) | Plural (အများကိန်း) |
|---|---|
| half | halves |
| leaf | leaves |
| shelf | shelves |
| wolf | wolves |
| thief | thieves |

သို့သော် "f" ဆုံးပေမယ့် အချို့နာမ်တွေကိုတော့ "s" ပေါင်းထည့်ပေးရသည်။

| Singular(အနည်းကိန်း) | Plural (အများကိန်း) |
|---|---|
| chief | chiefs |
| roof | roofs |
| handkerchief | handkerchiefs |
| cliff | cliffs |
| puff | puffs |

အချို့နာမ်တွေကိုတော့ "s" သို့မဟုတ် "ves" ပေါင်းထည့်ပေးနိုင်သည်။

| Singular(အနည်းကိန်း) | Plural (အများကိန်း) |
|---|---|
| scarf | scarfs or scarves |
| hoof | hoofs or hooves |
| dwarf | dwarfs or dwarves |
| wharf | wharfs or wharves |

(၅) "fe" ဆုံးသည့်နာမ်များကို "ves" ပေါင်းထည့်ပေးရသည်။

| Singular(အနည်းကိန်း) | Plural (အများကိန်း) |
|---|---|
| knife | knives |
| wife | wives |
| life | lives |
| midwife | midwives |

(၆) o, oo, eo, io, yo ဆုံးသည့်နာမ်များကိုတော့ "s" ပဲပေါင်းထည့်ပေးရသည်။

| Singular(အနည်းကိန်း) | Plural (အများကိန်း) |
|---|---|
| photo | photos |
| piano | pianos |
| solo | solos |
| dynamo | dynamos |
| bamboo | bamboos |
| cuckoo | cuckoos |
| Hindoo | Hindoos |
| studio | studios |
| embryo | embryos |
| video | videos |
| hippo | hippos |
| zoo | zoos |
| kangaroo | kangaroos |

သို့သော် o ဆုံးသည့် နာမ်အချို့ကိုတော့ "es" ပေါင်းထည့်ပေးရသည်။

| Singular(အနည်းကိန်း) | Plural (အများကိန်း) |
|---|---|
| tomato | tomatoes |
| potato | potatoes |
| hero | heroes |

o ဆုံးသည့် အချို့နာမ်တွေကို "s" သို့မဟုတ် "es" ပေါင်းထည့်ပေးနိုင်သည်။

| Singular(အနည်းကိန်း) | Plural (အများကိန်း) |
|---|---|
| mosquito | mosquitos/mosquitoes |
| portico | porticos/porticoes |

(၇) Irregular nouns (အများကိန်းရှိပြီးသားဖြစ်တဲ့နာမ်) တွေကိုတော့ ကျက်မှတ်ထားရမှာဖြစ်ပါတယ်။

| Singular(အနည်းကိန်း) | Plural (အများကိန်း) |
|---|---|
| man | men |
| woman | women |
| child | children |
| person | people |
| mouse | mice |
| tooth | teeth |
| foot | feet |
| goose | geese |

**မှတ်ရန်။** တိရစ္ဆာန်ကြွက်ကို အများကိန်းပြောင်းတဲ့အခါ a mouse – two mice ဆိုပြီးပြောင်းပေးရပေမယ့် ကွန်ပျူတာအစိတ်အပိုင်းဖြစ်တဲ့ mouse ကို အများကိန်းပြောင်းရေးတဲ့အခါ two mice (သို့မဟုတ်) two mouses ဟု ရေးသားနိုင်သည်။

အချို့နာမ်တွေသည် အနည်းကိန်းရော အများကိန်းပါ ပုံစံတစ်မျိုးတည်းဖြစ်သည်။

| Singular(အနည်းကိန်း) | Plural (အများကိန်း) |
|---|---|
| sheep | sheep (sheeps လို့မရေးရပါ။) |
| deer | deer (deers လို့မရေးရပါ။) |
| fish | fish(fishes လို့မရေးရပါ။ ငါးအမျိုးအစားမတူရင်တော့ fishes ဟု ရေးရမှာဖြစ်ပါတယ်။) |
| aircraft | aircraft(aircrafts လို့မရေးရပါ။) |
| salmon | salmon(salmons လို့မရေးရပါ။) |

စာမျက်နှာ ၂၁ သို့ ❋

❋ စာမျက်နှာ ၂၀ မှ

(၈) အမြဲတမ်းအများကိန်းအဖြစ်ရှိတဲ့ နာမ်များကို လေ့လာပါ။


| | |
|---|---|
| trousers | glasses |
| shorts | spectacles |
| jeans | goggles |
| pants | scissors |
| tights | binoculars |
| pajamas | pliers |
| shoes | chopsticks |
| sandals | gloves |
| slippers | clogs |
| boots | socks |

**မှတ်ရန်။** အဆိုပါအမြဲတမ်းအများကိန်းအဖြစ်ရှိတဲ့ နာမ်တွေကို တစ်ထည်၊ တစ်လက်၊ တစ်စုံ၊ တစ်ရန်ဆိုပြီးရေးပါက a pair of ထည့်ပြီး ရေးနိုင်သည်။

ဥပမာ။

a pair of trousers (ဘောင်းဘီရှည်တစ်ထည်)
a pair of pants (ဘောင်းဘီတိုတစ်ထည်)
a pair of glasses (မျက်မှန်တစ်လက်)
a pair of chopsticks (အစားစားတဲ့တူ တစ်စုံ)
a pair of sandals (ကြိုးသိုင်းဖိနပ်တစ်ရန်)
a pair of gloves (လက်အိတ်တစ်စုံ)

**လေ့ကျင့်ခန်းများဖြေဆိုပါ။**




## Exercise on singular & plural

**Exercise 1**

**Underline all the nouns in the following sentences.**
(ပေးထားသောဝါကျများတွင် နာမ်များကို မျဉ်းသားပြပါ။)

1. Do you like cheese?
2. They stood next to the Niagara Falls.
3. May I borrow your umbrella?
4. The ambulance was driving very fast.
5. Carl did not agree with them.
6. She loves to visit Disneyland.
7. Would you like some more water?
8. The fog was very thick.
9. May I invite Tom to join us?
10. My car is very old.

**Exercise 2**

**Change the following to plural form.**
(အောက်ပါနာမ်များကို အများကိန်းပုံစံပြောင်းပါ။)

1. bus __________ 2. lunch __________
3. girl __________ 4. woman__________
5. boy __________ 6. man__________
7. glass __________ 8. month __________
9. year __________ 10. toy __________
11. box __________ 12. inch __________
13. ox __________ 14. duty __________
15. brush __________ 16. tax __________
17. story __________ 18. apple __________
19. house __________ 20. Englishman __________
21. mouse __________ 22. key __________
23. rat __________ 24. copy __________
25. teacher __________ 26. policeman __________
27. pupil __________ 28. wish__________
29. wife __________ 30. watch __________
31. friend __________ 32. sheep__________
33. tomato __________ 34. enemy __________
35. potato__________ 36. goose__________
37. bench__________ 38. deer__________
39. ray __________ 40. child__________
41. day __________ 42. chief__________
43. fish__________ 44. chair__________
45. thief __________ 46. radio__________
47. piano__________ 48. tooth__________
49. school__________ 50. knife__________

**Exercise 3**

**Read the following passage. Write S in the box after each singular noun and P in the box after each plural noun.**
**(နာမ်အနည်းကိန်းဆိုလျှင် “S” လို့ရေးပြီး နာမ်အများကိန်းဆိုလျှင် “P” ဟု ရေးပါ။)**

Our teacher _____ is a very nice lady _____ . She’s very kind to all the children _____ in the class _____ and she tells us very funny stories _____ . Yesterday, she told a story _____ about the animals _____ on a farm _____. They all had a race _____ . The pigs _____ and sheep _____ ran faster than the ducks _____ and cows _____ , but the heroes _____ of the story _____ were the mice _____ . They were faster than all the other animals _____, even though they had the shortest legs _____!

**Exercise 4**

**Read the following passage. Notice that the plural nouns are missing. Write the correct plural form of the singular nouns in parentheses. The first one has been done for you.**
(ပေးထားသော နာမ်များကို အများကိန်းပြောင်းရေးပါ။)

Three __ladies__ (lady) in pink _____ (dress) took their _____ (baby) for a walk in the zoo. They saw four _____ (giraffe), three _____ (hippo), two _____ (kangaroo) and an elephant. They walked for so long that their _____ (foot) became sore, so they sat down on a bench for a rest near some _____ (monkey). The _____ (monkey) were playing with cardboard _____ (box) and throwing _____ (stick) at each other. After a while, the _____ (lady) looked at their _____ (watch) and decided it was time to go home.

**Exercise 5**

**Change these sentences into plural form.**
(အောက်ပါဝါကျများကို အများကိန်းပြောင်းရေးပါ။)

1. A tiger is a wild animal.
2. The doctor asked the patient to lie down.
3. The black car had no owner.
4. The policeman caught the thief.
5. A duck is swimming in the pond.

**Exercise 6**

**Change the following sentences from plural to singular.**
(အောက်ပါဝါကျများရှိ နာမ်များကို အနည်းကိန်းပုံစံပြောင်းပါ။)

1. The women were working in the fields.
2. The babies were crying in their cradles.
3. Mangoes are kept on the tables.
4. Lions live in caves.
5. Mothers love their children.

**Exercise 7**

**Give the singular forms of the following nouns.**
(အောက်ပါနာမ်များကို အနည်းကိန်းပုံစံပြောင်းရေးပါ။)

1. Two sheep a _____
2. Two oxen an _____
3. Two mice a _____
4. Two branches a _____
5. Two churches a _____
6. Two trees a _____
7. Two knives a _____
8. Two mangoes a _____
9. Two stars a _____
10. Two activities an _____

**Answers**

**Exercise 1**

1. cheese; 2. the Niagara Falls; 3. umbrella;
4. ambulance; 5. Carl; 6. Disneyland;
7. water; 8. fog; 9. Tom;
10. car;

**Exercise 2**

1. buses; 2. lunches; 3. girls;
4. women; 5. boys; 6. men;
7. glasses; 8. months; 9. years;
10. toys; 11. boxes; 12. inches;
13. oxen; 14. duties; 15. brushes;
16. taxes; 17. stories; 18. apples;
19. houses; 20. Englishmen; 21. mice;
22. keys; 23. rats; 24. copies;
25. teachers; 26. policemen; 27. pupils;
28. wishes; 29. wives; 30. watches;
31. friends; 32. sheep; 33. tomatoes;
34. enemies; 35. potatoes; 36. geese;
37. benches; 38. deer; 39. rays;
40. children; 41. days; 42. chiefs;
43. fish; 44. chairs; 45. thieves;
46. radios; 47. pianos; 48. teeth;
49. schools; 50. knives;

**Exercise 3**

1. S; 2. S; 3. P; 4. S; 5. P; 6. S;
7. P; 8. S; 9. S; 10. P; 11; P; 12. P;
13. P; 14. P; 15. S; 16. P; 17. P; 18. P;

**Exercise 4**

Three ladies in pink dresses took their babies for a walk in the zoo. They saw four giraffes, three hippos, two kangaroos, and an elephant. They walked for so long that their feet became sore, so they sat down on a bench for a rest near some monkeys. The monkeys were playing with cardboard boxes and throwing sticks at each other. After a while, the ladies looked at their watches and decided it was time to go home.

**Exercise 5**

1. Tigers are wild animals.
2. The doctors asked the patients to lie down.
3. The black cars had no owners.
4. The policemen caught the thieves.
5. Ducks are swimming in the pond.

**Exercise 6**

1. The woman was working in the field.
2. The baby was crying in his cradle.
3. A mango is kept on the table.
4. A lion lives in a cave.
5. A mother loves her child.

**Exercise 7**

1. A sheep; 2. An ox; 3. A mouse;
4. A branch; 5. A church; 6. A tree;
7. A knife; 8. A mango; 9. A star;
10. An activity

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၅ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၂-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၅၄၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၈၂,၃၇၁) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၂,၇၁၄) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၅၈၃) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

သို့ဖြစ်ပါ၍ (၃-၄-၂၀၂၂) ရက်နေ့မှစ၍ ယနေ့အထိ (၂၀) ရက်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုနှုန်းမှာ တစ်ရာခိုင်နှုန်းအောက်သို့ လျော့နည်းလျက်ရှိပါကြောင်းနှင့် (၇-၄-၂၀၂၂) ရက်နေ့မှ စတင်၍ ယနေ့အထိ (၁၆) ရက်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါ ရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

## (၂၂-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၅၉) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၆၅) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၅) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၂၅) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၉၂၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၄၇) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၇၃၅) ခု | (၈) ဦး |
| စုစုပေါင်း | (၁၁,၅၄၉) ခု | (၁၇) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၅၅၃၀၅၈ | ၈၀၃၅၅၃၈၉ | ၁၀၁၇၆၀၉ |
| ၂။ | အိန္ဒိယ | ၄၃၀၅၂၄၂၅ | ၄၂၅၁၆၀၆၈ | ၅၂၂၁၁၆ |
| ၃။ | ဘရာဇီး | ၃၀၃၃၀၆၂၉ | ၂၉၃၅၃၃၉၈ | ၆၆၂၅၅၆ |
| ၄။ | ပြင်သစ် | ၂၈၀၇၆၀၁၇ | ၂၅၆၁၈၆၇၃ | ၁၄၄၇၉၉ |
| ၅။ | ဂျာမနီ | ၂၃၉၁၅၄၃၇ | ၂၁၀၅၈၀၀၀ | ၁၃၄၂၈၄ |
| ၆။ | ဗြိတိန် | ၂၁၉၀၉၅၀၉ | ၂၀၆၅၂၉၃၇ | ၁၇၃၀၃၂ |
| ၇။ | ရုရှား | ၁၈၁၁၉၈၆၂ | ၁၇၄၅၁၀၉၀ | ၃၇၄၅၆၃ |
| ၈။ | တောင်ကိုရီးယား | ၁၆၇၅၅၀၅၅ | စိစစ်ဆဲ | ၂၁၈၇၃ |
| ၉။ | အီတလီ | ၁၅၉၃၄၄၃၇ | ၁၄၅၄၉၃၆၀ | ၁၆၂၂၆၄ |
| ၁၀။ | တူရကီ | ၁၅၀၁၀၇၁၈ | ၁၄၈၁၇၂၅၈ | ၉၈၆၄၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၅၄၄၃၂၄ | ၉၀၇၉၂၆၅ | ၄၂၉၉၈ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၃၂၄၆ | ၅၈၆၆၁၆၉ | ၁၅၆၀၄၀ |
| ၃။ | မလေးရှား | ၄၄၁၅၁၀၁ | ၄၂၉၁၄၄၇ | ၃၅၄၇၀ |
| ၄။ | ထိုင်း | ၄၁၂၈၀၃၈ | ၃၉၀၉၇၃၈ | ၂၇၅၂၃ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၄၀၉၄ | ၃၆၀၈၁၀၉၄ | ၆၀၁၁၈ |
| ၆။ | စင်ကာပူ | ၁၁၇၄၃၉၀ | ၁၁၀၄၈၄၁ | ၁၃၂၂ |
| ၇။ | မြန်မာ | ၆၁၂၇၁၄ | ၅၉၁၅၈၃ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၃၅၄၅ | ၂၀၁၀၅၇ | ၇၃၀ |
| ၉။ | ဘရူနိုင်း | ၁၄၀၈၇၃ | ၁၃၉၅၂၃ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၁၇၂ | ၁၃၂၈၈၀ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိတင်သွင်းနိုင်ရေးအတွက်အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ လက်အိတ် ၁၃ တန်၊ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ နှာခေါင်းစည်း ၅၄ တန်တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www. commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် မေ ၂၂

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ မေ ၂၂ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Surgical Glove အခု ၈၇၂၀ နှင့် ဆေးဝါးမျိုးစုံ ၃၄ မျိုး စုစုပေါင်း ၁၀၇၈၉၇ ဒသမ ၈၀ ကီလိုဂရမ်၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီ သုံးခုမှ PPE Grown အခု ၅၀၀၀၊ Surgical Mask ၅၃၅၀၀ ကီလိုဂရမ်၊ Glucose Injection အခု ၅၈၂၆၀၊ Infusion Set ၈၆၄ ခု၊ Disposable Syringe အခု ၂၁၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မိုးကောင်းမြို့နယ်၌ လူငယ်နှင့်ပြည်သူ့နီတိ ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပ

**မိုးကောင်း မေ ၂၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနတွင် လူငယ်များ အခြေခံလူ့ယဉ်ကျေးမှုစာရိတ္တများ၊ ကိုယ်ချင်းစာတရားများနှင့် လိုက်နာကျင့်သုံးရမည့် ပြည်သူ့နီတိများကို သိရှိစေရန်ရည်ရွယ်၍ လူငယ်နှင့်ပြည်သူ့နီတိခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပကြောင်း သိရသည်။

**အသိပညာပေးဟောပြော**

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိုးကောင်းမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်နီနီလွင်က လူငယ်လူရွယ်များ ငယ်စဉ်မှစ၍ လိုက်နာကျင့်သုံးရမည့် အခြေခံပြည်သူ့နီတိများဖြစ်သည့် စာရိတ္တထိန်းသိမ်းရေး၊ ရိုးရာယဉ်ကျေးမှုကို ကောင်းစွာလိုက်နာဆောင်ရွက်ထိန်းသိမ်းရေး၊ အမှိုက်များကို စည်းမဲ့ကမ်းမဲ့ မပစ်ရေး၊ ကိုယ်ချင်းစာတရားဖြင့် သူတစ်ပါးမထိခိုက်အောင်နေထိုင်ခြင်း စသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဟောပြောပွဲ တက်ရောက်လာသူ ကျောင်းသားလူငယ် ၂၅ ဦးတို့က ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကို စိတ်ဝင်တစား ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)

## ဟိုင်းကြီးကျွန်းမြို့၌ စာဖတ်ဝိုင်းကျင်းပ

**ဟိုင်းကြီးကျွန်း မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ လူထုအခြေပြုဗဟိုဌာနခန်းမတွင် ဆရာချစ်နိုင်(စိတ်ပညာ) ၏ "လူငယ်ဆိုတာ လန်းရမယ်" စာအုပ်ဖြင့် လူငယ်အသင်း(Youth Club) အဖွဲ့ဝင်လူငယ်များနှင့်အတူ ယနေ့နံနက်ပိုင်းက စာဖတ်ဝိုင်းကျင်းပခဲ့ကြောင်း သိရသည်။

စာဖတ်ဝိုင်းကို လူငယ်အသင်းအဖွဲ့ဝင် ကိုဇေယျလှိုင်က ဆရာချစ်နိုင်(စိတ်ပညာ) ရေးသားထားသော "လူငယ်ဆိုတာလန်းရမယ်" စာအုပ်တွင်ပါဝင်သည့် "နေ့စဉ်ကြိုးစားအားထုတ်နေရမယ်နှင့် မျှော်လင့်ထားတာထက် မလျော့စေဘဲ ပိုကောင်းအောင်လုပ်ရမယ်" အစရှိသည့် ခေါင်းစဉ်များကို ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော လူငယ်အသင်း အဖွဲ့ဝင်လူငယ်များနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ၂၀၂၂ ခုနှစ် မေလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် မေ ၂၂**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "သိမှတ်စရာ ဒီမိုကရေစီရေးရာ" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်(မေလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် မေလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဇော်ဇော်အောင်(မန္တလေး)၊ K. M. A၊ သန့်လွင်ထွန်း (MPA) တို့၏ "သိမှတ်စရာ ဒီမိုကရေစီရေးရာ" မျက်နှာဖုံးဆောင်းပါးများ၊ ဒေါက်တာခင်မောင်ညို၊ ကောင်းသန့်၊ ဟိန်းလတ်၊ မောင်ဒီပ(ပညာရေး)၊ ညီမော်သိမ်း၊ ပါမောက္ခကိုကိုအောင်၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ နေသူရိန်၊ ဒေါက်တာလွင်သန့်၊ မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ်တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ အောင်မြတ်စည်သူ၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ အေးထွန်းမင်း၏ နိုင်ငံတကာဆိုင်ရာဆောင်းပါး၊ ဦးစိုင်းကျော်သူ၏ ရွှေးကောက်ပွဲဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာမြင့်သန်း၊ ရဲထက်ဇော်၊ ကြည်လွင်ဦး (ရေနံ)တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ မြသိန်း၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ထက်ဝေအောင်(စစ်ကိုင်း)၏ အမုန်းစကားဆိုင်ရာဆောင်းပါး၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး(ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)၊ ဒေါက်တာစန်းဦး၊ စိန်ဝင်းမော်၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူမည်းသရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇ ၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂- ၄၀၃၁၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာ ယူ-၂၂ အသင်း ပဏာမကစားသမား ၂၉ ဦးဖြင့် ပြင်ဆင်နေ

**ရန်ကုန် မေ ၂၂**

မြန်မာ ယူ-၂၂ အသင်းသည် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမကစားသမား ၂၉ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

**ရွေးချယ်ထား**

မြန်မာ ယူ-၂၂ အသင်းသည် လက်ရှိတွင် ယူအေအီးနိုင်ငံ၌ လေ့ကျင့်နေပြီး ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် ဗီယက်နမ်နိုင်ငံသို့ တိုက်ရိုက်သွားရောက်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းတွင် ယူ-၂၂ ကစားသမား ၂၁ ဦး၊ အသက်ကျော် ကစားသမားရှစ်ဦး ရွေးချယ်ထားသည်။ မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် အသက်ကျော်ကစားသမားများအဖြစ် မောင်မောင်လွင်၊ အောင်ကောင်းမာန်၊ ဟိန်းထက်အောင်၊ ဆွမ်လန်မန်၊ ဝင်းမိုးကျော်၊ ရဲမင်းသူ၊ အောင်နိုင်ဝင်းနှင့် သန်းပိုင်တို့ကို ရွေးချယ်ထားသည်။ ယင်းရှစ်ဦးအနက် ပြည်ပကလပ်အသင်းများတွင် သွားရောက်ကစားနေသော မောင်မောင်လွင်၊ အောင်ကောင်းမာန်၊ ဟိန်းထက်အောင်၊ ဆွမ်လန်မန်တို့မှာ လိဂ်ပွဲစဉ်များရှိနေသဖြင့် ဒူဘိုင်းခရီးစဉ်ကို မလိုက်ပါနိုင်ဘဲ ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိမှသာ လာရောက်ပူးပေါင်းမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းတွင် **အုပ်ချုပ်သူ-** ဦးစည်သူဝင်း၊ **နည်းပြချုပ်-** ဗယ်လီဇာပိုပေ့ါဗ်၊ **လက်ထောက်နည်းပြ-** ဦးဇော်ဝင်းထွန်း၊ ဦးအောင်အောင်ထွန်း၊ **ဂိုးနည်းပြ-** ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် **ဂိုးသမား-** ပြည့်ဖြိုးသူ၊ သူရကျော်၊ ပြည့်ဖြိုးအောင်၊ အောင်ကိုလတ်၊ **နောက်တန်း -** သက်ဟိန်းစိုး၊ စိုးမိုးကျော်၊ ဟိန်းဇေယျာလင်း၊ ဝင်းမိုးကျော်၊ ရဲမင်းသူ၊ သက်ပိုင်ထွေး၊ အောင်ဝဏ္ဏစိုး၊ ရဲလင်းထက်၊ နောင်နောင်စိုး၊ **အလယ်တန်း-** ဇော်ဝင်းသိန်း၊ လွင်မိုးအောင်၊ လင်းထက်စိုး၊ ဝေလင်းအောင်၊ ရန်ကျော်စိုး၊ အောင်နိုင်ဝင်း၊ ဟိန်းထက်အောင်၊ **ရှေ့တန်း-** ရဲရင့်အောင်၊ ထက်ဖြိုးဝေ၊ ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့်၊ ရာဇာအောင်၊ သန်းပိုင်၊ မောင်မောင်လွင်၊ အောင်ကောင်းမာန်၊ ဆွမ်လန်မန်တို့ ပါဝင်ကြသည်။

မြန်မာ ယူ-၂၂ အသင်းသည် ယူအေအီးခရီးစဉ်တွင် ခြေစမ်းပွဲလေးပွဲကစားမည်ဖြစ်ပြီး မြန်မာစံတော်ချိန် မေ ၂၁ ရက်က ကစားသည့် ပထမပွဲတွင် ဒူဘိုင်းစီးတီးအသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် မေ ၂၃၊ ၂၇၊ ၂၉ ရက်တွင် ခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ယနေ့တွင် ယူအေအီးကလပ် FC Sharjah အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

**○ ကျောဖုံးမှ**

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး အူဘာမီယန်ဟာ လက်ရှိမှာ ဘာစီလိုနာအသင်းနဲ့ အတူ စပိန်လာလီဂါပွဲစဉ် ၁၁ ပွဲပါဝင်ကစားပေးထားရာမှာ သွင်းဂိုးကိုးဂိုးအထိ သွင်းယူနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ရီးယဲလ်ဆိုစီဒက်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် လာလီဂါပွဲစဉ် ၃၂ ပွဲကစားပြီးချိန်မှာ ရမှတ်စုစုပေါင်း ၆၃ မှတ်ရရှိထားကာ အမှတ်ပေးဇယားတတိယနေရာက ဆီဗီလာအသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားချက်နဲ့ အမှတ်ပေးဇယားဒုတိယနေရာမှာ ရပ်တည်ခွင့် ရရှိခဲ့တာဖြစ်ပါတယ်။

စပိန်လာလီဂါအမှတ်ပေးဇယားထိပ်မှာတော့ ရီးယဲလ်မက်ဒရစ်အသင်းက လာလီဂါပွဲစဉ် ၃၃ ပွဲကစားပြီးချိန်မှာ ရမှတ်စုစုပေါင်း ၇၈ မှတ်ရရှိထားတာကြောင့် ဘာစီလိုနာအသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ၁၅ မှတ်အထိ ကွာဟနေတာဖြစ်ပါတယ်။

ရီးယဲလ်ဆိုစီဒက်အသင်းကတော့ အခုပွဲစဉ်မှာ ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲစုံနောက်ဆုံး တွေ့ဆုံခဲ့တဲ့ ၁၅ ပွဲမှာ နိုင်ပွဲလုံးဝမရရှိခဲ့တဲ့ မှတ်တမ်းဆိုးကို ပိုင်ဆိုင်ခွင့်ရရှိခဲ့တဲ့အပြင် ၃၃ ပွဲကစားပြီးချိန်မှာ ရမှတ်စုစုပေါင်း ၅၅ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၆ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

အခြားသော စပိန်လာလီဂါပွဲစဉ်တွေမှာတော့ ဗယ်လက်ကာနိုအသင်းက အက်စ်ပန်ညိုအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဆီဗီလာအသင်းက လီဗန်တေးအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဘီဘာအိုအသင်းက ကာဒစ်ဇ်အသင်းကို သုံးဂိုး-နှစ်ဂိုး စသဖြင့် ရလဒ်အသီးသီးထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**


**အမွေရှင်ဒေါ်ခင်သန်း(ခ) အမာဂျန်ဘီဘီ ကျန်ရစ်ခဲ့သော ပစ္စည်းများအပေါ် စီမံခန့်ခွဲခွင့်အမိန့်ချမှတ်ပေးပါရန် အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ -၃၀၇ တို့အရ လျှောက်ထားကြောင်း အကြောင်းကြားစာ**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၈၄**

ဦးကိုကိုကြီး
လျှောက်ထားသူ (အမွေထိန်း)
အမှတ်-၁၅၊ (၅၅)လမ်း၊ (၄)ရပ်ကွက်
ဗိုလ်တထောင်မြို့နယ်။

**အမွေရှင် ဒေါ်ခင်သန်း(ခ)အမာဂျန်ဘီဘီ** ပိုင်ဆိုင်ကျန်ရစ်သောပစ္စည်းနှင့်ပတ်သက်သော အမှုအရေးကိစ္စတွင် သက်ဆိုင်သူများကို သိစေလိုက်သည်။

အထက်အမည်ပါ လျှောက်ထားသူ (အမွေထိန်း)က အမွေရှင် ဒေါ်ခင်သန်း (ခ) အမာဂျန်ဘီဘီ ကျန်ရစ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်-၁၃အက်ဖ်(၃)၊ မြေကွက်အမှတ်-၄၀(ပေ၄၀x၅၀ပေ)နှင့် မြေတိုင်းရပ်ကွက်အမှတ်-၁၃အက်ဖ်(၃)၊ မြေကွက်အမှတ်-၄၁၊ တောင်ဘက်ခြမ်းတစ်ဝက်(၂၅ပေ x ပေ၄၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၂၅၂/၂၅၈၊ လမ်း(၄၀)၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် (၆)ခန်းတွဲ (၇)ထပ်တိုက်တို့မှရရှိမည့် အိမ်လခများနှင့် အမည်ပြောင်းခများခံစားခွင့်အတွက် အမွေထိန်းလက်မှတ်စာကို (၂၈-၂-၂၀၂၂)ရက်နေ့တွင် ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် လျှောက်ထားသူ အမွေထိန်းမှ အမွေရှင် ဒေါ်ခင်သန်း(ခ) အမာဂျန်ဘီဘီ ကျန်ရစ်သော အထက်ဖော်ပြပါ ပစ္စည်းများအား စီမံခန့်ခွဲခွင့်ပြုလုပ်နိုင်ရန်အတွက် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၅ နှင့် ၃၀၇အရ လျှောက်ထားလာရာ ၎င်းလျှောက်လွှာကို ၂၀၂၂ခုနှစ်၊ မေလ ၆ရက်(၁၃၈၄ခုနှစ်၊ ကဆုန်လဆန်း ၇ရက်) နံနက်(၁၀)နာရီတွင် ကြားနာရန်ချိန်းဆိုထားကြောင်းနှင့် ဆိုခဲ့သော အမွေရှင် ဒေါ်ခင်သန်း(ခ)အမာဂျန်ဘီဘီ၏ ကျန်ရစ်သော ပစ္စည်းအရေးကိစ္စတွင် အကျိုးစီးပွားသက်ဆိုင်သည့် မည်သူမဆို ဖော်ပြပါရုံးချိန်းတွင် ဤရုံးတော်သို့ လာရောက်ကန့်ကွက်လျှောက်ထားနိုင်ကြောင်း အကြောင်းကြားသိစေလိုက်သည်။

၂၀၂၂ခုနှစ်၊ မေလ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးခွန်ဖြူ)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**



**ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ်-၁/၁၆ မြေပေါ်တွင် တည်ဆောက်ထားသည့် (၁၅ပေx၅၀ပေ) အကျယ်အဝန်းရှိ (၂)ခန်းတွဲ (၅)ထပ်တိုက်၏ မြေညီထပ်(ခြေရင်းခန်း)၊ တိုက်-B ဟုခေါ်တွင်သောတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူကာလက်ဝယ်ထားပိုင်ဆိုင်လျက်ရှိသူ ဦးတေဇာလင်း(ဘ) ဦးသိန်းညွှန့်[၁၂/လမန(နိုင်)၁၄၂၀၉၃] မှ မိမိသာပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းကြောင်းဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ငြိမ်းငြိမ်းဌေး [၁၂/လမန(နိုင်)၁၃၄၉၅၇] ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်နှင်းယုယဖြိုး** |
| **(LL.B,D.B.L,D.I.L,D.M.L)** | **(LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** | **အထက်တန်းရှေ့နေ (စဉ်-၅၁၅၆၇)** |

**The Solution Power Law Firn- အမှတ်-၃၃၊ မြေညီထပ်၊ အုတ်ကျင်းဘူတာရုံလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၀၉၈၉၄၂၊ ၀၉-၂၀၃၉၀၄၁**


လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## "သက်ဆိုင်သူအများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါက်တာမြတ်မော်ထွန်း[၁၂/စခန(နိုင်)၀၄၃၅၆၆]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူအများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်–

စိတ်ဆန္ဒတူ ဆရာဝန်နှင့်သူနာပြုများစုစည်း၍ သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်ထူထောင်ရန်အလို့ငှာ ရင်းနှီးမတည်ငွေအစုရှယ်ယာများကိုစုဆောင်းပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာမြတ်မော်ထွန်းက အစုငွေထည့်ဝင်သူတို့၏ မေတ္တာရပ်ခံချက်အရ ထိန်းသိမ်းစီမံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါသည်။ ယင်းသို့ရင်းနှီးမတည် ငွေအဖြစ်ထည့်ဝင်ထားသော အစုရှယ်ယာရှင်တစ်ဦးဖြစ်သည့် သူနာပြုဆရာမကြီးဒေါ်ခိုင်ခိုင်စော(ငြိမ်း)[၁၂/မဂတ(နိုင်)၀၁၈၈၉၉]သည် (၂၄–၈–၂၀၂၁)ရက်တွင် ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကွယ်လွန်သူ ဒေါ်ခိုင်ခိုင်စော ထည့်ဝင်ထားသည့်အစုရှယ်ယာငွေနှင့်စပ်လျဉ်း၍ ဆက်ခံခွင့်ရှိသူဟု အဆိုရှိသူတို့သည် သက်ဆိုင်ရာတရားရုံးတော်ကထုတ်ပေးသည့် ကွယ်လွန်သူ ဒေါ်ခိုင်ခိုင်စောကျန်ရစ်သည့်ပစ္စည်း အရပ်ရပ်၏ ဆက်ခံသူဖြစ်ကြောင်း အမိန့်၊ ဒီကရီ(သို့တည်းမဟုတ်) အမွေဆက်ခံခြင်းအက်ဥပဒေအရ ထုတ်ပေးထားသော သက်သေခံလက်မှတ်စာ(သို့တည်းမဟုတ်) အမွေထိန်းစာ စသည့်အထောက်အထားတစ်ရပ်ရပ်၏မူရင်းနှင့် တကွ ကျွန်ုပ်ထံသို့လာရောက်တင်ပြ၍ တောင်းခံနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါက်တာမြတ်မော်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးအေးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၄၃၂၂)**
**အမှတ်(၁၂၁)၊ ဒု–ထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၆၉၁၅၉၊ ၀၉–၉၇၅၁၆၉၁၅၉**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ စိုက်ပျိုးရေး(၄)လမ်း၊ အမှတ်–၁၇/၂၆၇ နေ ကျွန်ုပ်မိတ်ဆွေ များဖြစ်ကြသော ဦးအေးမြင့်[၁၂/အစန(နိုင်)၀၉၉၅၇၃]–ဒေါ်စန်းမြင့် [၁၂/အစန(နိုင်)၁၄၆၅၄၈]ကိုင်ဆောင်သူများနှင့် ဒေါ်အိအိဖြိုး [၁၂/အစန(နိုင်)၁၆၉၅၂]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

မပိုင်းစန္ဒီဖြိုး [၁၂/အစန(နိုင်)၂၅၄၈၆၂] ကိုင်ဆောင်သူသည် ဦးအေးမြင့်–ဒေါ်စန်းမြင့်တို့၏ (မွေးစားသမီး)၊ ဒေါ်အိအိဖြိုး(မွေးမိခင်)၏သမီးဖြစ်သူ မပိုင်းစန္ဒီဖြိုးသည် မိဘများ၏ဆိုဆုံးမမှုကို လေးစားလိုက်နာမှုမရှိ၊ နာခံမှု လည်းမရှိဘဲ မိဘညီအစ်ကိုမောင်နှမများ၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးတို့အား အမျိုးမျိုးအကြိမ်ကြိမ် စိတ်ရော ကိုယ်ပါ ဆင်းရဲစေသည့်ကိစ္စရပ်များကိုလုပ်ကိုင်ဆောင်ရွက်လျက်ရှိနေပါသောကြောင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်တွင် မပိုင်းစန္ဒီဖြိုးနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို ပေါ်ပေါက်လာပါက မိဘများအနေ ဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ မိဘများအနေဖြင့်လည်း အမွေပြတ်စွန့်လွှတ်သည့်နေ့မှစ၍ ၎င်းအား လုံးဝပြန်လည်မပတ်သက်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကြည်ကြည်လှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၀၁)**
**အမှတ်(၂၃၁)၊ ၃–လွှာ(အေ)၊ ၄ဝါလမ်း၊ စောမြောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၉၃၅၆၆၃၁၅**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၆)၊ ယဿဝတီ(၁)လမ်း၊ မြေကွက်အမှတ် (၄၈၉)၊ အကျယ်အဝန်း အလျား (၄၀)ပေxအနံ (၆၀)ပေရှိသော ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဟန်ဇော်ဦး [၁၂/ခရန(နိုင်)၀၉၁၅၆၅]ထံမှ ကျွန်မ၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်သော ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နှင်းယုဝေအေး(LL.B, LL.M, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်–၄၁၁၅၂)**
**Hnin Yu Jasmine Legal Services**
**အမှတ်(၃)၊ သော်တာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၇၈၈၀၃၁၇၁၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၁၈

| | | |
|---|---|---|
| ဦးနေမျိုး } | နှင့် | { ဒေါ်တင်တင်အေး |
| **(တရားလို)** | | **(တရားပြိုင်)** |

**ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၁)၊ အခန်း(၁)၊ တိုက်(၁၄၈)နေ တရားပြိုင် ဒေါ်တင်တင်အေး (ယခုနေရပ်လိပ်စာမသိ)**သိစေရမည်။

သင့်အပေါ်၌ **တရားလို ဦးနေမျိုး**က **လင်မယားကွာရှင်းပြတ်စဲပေးစေလို** ကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ မေလ(၅)ရက် (၁၃၈၄ ခုနှစ်၊ ကဆုန် လဆန်း ၆ ရက်)နေ့ နံနက် (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် **စာရွက်စာတမ်း များ**နှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက် တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၉)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မျိုးညွှန့်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးလက်(ချ်)မန် [၁၃/ကခန(နိုင်)၀၁၅၈၄၁]၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၂၅၇၄၂၅၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပ ရပ်ကွက်မှ မြေဧရိယာ (၀.၁၄၆)ဧကရှိ မြေကွက်အမှတ် (ပ.၁၀၅၇)၏ မြေချ ပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားပါ သဖြင့် မြေကွက်အမည်ပေါက် ဦးစိုးဝင်း [၉/မနတ (နိုင်)၀၉၇၆၈၁] အဖအမည် ဦးသောင်းစိန်မှ မြေချပါမစ်(စလစ်) မိတ္တူ မှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်) မူရင်း ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံ ချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြ ပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့် နေ့မှစ၍ (၃၀)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်) မိတ္တူမှန်လျှောက် ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## သွေးသည် အသက်

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ အဖျောက်ကျေးရွာမြောက်ပိုင်း တွင် နေထိုင်သော ဦးမျိုးညွှန့်[၁၂/ကမန(နိုင်)၀၀၀၇၂၅]၊ ဒေါ်စန်းစန်းဦး [၁၂/ကမန (နိုင်)၀၀၀၈၀၀၃]တို့၏ သားဖြစ်သူ ကိုဗိုလ်ဗိုလ်[၁၂/ကမန(နိုင်)၀၈၁၀၃၅]သည် ခွင့်မလွှတ်နိုင်သည့် အကြောင်းအရာများကို အကြိမ်ကြိမ်လုပ်ဆောင်သွားသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကို (၂၁–၄–၂၀၂၂)ရက်မှစ၍ ကြေညာ အပ်ပါသည်။

ကိုဗိုလ်ဗိုလ်နှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို လုံးဝ(လုံးဝ) တာဝန်မယူ ကြောင်း အသိပေးအပ်ပါသည်။

**မိဘများဖြစ်သူ**
**ဦးမျိုးညွှန့်**
**ဒေါ်စန်းစန်းဦး**

## မွန်ပြည်နယ်
## အားကစားနှင့်ကာယပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ မွန်ပြည်နယ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက် ရန်အတွက် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါထည့်သွင်းနိုင် ပါရန် ဖိတ်ခေါ်အပ်ပါသည်–

(က) ပြည်နယ်ရာမညဘောလုံးကွင်းပြုပြင်ခြင်းလုပ်ငန်း။
(ခ) ပြည်နယ်အားကစားဥယျာဉ်လမ်းလုပ်ငန်း။ (၁၇၂၀'x၁၈'x၈'')
(ဂ) သံဖြူဇရပ်မြို့နယ်၊ ကြက်တောင်အားကစားရုံ ဆက်လက်တည်ဆောက်ခြင်း။ (၅၈'x၇၆')
(ဃ) သထုံမြို့နယ် သုဓမ္မဝတီဘောလုံးကွင်း တည်ဆောက်ခြင်း။
(င) သထုံမြို့နယ် သုဓမ္မဝတီဘောလုံးကွင်း Inner Fencing ကာရံခြင်း။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် နေ့ရက် | – | ၂၂–၄–၂၀၂၂ရက် (ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါပိတ်မည့်ရက်/အချိန် | – | ၂၁–၅–၂၀၂၂ ရက် (၁၆:၀၀)နာရီ |
| ၄။ | တင်ဒါရောင်းချ/တင်သွင်းရမည့်နေရာ | – | မွန်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ရာမညအားကစားပြိုင်ဝင်း၊ မော်လမြိုင်မြို့ |
| ၅။ | တင်ဒါဖွင့်မည့်နေ့ရက်/အချိန် | – | ပြန်လည်အကြောင်းကြားပေး ပါမည်။ |

၆။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်–
ဖုန်း–၀၅၇–၂၀၂၄၈၃၂/၂၀၂၄၉၆၅ (မွန်ပြည်နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာန)

**တင်ဒါကော်မတီ**
**မွန်ပြည်နယ်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားလမ်းမကြီး၊ Star City အိမ်ရာ(သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်)၊ တိုက်အမှတ်(B5)၊ အခန်းအမှတ်(၉၀၈) အခန်းအမျိုးအစား Type (A)၊ အကျယ်အဝန်း (၁၂၆၀)စတုရန်းပေရှိ ကွန်ဒို တိုက်ခန်းအား ပိုင်ရှင်ဖြစ်သူ ဦးအောင်သိန်းဝင်း [၁/မညန(နိုင်)၀၀၂၁၄၀] ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာ၍ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာရွက်စာတမ်း (မူရင်း)အထောက်အထား အပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးမြင့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၆၀၆)**
**ဖုန်း–၀၉– ၄၂၅၀၁၂၂၅**
**အမှတ်(၂၃၁)၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်(အနောက်ရပ်ကွက်)၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**[S.R.S– REAL ESTATE 09–43125834, 09–779726621]**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ လေးကျွန်းကြာခိုင်လမ်း၊ မြေကွက်အမှတ်-၄၀၂ ဟုခေါ်တွင်သော (၄၀'x၆၀') ပေရှိ ဦးမြသိန်းအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်သူ ဦးဝင်းဗိုလ် [၁၂/ဥကတ (နိုင်) ၀၁၆၅၉၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးရဲလင်းအောင် [၉/နထက (နိုင်) ၁၃၁၄၀၀]က ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ဇင်မာထွန်း (LL.B, D.B.L) | ဦးထွန်းလင်းကျော် (LL.B, D.B.L) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စဉ်-၁၀၀၇၃ | စဉ်-၁၃၀၁၅ |

အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။
ဖုန်း-၀၉ ၄၄၈၀၀၈၇၁၆

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်–၂၅

| | | |
|---|---|---|
| ဒေါ်ခင်စန်းဝင်း | နှင့် | ၁။ ဒေါ်ခင်ဌေးရီ<br>၂။ ဦးခင်အောင်<br>၃။ ဦးမင်းကျော်နိုင်<br>၄။ ဒေါ်ဆုယမုန်မြင့် |
| **(လျှောက်ထားသူ)** | | **(လျှောက်ထားခံရသူများ)** |

၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်–၇၁၆/၂၀၁၉ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ မအူကုန်း လမ်းကျယ်၊ အမှတ်(၃၉/၄၁)နေ လျှောက်ထားခံရသူအမှတ် (၃) ဦးမင်းကျော်နိုင် နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၁၅၇)နေ လျှောက်ထားခံရသူ အမှတ်(၄) ဒေါ်ဆုယမုန်မြင့် (ယခုနေရပ်လိပ်စာမသိသူတို့)သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၂ ခုနှစ်၊ မေ ၁၃ ရက် (၁၃၈၄ ခုနှစ်၊ ကဆုန် လဆန်း ၁၄ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင် ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေ အရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မို့မို့အောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အမှတ်(၂)တည်ဆောက်ရေး
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## (တင်ဒါအမှတ်–၂/၂၀၂၂–၂၀၂၃)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် ဆောင်ရွက်လျက် ရှိသော စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်ရှိ နမ့်ပငချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော ဘိလပ်မြေ (၁၅၀၀၀)တန် (မြင်းခေါင်းတံဆိပ်)အား ကျောက်ဆည်မြို့ စက်မှုဇုန်မှ နမ့်ပငချောင်းအသေးစားရေအားလျှပ်စစ် စီမံကိန်းအထိ သယ်ယူပို့ဆောင်လိုပါသဖြင့် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာများစတင် ရောင်းချမည့်ရက်နှင့်အချိန် | – | ၂၅–၄–၂၀၂၂ရက် (နံနက် ၉:၀၀နာရီ) |
| | တင်ဒါလျှောက်လွှာများနောက်ဆုံး ရောင်းချမည့်ရက်နှင့်အချိန် | – | ၉–၅–၂၀၂၂ရက် (ညနေ ၁၆:၀၀နာရီ) |
| | တင်ဒါလျှောက်လွှာများနောက်ဆုံး လက်ခံမည့်ရက်နှင့်အချိန် | – | ၁၀–၅–၂၀၂၂ ရက် (ညနေ ၁၆:၀၀နာရီ) |

၃။ တင်ဒါလျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေး၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ–တွဲဖက်)ရုံး၊ မုံရွာမြို့တွင် သတ်မှတ်ရက်ရုံးချိန်အတွင်း စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း– ၀၇၁–၂၀၂၃၂၉

**တင်ဒါကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင် (၉)လမ်း၊ အမှတ်(D–47)ဟုခေါ်တွင်သော ဦးအုန်းကြည် အမည်ဖြင့် စလစ်အမည်ပေါက် ပေ(၄၀x၆၀)၊ ဧရိယာထဲမှ ပေ(၂၀x၆၀)မြေကွက်ခေါင်းရင်းခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမြတ်မင်းဟိန်း(ခ)ဦးမင်းခန့် [၁၂/တမန(နိုင်) ၁၀၂၅၂၉]မှ ၎င်းပိုင်ဆိုင်ကြောင်း ဝန်ခံပြောဆိုလျက်ရောင်းခဲ့ခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေ ဦးဝင်းခိုင်က ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်း အဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြတ်နိုးမေ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၂၇၃၆)**
**Ph:09–758181611**

## ကုမ္ပဏီ၏ လုပ်ငန်းအမှတ်တံဆိပ် အမှတ်အသားအား အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ **GREEN LEAF FARM MYANMAR CO., LTD** (ကုမ္ပဏီ မှတ်ပုံတင်အမှတ်–၁၂၄၉၉၈၃၈၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားကို ကုမ္ပဏီမှုပိုင်ဖြစ် ကြောင်း ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ စာချုပ်မှတ်ပုံတင် အမှတ်–၂၄၉၂/၂၀၂၂ ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်–

Green Leaf Farm Myanmar

အထက်ပါ ကုမ္ပဏီ၏ လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားဖြင့် ကုမ္ပဏီ၏ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး တို့ကို လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းတံဆိပ်အမည် အမှတ်အသားဖြင့်ပင် ကုမ္ပဏီမှအသုံးပြုရောင်းချမည့် ပစ္စည်းများအပေါ်တွင် အစဉ်အမြဲကုမ္ပဏီ၏ မူပိုင်အဖြစ်အသုံးပြုသွားမည်ဖြစ်ပြီး၊ အဆိုပါလုပ်ငန်း တံဆိပ်အမှတ်အသားဖြင့် **Internet, Website, Facebook, Letter Head**၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဆိုင်းဘုတ် အမျိုးမျိုးတို့တွင် ထည့်သွင်း အသုံးပြုသွားမည်ဖြစ်ပြီး၊ ရောင်းချသည့်ကုန်ပစ္စည်းများအား ထုပ်ပိုးသည့် ပလတ် စတစ်အိတ်၊ စက္ကူပုံး၊ စက္ကူအိတ်၊ အခြား ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့အပေါ်တွင် ၎င်းလုပ်ငန်းတံဆိပ်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး တို့ဖြင့် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးသို့ ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။ ဖော်ပြပါ လုပ်ငန်းတံဆိပ် အမှတ်အသား အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အခြားမည်သူမဆို ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်အောင် တုပပြုလုပ်သုံးစွဲခြင်းများကို မပြုလုပ်ကြရန်နှင့်လိုက်နာခြင်းမရှိပါက ကုမ္ပဏီ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက် နစ်နာမှုအရပ်ရပ်အတွက် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးတင်အောင်ဟိန်း**
**LL.B, D.B.L, D.I.L, D.M.L, M.A (Business Law)**
**အထက်တန်းရှေ့နေ (စဉ်– ၃၉၅၄၃)**
**အမှတ် (၈၈၉)၊ ငုရွှေဝါလမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။**
**Ph– 09 421112249၊ 09 964899528**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဦးစောလှိုင်(မလှိုင်)**

**မြို့နယ်လုပ်ငန်းစစ်ဆေးရေးဥက္ကဋ္ဌ(ငြိမ်း)(၁၉၇၄-၁၉၈၄)**

**အထက်တန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း)(လက်ယက်မ)**

**အသက်(၉၁)နှစ်**

မလှိုင်မြို့၊ (၁၀)ရပ်ကွက်နေ ဆရာမကြီး ဒေါ်တင်ညွန့်၏ခင်ပွန်း၊ ဦးနေဝင်း(ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)-ဒေါ်ညိုညိုဝင်းတို့၏ ချစ်လှစွာသော မွေးသဖခင်သည် ၂၂-၄-၂၀၂၂(သောကြာနေ့) နံနက် ၈:၂၀နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်ဝန်ထမ်းမိသားစုများ**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

**Mark @ ကိုမြင့်သူအောင် (ခ) သားပု**

**အသက်(၃၂)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရွာလယ်လမ်း၊ ဇ/မြောက်ရပ်ကွက်၊ အမှတ်-(ဃ-၁၇၀(ခ)နေ ဦးအောင်လွင်-(ဒေါ်ခင်သန်းမြင့်)တို့၏သား၊ (ဦးဝင်းသူအောင်)၊ (ဦးတင်ထွန်းအောင်)-ဒေါ်မိုးမိုးစံ တို့၏ညီ၊ မအုံ့သူသူစံ၏ ဦးလေး ကိုမြင့်သူအောင်(ခ) သားပုသည် ၂၂-၄-၂၀၂၂ရက် နံနက် ၁၀:၄၆နာရီတွင် အောင်ရတနာဆေးရုံ၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန် ခန်းမ (1-B)၌ဝတ်ပြုဆုတောင်းပြီးမီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၄-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရက်လည်ဝတ်ပြုဆုတောင်းမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာခင်မမ

**(အငြိမ်းစားတွဲဖက်ပါမောက္ခ၊ ခန္ဓာဗေဒဌာန၊ ဆေး-၁၊ ရန်ကုန်မြို့)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့နေ [ဦးခင်မောင်စိန်(အငြိမ်းစား)-ဒုပို့ဆောင်ရေးအရာရှိချုပ်၊ ရထားပို့ဆောင်ရေး)-ဒေါ်ခင်သန်း(အငြိမ်းစားအထက်တန်းပြဆရာမ)]တို့၏ သမီးကြီး၊ ဒေါက်တာခင်မောင်မောင်-(ဒေါ်ခင်ဖြူထွေး)တို့၏ညီမ၊ (ဒေါက်တာခင်မောင်လေး)-ဒေါ်ခင်ခင်မျိုး၊ သူရဦးဘိုနီ(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)-(ဒေါ်ခင်မလေး)တို့၏အစ်မ ဒေါက်တာ ခင်မမသည် ၂၁-၄-၂၀၂၂ရက် ဒေသစံတော်ချိန် ၁၂:၄၀ နာရီတွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ဆေးကုသမှုခံယူနေစဉ် ၉၆-ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၂ ရက်တွင် ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာနှင့်အညီ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဦးစောလှိုင်(မလှိုင်)**

**မြို့နယ်လုပ်ငန်းစစ်ဆေးရေးဥက္ကဋ္ဌ(ငြိမ်း) (၁၉၇၄-၁၉၈၄)**

**အထက်တန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း) (လက်ယက်မ)**

**အသက်(၉၁)နှစ်**

မလှိုင်မြို့၊ (၁၀)ရပ်ကွက်နေ ဆရာမကြီး ဒေါ်တင်ညွန့်၏ ခင်ပွန်း၊ ဦးကျော်ဇင်ဝင်း - ဒေါ်မြင့်မြင့်စန်း၊ ဦးခင် မောင်ဝင်း - ဒေါ်စန္ဒာကို၊ ဦးနေဝင်း (ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန) -ဒေါ်ညိုညိုဝင်း၊ ဦးလှမင်း-ဒေါ်တင်သန်းဝင်းတို့၏ ချစ်လှစွာသော မွေးသဖခင်၊ မြေး ၁၀ယောက် တို့၏ အဘိုးသည် ၂၂-၄-၂၀၂၂ (သောကြာနေ့) နံနက် ၈:၂၀ နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွား ပါသဖြင့် ၂၃-၄-၂၀၂၂(စနေနေ့) ညနေ ၃နာရီတွင် မလှိုင်မြို့ ကြာကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြခိုင် (Ruby Khaing)

**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပြည်ထောင်စုလမ်းသွယ်၊ ခြံအမှတ် (၁၅/က)နေ (ဦးချစ်ခိုင်-ဒေါ်မမကြီး)တို့၏သမီး၊ [ဦးပိန်းအောင် (George)]၏ ချစ်လှစွာသောဇနီး၊ (ဦးဆက်ခိုင်-ဒေါ်ခင်ခင်စု)၊ (ဦးစောဆိုင်မိုင်း-ဒေါ်မိမိခိုင်)တို့၏ညီမ၊ (ဦးဆန်းချို-ဒေါ်နှင်းခိုင်)၊ (ဦးတင်မောင်သန်း-ဒေါက်တာဒေါ်မြတ်ကြည်သန်း)တို့၏ အစ်မ၊ ဦးထွန်းလှအောင်-ဒေါ်စန်းစန်းမြင့် (Rowena)၊ ဒေါ်စန်းသီတာ-David Harr ၊ (ဦးဖေသက်ညွန့်)-ဒေါ်နွယ်နွယ်ဌေးတို့၏ ချစ်လှစွာသော မိခင်၊ Adrienne Thanda Davis-Hunter Davis၊ Lynn Thiri Harr ၊ Amanda Khaing Thazin Nyunt တို့၏ အဘွားသည် ၂၂-၄-၂၀၂၂ ရက် နံနက် ၇:၁၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားညှိုးငယ်စွာ အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ခင်ထား

**B.A,DS,RL**

**တရားလွှတ်တော်ရှေ့နေ**

**အသက်(၉၇)နှစ်**

ရန်ကင်းမြို့နယ်၊ တိုက်(၁၂၁)၊ အခန်း(၄)နေ အငြိမ်းစားစက်ရှင်တရားသူကြီးနှင့် စစ်တရားရုံးခုံရုံးများ ဥက္ကဋ္ဌ(ငြိမ်း)(ဗိုလ်မှူးလှမောင်-ဒေါ်လေးမေ)တို့သမီး၊ (ပါမောက္ခ Dr.ခင်မောင်ကြီး-ဒေါ်ခင်မွေး)၊ (ဦးခင်မောင်ညွန့်-Dr.ဒေါ်မြစိန်)၊ (ဗိုလ်ကြီးမင်းဒင်-ဒေါ်ခင်ခင်ကြီး)၊ (ဦးအေးသိန်း)-ဒေါ်ခင်ရီ၊ (ဒေါ်ခင်အေးမြင့်)၊ ဦးတင်သိန်း-ဒေါ်ခင်လေးရီ၊ (ဒေါ်နွဲ့နွဲ့ခိုင်)၊ (ဒေါ်ခင်အေးမြင့်)၊ (ဦးခင်မောင်ထွေး)တို့၏အစ်မ/ညီမ၊ ဒေါ်ခင်သက်နှင်း၏ ကျေးကျေးဖူးရှင်မိခင်ကြီးသည် ၂၂-၄-၂၀၂၂ (သောကြာနေ့) နံနက် ၇:၃၀နာရီ တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၂(အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲရခြင်း

## ဦးသိန်းထွန်း

**ဥက္ကဋ္ဌ၊ (Myanma Golden Star Co.,Ltd.)**

**ဥက္ကဋ္ဌ၊ (Tun Commercial Bank Ltd.)**

**ဥက္ကဋ္ဌ၊ (Myanmar Consolidated Media Co.,Ltd.)**

## အသက်(၈၆)နှစ်

MICT Park စတင်တည်ထောင်စဉ်က ကူညီပံ့ပိုးခဲ့သည့် အစုရှယ်ယာရှင် ဦးသိန်းထွန်း (ဥက္ကဋ္ဌ)၊ (Myanma Golden Star Co.,Ltd.), (ဥက္ကဋ္ဌ)၊ (Tun Commercial Bank Ltd.), (ဥက္ကဋ္ဌ)၊ (Myanmar Consolidated Media Co.,Ltd.) အသက်(၈၆)နှစ်သည် ၁၈-၄-၂၀၂၂(တနင်္လာနေ့) နံနက် ၁:၁၀နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ဘာမွန်ဂရက်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ**
**Myanmar ICT Development Corp.,Public Co.,Ltd.**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်နွဲ့နွဲ့ဝင်း**

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၁၀၇၊ ၁၀၈၊ ၁၀၉)၊ မြလမ်းသွယ်(၁)၊ ရတနာအိမ်ရာနေ (ဦးလှတင်-ဒေါ်ကြည်ကြည်သန့်)တို့၏ သမီးလတ်၊ (ဦးအေးငွေ-ဒေါ်ဖြူဖြူ)တို့၏ သမီးချွေးမ၊ ဦးဦးဇွန်း (ဦးဆောင်ညွှန်ကြားရေးမှူး -ငြိမ်း၊စက်မှု-၂၊အငြိမ်းစားဒုတိယဗိုလ်မှူးကြီး)၏ ချစ်လှစွာသောဇနီး၊ ကိုဇော်လေးလှိုင်-မတင်ဇာဦးဇွန်း၊ James Waranham- မမေသူဦးဇွန်း၊ ကိုစံမင်းကျော်-မဖူးငုံဦးဇွန်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဖိုးကျက်သရေ၊ စုရတီအောင်၊ မြတ်လေးနွယ်တို့၏ချစ်လှစွာသော အဘွားသည် ၂၁-၄-၂၀၂၂(ကြာသပတေးနေ့) ည ၇:၅၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၂၂ (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၁/ပုဗ္ဗသီရိမြောက်ရပ်သုခဒီပ ရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅) ဧကရှိ မြေကွက်အမှတ်(ပ-၃၃၀၃၈)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးဝင်းငွေ [၁၃/ကလန(နိုင်)၀၀၈၈၅၇] အဖအမည်ဦးဘိုမှ မြေချပါမစ်(စလစ်) မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက် မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက် မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၃၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ် (စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသိန်းထွန်း**

**နာယက၊ (Health Care Volunteer Group)**

**အသက်(၈၆)နှစ်**

ကျန်းမာရေးစောင့်ရှောက်မှု စေတနာလုပ်အားရှင်အဖွဲ့ Health Care Volunteer Group မှ နာယကဖြစ်သူ ဦးသိန်းထွန်း Tun Commercial Bank ဥက္ကဋ္ဌသည် ၁၈-၄-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ**
**Health Care Volunteer Group, MMA**

---

## သွေးသည် အသက်

---

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နီနီ JMTS Trading School ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူ JMTS Trading School အား ယခင်အမှတ်(၂၉၁)၊ ရာဇဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်တွင် ဖွင့်လှစ်ထားခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဖွင့်လှစ်ထားသည့်ကျောင်းသို့ ဒေါ်ထူးအိန္ဒြာဝေ(ခ)လင်းလက်မှ ရောက်ရှိလာပြီး နိုင်ငံရပ်ခြားသို့ပေးပို့ရန် စည်းရုံးသိမ်းသွင်းကာ ကျွန်ုပ်မိတ်ဆွေ၏ ကျောင်းရှိ ကျောင်းသား/ကျောင်းသူ အယောက်(၁၀၀)၏ Passport စာအုပ်များနှင့် ငွေများကိုလိမ်လည်ရယူသွားခဲ့သောကြောင့် ကျွန်ုပ်မိတ်ဆွေမှ ဒေါ်ထူးအိန္ဒြာဝေ (ခ) လင်းလက်(ဝေယံထူးကုမ္ပဏီလီမိတက်)အား ကျွန်ုပ်မိတ်ဆွေမှ ကျောင်းသား/ကျောင်းသူများကိုယ်စား တောင်ဥက္ကလာပမြို့နယ် တရားရုံးတော်၌ ရာဇသတ်ကြီး ဥပဒေပုဒ်မ(၄၂၀)၊ ရာဇဝတ်ကြီးမှုအမှတ်(၇၀/၂၀၂၂)ဖြင့် တရားစွဲဆိုထားလျက်ရှိပါသည်။ ဝေယံထူးကုမ္ပဏီပိုင်ရှင် ဒေါ်ထူးအိန္ဒြာဝေ(ခ) လင်းလက်မှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်ထားလျက်ရှိပါသည်။

ယခုအခါ ဒေါ်ထူးအိန္ဒြာဝေ(ခ) လင်းလက်၏ လိမ်လည်ပြုလုပ်မှုများအား သိရှိနေပါလျက်နှင့် ကျွန်ုပ်မိတ်ဆွေဒေါ်နီနီ၏အမည်နှင့် ၎င်းတည်ထောင်ထားသော JMTS Trading School ၏ အမည်အား နာမည်ပျက်စေရန်အကြံဖြင့် အများပြည်သူဆိုင်ရာ လူမှုကွန်ရက်ပေါ်တွင်လည်းကောင်း၊ လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်း၌လည်းကောင်း၊ ကျောင်းသူ/ကျောင်းသားများ၏ ပတ်ဝန်းကျင်၌လည်းကောင်း ကျွန်ုပ်မိတ်ဆွေနာမည်ပျက်စေရန် မဟုတ်မမှန် စည်းရုံးပြောဆိုလှုံ့ဆော်နေသူများရှိပါသည်။ သို့ပါသောကြောင့် JMTS Trading School ၏ ဒါရိုက်တာတစ်ဦးဖြစ်သူ ဒေါ်နီနီအား လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်လည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်းများကြားတွင်လည်းကောင်း၊ ကျောင်းသူ/ကျောင်းသား ပတ်ဝန်းကျင်၌လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာတွင်လည်းကောင်း၊ Messengerတွင်လည်းကောင်း၊ Facebook စာမျက်နှာတွင်လည်းကောင်း၊ Viber တွင် ရေးသားပြောဆိုခြင်း၊ မဟုတ်မမှန်စာသားများ ရေးသားပေးပို့ခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ အရှက်သိက္ခာနှင့် ဂုဏ်သိက္ခာကျဆင်းအောင် ပြောဆိုခြင်းများ ပြုလုပ်ပါက ရာဇဝတ်ကြောင်းအရလည်းကောင်း၊ ဆက်သွယ်ရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဝေယံထူးကုမ္ပဏီပိုင်ရှင် ဒေါ်ထူးအိန္ဒြာဝေ(ခ)လင်းလက်အား လက်ခံထားသူများကိုလည်း ဥပဒေအရပင် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်နီနီ**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာအောင်(ကနောင်)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၈၂၅၁)**
**ဖုန်း-၀၉- ၂၅၆၂၉၆၉၅၉**
**ဒေါ်ဇင်မာဦး**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၇၇၀)**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၁-ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-၁၈၂/၁၉၄၊ နှင်းဆီကွန်ဒိုဟုခေါ်တွင်သည့် (၆)ခန်းတွဲ (၈)ထပ်တိုက် အဆောက်အဦမှ (၂၃ပေx၅၈ပေ)၊ (၁၃၃၄) စတုရန်းပေ အကျယ်အဝန်းရှိ အခန်းအမှတ်-၁/F၊ မြေညီထပ်တိုက်ခန်းနှင့် ရေ/မီး အပါအဝင်တွယ်ကပ် တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆိုင်၊ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ မိမိလက်ဝယ်ထားပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းမြင့် [၁၃/နခန(ဧည့်)၀၀၀၀၁၇] က ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍(၁၄) ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း(အောက်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၅၄၆၂၄၀၊ ၀၉-၇၉၉၅၉၅၅၀၅**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တပ်ကုန်းမြို့နယ်၊ ထန်းတောကြီးအုပ်စု၊ ထန်းတောကြီးကျေးရွာနေ ဦးအောင်ရှင် [၉/တကန(နိုင်)၀၃၄၁၉၄]နှင့် ဒေါ်ရီမြင့် [၉/တကန(နိုင်)၀၂၅၁၃၄]တို့၏ သား၊ ရှမ်းကြီး (ခ) မောင်မင်းခန့်အောင်သည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ဆိုဆုံးမမှုကိုမနာခံသဖြင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ရှင်-ဒေါ်ရီမြင့်**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---


## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- အိမ်အတွင်းနှင့် ခြံဝင်းအတွင်း ရေပိုက်မလုံမှု၊ ရေဘုံဘိုင် ရေစိမ့်မှု တို့ကို ပြုပြင်ပါ။
- ရေယိုစိမ့်မှုကြောင့် ရေတင်ချိန်ပိုများလေ မီတာခ ပိုကုန်ကျမှု ဖြစ်စေပါမည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီ့တပ်မတော်ဟာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ တစ်ခုတည်းသောတပ်မတော်ဖြစ်တဲ့အတွက် ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးရမှာဖြစ်တဲ့အပြင် ပြည်သူတွေရဲ့နေ့စဉ်လူမှုဘဝ လုံခြုံရေးကိုလည်း ဘက်ပေါင်းစုံက တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရမှာဖြစ်တယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ရတနာပုံဥယျာဉ်အတွင်း အများပြည်သူ လာရောက်အပန်းဖြေအနားယူနိုင်

**မန္တလေး မေ ၂၂**

မန္တလေးနန်းမြို့ရိုးအရှေ့ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်းတို့တွင် တည်ဆောက်ပြီးဖြစ်သည့် ရတနာပုံဥယျာဉ်အတွင်း နေ့စဉ် အများပြည်သူ လာရောက်အပန်းဖြေအနားယူနိုင်ရန် မေ ၁၃ ရက်တွင် ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

**ဖွင့်လှစ်ပေးထား**

ပြည်သူများ နေ့စဉ်လာရောက်အပန်းဖြေခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းများ ဆောင်ရွက်နိုင်ရန် နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၇ နာရီအထိ ဖွင့်လှစ်ပေးထားမည်ဖြစ်သည်။ ရတနာပုံဥယျာဉ်အတွင်းသို့(၂၆ လမ်းနှင့် ၇၃ လမ်း)၊ ကျော်မိုးတံခါး မင်္ဂလာတံတားဝင်ပေါက်၊ (၆၆ လမ်းနှင့် ၁၉ လမ်း)ဦးထိပ်တံခါးဝင်ပေါက်နှင့် (လမ်း ၈၀ နှင့် ၂၂ လမ်း) ကြေးမုံတံခါးဝင်ပေါက်များမှ အခမဲ့ဝင်ရောက်နိုင်သည်။

ရတနာပုံဥယျာဉ်အတွင်း လူလျှောက်လမ်းများ၊ ပေ ၃၀ အကျယ် နိုင်လွန်ကတ္တရာလမ်း၊ ၂ ဒသမ ၆၄ မိုင် အရှည်အား အမြန်လျှောက်လမ်း၊ ပြေးလမ်းများအဖြစ် အသုံးပြုနိုင်ပြီး ၁၀ ပေ အကျယ် မြက်ခင်းနှစ်ခုအကြားတွင် စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❂



ရတနာပုံဥယျာဉ်အတွင်း လာရောက်လည်ပတ်ကြသူများကို တွေ့ရစဉ်။

# ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်း ဒုတိယကျောင်းအုပ်ဆရာကြီးကို PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာလုပ်ကြံသတ်ဖြတ်

**နေပြည်တော် မေ ၂၂**

အနာဂတ်လူငယ်၊ လူရွယ်များ ပညာရည်မြင့်မားရေးအတွက် စာသင်ကျောင်းများဖွင့်လှစ်၍ စာပေသင်ကြားပေးလျက်ရှိသည်ကို လိုလားမှုမရှိသည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများက ပညာရေးဆိုင်ရာ ရုံးဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် လူငယ်၊ လူရွယ်များအား နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပြသပေးလျက်ရှိသည့် ဆရာ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်းများနှင့် လုပ်ကြံပစ်ခတ်သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။ စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❒




## ဘာစီလိုနာအသင်းက ရီးယဲလ်ဆိုစီဒက်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရ

ရီးယဲလ်ဆိုစီဒက်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ မေ ၂၂ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်(၃၃)မှာ ဧည့်သည်အဖြစ်လာရောက်ကစားခဲ့ရတဲ့ ဘာစီလိုနာအသင်းက အိမ်ရှင် ရီးယဲလ်ဆိုစီဒက်အသင်းကို တိုက်စစ်မှူး အူဘာမီယန်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါအမှတ်ပေးဇယားဒုတိယနေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

**မွေခံထိုက်စေ ယဉ်ကျေးမှုအမွေ**
ဆောင်းပါး စာမျက်နှာ » ၁၆

**ပုတီးတစ်ကုံးနှင့် ချိန်းကြိုးတစ်ခု**
ဝတ္ထုတို စာမျက်နှာ » ၁၉

**လေ့လာစရာ အင်္ဂလိပ်စာ**
စာမျက်နှာ » ၂၀၊ ၂၁

**ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာယူ-၂၂ အသင်း ပဏာမကစားသမား ၂၉ ဦးဖြင့် ပြင်ဆင်နေ**
စာမျက်နှာ » ၂၃